ကျော်ဝေဖြိုးစာအုပ်

# ဝဋ်မြတ်

## တဲကုတ် ရွှေနန်းတော်



ဦးဏှ

ရေး

- Kyaw Wai Phyoe Aung (T.D)

civil

အစွဲပြုတ်

တဲကုတ်ရွှေနန်းတော်

အုပ်ရေ-၃၀၀၀
မေလ ၁၊ ၁၉၆၃ (အလုပ်သမားနေ့)

နတ်မှိတော်ရ-ချင်သာသန အတွက်
အစ်ထည် အမှတ် ၃/၆၃။

မှတ်ပုံအမှတ်
ပုံနှိပ်သူ- ဝ၄၄၇၊ ထုတ်ဝေသူ ဝ၅ဝ၉။

မြန်မာ့ဗျူဟာ စာပုံနှိပ်တိုက်
၁၂-နှင်းပန်းလမ်း၊ ရေကျော်၊ ရန်ကုန်။

"လူသလူဖြစ်"-လူသောလူဖြစ် အသံကို ကြားလိုက်လျှင်၊ ရှင်းတို့အတို့ ဝေသာလိပြည်အတွင်း ဘိလူးခင်သည် ဆိုသတဲ့သို ပစ္စက္က လောကလူသားတို့ အလယ်တွင် ကြက်ဒီကြက်စီနှင့်၊ တဲနက် ရှုဆုပ်ညည်ဖြစ်၍ ကုန်ကြသည်။ ပညီးချင်း တင်းအဝေးဖြင့် ဆိုဘိမှုလည်း၊ ဘို ၅၅၀၀ အားနှိုသည် လူဝိစစ်ခေါင်းကြီးကို တိုင်တွယ်လိုက်ဘီသကဲ့သို့ အနကြာသွေ့၍ ဘိုးဘုံးလဲကာ သေဆုံးကြရတော့တော် တုန်လှုပ် ချောက်ခြားကြကုန်သည်။

လူသောလူဖြစ်ဟူသော အသုံးကိုသုံးလျှင် နှာခေါင်းရှုံ့ကြကုန်သည်၊ အချို့ပြင်းထန်သူများက၊ လူသလူမဖြစ်လျှင်၊ ခွေးဖြစ်လေသလားဟု မေးကြသူကမရှား၊ အချို့ကလည်း၊လူလိုကျင့်၍ လူလိုနေလျှင် လူပြန်ဖြစ်နိုင်သည်ဟူသော အဖြေမျိုးဖြင့် တေးတောထောင်မြင်သုံးသင်ကြသည်၊ အချို့ကမူ လူသလျှင်လူပြန်ဖြစ်သည်ဟုသာဆိုခဲ့လျှင်၊ ကုသိုလ်မှု အကုသိုလ်မှုတွေကို ရှုရိုက်စရာမလို၊ ကုသိုလ်လည်း လုပ်စရာမလို၊ အကုသိုလ်မှုကိုလည်း ကြောက်စရာမလိုတော့သဖြင့် နိယတဝါဒ ဒိဋ္ဌိ အယူသာ ဖြစ်သည်ဟု ဆိုကြပြန်သည်။

သိသော်တာခုတော့ပြပါသည်၊ ထိုသို့ ထိသိုလျှင် အမျိုးမျိုးကားဖြင့် ကြောက်လန့် တုန်လှုပ်နေကြသူများကိုရှင်း ကိုယ်.

ရပ်တည်ရာ အရပ်မှနေ၍ ကိုယ့်အမြင်နှင့်ကိုယ်၊ ဆင်ခြင်သုံးသပ် ဆုံးဖြတ်ချက်ချမှတ်ထားသူများကိုရင်း၊ တစုံတခုသော မေးခွန်း ကို မေးလိုက်ပြီးသော်၊ အားလုံးဟု မဆိုနိုင်လင့်ကစား ရာနိုင် နှုန်း အများစုသည် အခက်နှင့်တွေ့ကြရမည်။

ထိုတစုံတခုသော မေးခွန်းကား အခြားမဟုတ်၊ "တောင် တွင်းကြီး ဆရာတော် အသျှင်ဥက္ကဋ္ဌရေးသည့် လူသေလူဖြစ် စာအုပ်ကို သင်ဖတ်ဘူးပါသလော" ဟူသော မေးခွန်းပင်ဖြစ်၏။ ဤသို့ မေးသောလျှင်၊ အမေးခံရသူတိုင်းသည် "ဟင့်-အင်း" ဟူသော အဖြေမှလွဲ၍ တစုံတရာ ထွက်လာဘွယ်ရာမရှိပေ။

ဤသို့ ဆိုလျှင် ထိုကြောက်လန့် တုန်လှုပ်နေသူတို့ အတွက်တွင် ရင်း၊ ကိုယ့်ရပ်တည်ရာအရပ်မှ ကိုယ့်ထင်မြင်ချက်အမျိုးမျိုးနှင့် သုံးသပ်ဝေဘန် ဆုံးဖြတ် လက်ခံထားသူများ အတွက်တွင်ရင်း၊ အမှန်တရားနှင့် ချဉ်းကပ်နိုင်မည်၊ မချဉ်းကပ်နိုင်မည်ကို လွယ် ကူစွာ အကဲခပ်သိမြင်နိုင်ပေတော့သည်။

ပြဿနာတခုကို အဆုံးအဖြတ်ပြုရာ၌ရင်း၊ ထင်မြင်ချက်ပေး ရာ၌ရင်း၊ ဝေဘန်ချက်ပြုရာ၌ရင်း၊ မိမိကိုယ်တိုင်က ထိုပြဿနာ၏ အကြောင်းရင်းရာကို တစုံတရာမသိပါဘဲလျက်၊ မျက်ကန်းပမာ ထင်ရာမြင်ရာ သုံးသပ်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသည်၊ အမှန် တရား ရှာဖွေသူတို့အတွက်၊ သို့မဟုတ်၊ တည်ဆောက် သူတို့ အတွက်၊ သို့မဟုတ်၊ ထိုအမှန်တရားအတွက် ကြီးစွာသော အန္တ ရာယ်ဖြစ်၍ နေသည်မှာ အထင်အရှားပင် မဟုတ်ပါလေလော။

ကျနော်အနေနှင့် ဆရာတော် အသျှင် ဥက္ကဋ္ဌ ရေးသားပြုစု သော လူသေလူဖြစ်ကျမ်းကို လက်ရေးစာမူ အစကပင် အကြိမ်



များစွာ ဖတ်ရှု လေ့လာဘူးပါသည်၊ ဆရာတော်သည် သူ၏ လူသေလူဖြစ်ကျမ်းကို ရေးသားပြုစုပြီး၊ စာမူ များများကာ ဆရာတော်ကြီးများထံသို့ရင်း၊ လေ့လာတတ်စွမ်းသူ ပုဂ္ဂိုလ်များ ထံသို့ရင်း ပေးပို့ကာ ဝေဘန်ချက်များ ထင်မြင်ချက်များ တောင်းခဲ့သည်ကို မသွေကပင် သိရှိခဲ့ရပါသည်။

ဤကျမ်းကိုပုံနှိပ်မှုမတိုင်သေးမီကပင် ဖတ်ရှုကြရကုန်သော ဆရာတော်ကြီးများနှင့်ရင်း၊ သုတေသီ ပညာရှင်များ အနေနှင့် ရင်း တစုံတရာသော လက်မခံပြင်းပယ်စရာ အကြောင်းများ မပေါ်ပေါက်သည်မှာ အထင်အရှားဖြစ်ခဲ့ပါသည်။

- အချို့ ဆရာတော်ကြီးများက မှန်သည် ကောင်းသည်၊ သို့ သော် အများစုက အမှားလမ်းစဉ်ကြီးကို ကိုးနှင့်အားနှင့် လက်ခံ ကျင့်သုံးကာ၊ ထိုအမှားလမ်းစဉ်ကြီးများကိုပင် အမှန်ဟု ထင် မြင် သတ်မှတ် ထားရှိနေခဲ့ပြီကာဖြင့် တဖြည်းဖြည်းချင်းသာ ပြုပြင်လုပ်ဆောင် သွားသင့်သည်၊ ရုတ်တရက် ထိုပြဿနာကို ထင်ခြင်းဖြင့် မလွယ်ကူနိုင်၊ တနည်းအားဖြင့်ဆိုသော်၊ မှန်တော့ မှန်သည်။ သို့သော် စောပါသေးသည်ဟု ဆိုကြသည်။

အချို့ကလည်း၊ လူသေလူဖြစ်ဟူသော အမည်ထက် လူသေ လူဖြစ်လမ်းညွှန်ဟူသော စကားတလုံး ဖြည့်စွက်ပေးရန် ပြောဆို ကြသည်။ အချို့ကမူ ဤလူသေလူဖြစ်ကျမ်းတွင် ယနေ့ အမှား ကို အမှန်ဟု ထင်မြင် လက်ခံထားသော မြန်မာ့ ဝါဒ-ဘာဝါဒ စုံနှင့်ယှဉ်သည့် ဗုဒ္ဓဘာသာများအား၊ ခပ်စပ်စပ်ကလေး ရိုက်၍ နိုးထားခြင်းဖြစ်သဖြင့် ဆူဆူပူပူဖြစ်ကာ ပြဿနာများ ရှုပ်ထွေး ပြီး အမှန်တရားတည်ဆောက်မှုတွင် နှောင့်နှေး ကြန့်ကြာသွား မည်ဟု မိန့်ဟကြကုန်သည်။

ဤသို့အားဖြင့် ဆရာတော် အသျှင် ဥက္ကဋ္ဌသည်၊ ဤလူသေလူဖြစ်ကျမ်းကို ရေးသားပြုစုပြီး နှစ်ပေါင်းလေး ကြာမြင့်စွာပင် အချိန်ယူ၍ သုတေသီအများထံမှ အကြံဥာဏ်များ ယူခဲ့လေသည်။

လူသေလူဖြစ်ကျမ်း၊ စာမူ ကျနော်၏လက်ထဲသို့ရောက်သည်မှာ ၁၉၅၆–ခုနှစ်ဦးပိုင်းမှ ဖြစ်သည်၊ ကျနော်ကလည်း ထပ်ပြန်တလဲလဲ ဖတ်ရှုလေ့လာပြီး၊ သဘောကျ လက်ခံထားသည်။ ဆရာတော်ဘုရားက ကျနော်အား ရိုက်နှိပ် ထုတ်ဝေဖြန့်ချိရန် တာဝန် ပေးသည်။ ကျနော်ကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံထားသည်။

ထိုသည့်အတွင်း၊ အမျိုးမျိုးသော ဆရာတော်ကြီးများ၊ သုတေသီပုဂ္ဂိုလ်များ၊ထံမှ စောဒသေးသည့် အချိန်မကျသေးဘူး ဆိုသော သဘောထားများ ရိုက်ခတ်မှုကြောင့်၊ ကျနော်အား ဆရာတော်က "နေအုံးကွာ–ရိုက်တော့ကွာ၊ နေအုံးကွာ" နှင့် မတင်မကျဖြစ်ကာ ၂ နှစ်ကျော် သုံးနှစ်မျှ ကြာညောင်း ခဲ့ရသည်။

၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျနော် အဖမ်းခံရပြီး၊ ကိုကိုးကျွန်းသို့ ပို့ခဲ့ရသည်။ အဖမ်းခံရသည်ကိုလည်း ဝမ်းမနည်း၊ ကိုကိုးကျွန်း ရောက်ရသည်ကိုလည်း စိတ်မထိခိုက်၊ ကျနော့်အဖို့ ထိုလူသေလူဖြစ်ကျမ်းကို ရိုက်နှိပ်ထုတ်ဝေရသော အခွင့်အရေးမှ လက်လွတ်သွားခြင်းသာလျှင် များစွာ ထိခိုက်လှသည်။ အဘယ်ကြောင့်ဆိုသော် ကျနော် အဖမ်းခံရစဉ်အတွင်း ဆရာတော်သည် ဤကျမ်းကိုရိုက်နှိပ်ထုတ်ဝေရန်အဆုံး



အဖြတ်ပြုပြီး ရိုက်နှိပ် ထုတ်ဝေ ဖြန့်ချိလိုက်သောကြောင့် ဖြစ်သည်။

ထိုစာအုပ်ထွက်လာချိန်မှစ၍ ကျနော်တင်ပြခဲ့သလို ဝေသာလီပြည်ထဲ ဘီလူးဝင်သည့်ပမာ ဆူညံပွက်လောရိုက်၍နေတော့သည်။ ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက် ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဓမ္မန္တရာယ်စစ်မျက်နှာဖွင့်စဉ်နှင့်ကြုံကြိုက်ကာ ဆရာတော်အား ဤကျမ်းစာအုပ်ကို အကြောင်းပြု၍ ကွန်မြူနစ်ဟူသော မျက်နှာဖုံး စွပ်ပေးခြင်းဖြင့်၎င်း၊ ဓမ္မန္တရာယ်ဟူသော အရေကို ခြုံလွှမ်းပေးခြင်းဖြင့်၎င်း၊ ထိုမည်သော ကပ်သဘောကြီးတွင် မျောချခြင်း ခံလိုက်ရတော့သည်။

ဤကျမ်းစာအုပ်ကို အကြောင်းပြု၍ ဆရာတော်အား အိမ်စောင့်အစိုးရလက်ထက်တွင် ဖမ်းဆီး၍ လပေါင်းများစွာ ချုပ်နှောင်ထားပြီး၊ နောက်ပိုင်းတွင် ပုဒ်မ ၅–ဂ(၁) အရေးပေါ်ထုတ်ပြန်ချက်ဥပဒေဖြင့် တရားစွဲဆိုခြင်းခံခဲ့ရလေသည်။ နောက်ပိုင်းတွင် အာမခံဖြင့် အပြင်သို့ ပြန်ထွက်ခဲ့ရပြီး၊ တရားရုံးတွင် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသည်။ စွဲချက်တင်သူတို့ဘက်မှ သက်သေမြောက်မြားစွာလည်း ထွက်ဆိုခဲ့ကြသည်၊ သို့သော် အမှုမှာ တရားသူကြီး ၄ ဦး ပြောင်းသည့်တိုင် အစိုးရသုံးခေတ်ပြောင်းသည့်တိုင် မပြီးပြတ်နိုင်ဘဲ၊ အဆုံးတွင် လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်နှင့် နိဂုံးချုပ်သွားသဖြင့် သောင်မတင် ရေမကျ ဖြစ်ခဲ့ရတော့သည်။

တဘက်တွင်လည်း၊ ဆရာတော်သည် Scholer ခေါ် သုတေသီပုဂ္ဂိုလ်တဦးဖြစ်သဖြင့်၎င်း၊ သာသနာ့ပြု ပုဂ္ဂိုလ်တဦး

ဖြစ်သဖြင့်ရင်း၊ အမြဲတစေ ဟောနေ ပြောနေ လုပ်နေ ကိုင်နေမှ ဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း ထောင်မှ ထွက်ရှိန်မှစ၍ အမြဲတစေ ကျမ်းများ ပြုစုရေးသား ထုတ်ဝေသည်၊ အမြဲတစေ မိမိရှာဖွေသုတေသနပြု၍ရချက်များကို ဟောပြော လမ်းညွှန်၍ နေသည်။

ဤတွင် ပြဿနာများပို၍ပို၍ဆင့်ပွါးလာသည်၊ ဆရာတော်၏ ပြုစုသော ကျမ်းများကို ဘတ်ရှုလေ့လာလိုက်စားသူ အများအပြား ပေါ်ထွက်လာပြီး၊ လက်ခံသူ အများအပြားသည်ရှင်း၊ ပေါ်ထွက်လာသကဲ့သို့၊ လက်မခံသူ ဆန့်ကျင်သူ တိုက်ဖျက်သူများသည်လည်း အများအပြား ပေါ်ထွက်၍ လာလေတော့သည်။ အချို့ကမူ ဆရာတော်ရေးသားပြုစုသောစာအုပ်များကို ဘတ်ရှုလေ့လာရန် ဝိတ်ပင် တားမြစ်ကြသည်၊ တရားပွဲများကို မနာကြားရန် ဆော်ဩကြသည်၊ တရားတော်၏ တရားပွဲများကို ယံ့ဒုတ်နှင့်ဝိုင်း၊ ခဲနှင့်ပေါက်၊ လူစု၍အော်၊ ဆန္ဒပြ၍ တိုက်ပွဲဝင်ကာ ဟန့်တားကြသည်။

ဆရာတော်၏ ပင်မဒါယကာဒါယိကာမ အပေါင်းတို့သည် ဤသို့ တိုင်းနှင့်အလွန် ပြည်နှင့်အဝှန်း၊ ဆူပူညံ့ညံ လှုပ်လှုပ် ရွှားရွှားဖြစ်၍ နေသည်များကို သိမြင်ကြရာ၊ စိတ်နှလုံး အထူး ချမ်းမြေ့ဖြစ်ကြသည်။ ထို့ကြောင့်လည်း ကြံဖန်ရှားစွာ ဆရာတော်အား အေးချမ်းစွာဖြင့် တောင်တွင်းကြီး နယ်မိုတောရတွင် မိမိ၏ဒါယကာရင်းဒါယိကာမရင်းများကိုသာ တရားဓမ္မဟောပြနေရန် တောင်းဆိုလျှောက်ထားကြသည်။

သို့သော်လည်း ခေတ်မှာ အခတော်ခက်သည့်ခေတ်ဖြစ်သည်၊ ထိုခက်သည့်ခေတ်ထဲမှ လူသားတို့သည် ပို၍ပင် ခက်လှသည်။



ခေတ်သည် အယူဝါဒဟောင်းများ ချုပ်ငြိမ်း၍ အယူအဆ သစ်များ ထွန်းကားတိုးတက်နေသော ခေတ်ဖြစ်သည်၊ ထိုခေတ်ထဲမှ ခက်သော လူသားတို့သည် အယူဝါဒဟောင်း၊ အမှားအယွင်းများ (ဝါ) ဝါဒပြောတာဟုတ်သည်၊ စာအုပ်ထဲပါလို့မှန်သည်၊ ရှေးလူကြီးတွေက ဒီလိုဘဲပြောလို့ လိုက်လုပ်ရသည်၊ ငါ့ဆရာမိန့်မှာထားလို့ သွေးထွက်အောင်မှန်သည်။ ငါ့အယူသာ မှန်သည် စသော ကိုယ့်ဘက်က ယုံကြည်ချက်ကိုအကောင်း၊ သူတပါး ယုံကြည်ချက်ကို အမှားလုပ်ကာ၊ ဦးရာလူက မိစ္ဆာဒိဋ္ဌိလုပ်တန်း ကစားနေသော ဖြစ်ရပ်များကို လက်မခံတော့သော အဖြစ်တို့သည် ပွါးများ၍လာနေသည်၊ အမြင်မှန် အသိမှန်နှင့် မိမိ ကိုယ်တိုင် ထိတွေ့လေ့လာ ဆန်းစစ်သုံးသပ်ကြည့်ပြီးမှ လက်ခံလိုသော လူသားတို့ တိုးပွါးလာနေသည်။

ဤတွင် အယူဝါဒဟောင်းနှင့်အယူဝါဒသစ်သည် ထိပ်တိုက်လာ၍ တွေ့ရတော့သည်။ အရေအတွက်အားဖြင့် (ဝါ) အိုနှင့် အင်နှင့် ပဋိပက္ခမှုကြီးများ အဖြစ် ရောက်ရလေသည်။ လောကနိယာမအရ အယူဝါဒဟောင်း တရပ်သည်၊ သို့မဟုတ် စံနစ်ဟောင်းတရပ်၏နေရာတွင် မှန်ကန်တိုးတက်သောအယူဝါဒသစ်တရပ်ကအစားထိုးဝင်ရောက်လာလျှင်၊ ထိုအယူဝါဒဟောင်းကို ကိုင်တွယ်ထားရှိသူတို့သည် မိမိတို့အယူဝါဒဟောင်းကြီး ဆက်လက်တည်မြဲရေးအတွက် သေခါနီး သတ္တဝါတခုသည် အစွမ်းကုန် ခုခံကာကွယ်တတ်သည့်ပမာ ရှိသမျှအားအင်ဖြင့် တရားသော နည်းနှင့်ဖြစ်စေ၊ မတရားသောနည်းနှင့်ဖြစ်စေ ခုခံတတ်လေသည်၊ ယခုလည်း ဤအတိုင်းပင် ဖြစ်ရသည်၊

တကြိမ်က ကျနော်၏ဇနီးသည်-သည်၊ ဆရာတော်အားဖူးမျှော်ရင်း၊ ဤသို့ကတော့မှ အကြမ်းဖက်ဆန့်ကျင်မှုများ ပြဿနာကို လျှောက်ထားတုန်းရာ၊ ဆရာတော်က "ငါက ငါ့လမ်း ငါသွားတဲ့နေရာမှာ ခလုတ်ကံသင်း မတိုက်မိအောင် မြွေဆိုး ကင်းဆိုးတို့ရန်က လွတ်ကင်းအောင် မီးခွက်ထွန်းပြီး ကိုင်သွားတာပါ၊ ဒီလိုကိုင်သွားတဲ့ နေရာမှာ မှောင်ထဲမှာ မဟုတ်တာလုပ်တဲ့လူတွေက မီးခွက်ကြီးကိုင်လာရမလားလို့ ရန်ပြုလာတာကိုတော့၊ ငါလဲမတတ်နိုင်ဘူး။ ဒီလိုခလုတ်ကံသင်း အတိုက်မခံချင်တဲ့ လူတွေ မြွေဆိုးကင်းဆိုးရန်က လွတ်ချင်တဲ့သူတွေကလဲ ငါ့မီး ခွက်ကိုမြင်ပြီး သွားတဲ့လမ်းအတိုင်း လိုက်လာကြမှာဘဲ၊ ဒါကိုလဲ ငါကမလိုက်ပါနဲ့လို့ ဘယ်နှယ် လုပ်ပြောရက်ပါ့မလဲ" ဟု ပြန်လည် မိန့်ကြားလိုက်ပါသည်။

တဖန် ကျနော်၏ဇနီးသည်က၊ မကျေနပ်သေးဘဲ "ဘယ်လိုဘဲ ဖြစ်ဖြစ်ပေါ့ဘုရား၊ ဆရာတော် ဘုရားအနေနဲ့ ဒီလို အမှားနဲ့ ငြိပကျွမ်းဖြစ်နေတာကော့၊ တပည့်တော်မတို့အတွက် စိတ်မချမ်းသာပါဘုရား" ဟု လျှောက်ထားရာ ဆရာတော်က "အေး တခုတော့ရှိတယ်၊ နို့ဘုရားရှင်ကြီးဂေါတမဟာ ဘုရားအဖြစ်ကို ရောက်တဲ့အချိန်က သဗ္ဗညုတဉာဏ်ဆိုက်ကိုင်ထားပြီး အနေကဇာတိ သံသာရံ-အရှုံးအကျွမ်းတွေကြားထဲမှာ အကျွမ်းမဟုတ်ဘူးပော့-အနတ္တဆိုတဲ့ ကြွေးကြော်သံကို ဟစ်ကြွေးခဲ့တယ်၊ အဲဒီလို ဟစ်ကြွေးတုန်းကဆိုရင် အကျွမ်းတွေကြားထဲမှာ အနတ္တလို့ပြောပြီး၊ စကြဝဠာတခုလုံးနဲ့ ဆန့်ကျင်ပြီး ထွက်လာခဲ့တာဘဲ၊ နောက်ပိုင်းမှာ သူ့အယူဝါဒ သူ့အဘိဓမ္မာကို လက်ခံသူတွေ



ရှိလာပြန်လို့ လိုက်တော့ပြောညွှန်ပြနေတော့လဲဘဲ ကြောက်ကိုးနဲ့ ပေါက် ဆင်နဲ့ တိုက် မိန်းမနဲ့ ရွှင်ခဲ့ ဝိုင်းဆဲလိုဘဲ လုပ်သေးတာဘဲ ကိစ္စမရှိပါဘူး" ဟု ပြန်လည် မိန့်တော်ကြားလိုက်ဖူးပါသည်။

ဤသို့ဆိုလျှင် ဆရာတော်ဘုရား၏ အခြေအနေနှင့် ပင်ကိုယ်သဘောကိုရင်း၊ လက်ရှိဖြစ်ပျက်နေမှုများကိုရင်း အနည်းငယ် သဘောပေါက်ထင်မြင်နိုင်လောက်ပြီ ဖြစ်ပါသည်။

ဆရာတော်ပြုစုသောလူသေလူဖြစ် အဘိဓမ္မာနှင့် ပတ်သက်၍ တင်ပြရလျှင် ထိုလူသေလူဖြစ် အဘိဓမ္မာကို ဆရာတော် ပြုစု ရေးသားရာ၌ ကျနော်လေ့လာမိသလောက်မှာ ဆရာတော်သည် ဘုရားဟော အဘိဓမ္မာကိုကိုင်၍ ရေးသားသွားခြင်း ဖြစ်သည်ကို တွေ့ရပါသည်။ အနတ္တ လက္ခဏာသုတ်နှင့် ပဋိစ္စ သမုပ္ပါဒ်ကို ပိုင်ပိုင်ကြီး ထောက်ပြသွားခြင်း ဖြစ်ပါသည်။ ဤအဘိဓမ္မာမှာ ဆရာတော်ကိုယ်တိုင်တည်ထွင်သော အဘိဓမ္မာ အထူးအဆန်း မဟုတ်ဘဲ ဗုဒ္ဓ၏အဘိဓမ္မာကို ဆရာတော်က သမ္မာဒိဋ္ဌိ ဉာဏ်သုံးပြီး ထုတ်ဖော်ပြခြင်းသာ ဖြစ်သည်ကို ကျနော် တွေ့ရပါသည်။

ဆရာတော်၏ ပြုစုချက်တွင် ဥပါဒါန ပစ္စယာ ဘဝေါ ဘဝအသစ်တဖန် ဖြစ်ပေါ်မှုကို ချုပ်စေသော ဥပါဒါန် အစွဲ လမ်းစဉ် ပပျောက်ရေးအတွက် အစွမ်းကုန် လမ်းညွှန်ထောက်ပြထားသည်ကို တွေ့ရပါသည်။ ဤတင်ပြချက် အပေါ်တွင် တစုံတဦးသည် ဓမ္မဘောင်အတွင်း ဒေသနာ ဘောင် အတွင်း ဥပဒေအတွင်းတွင် တရားဝင် ညွှန်းချက် ထုတ်ရန် မတတ်စွမ်း နိုင်သည်ကိုလည်း တွေ့ရပါသည်။

ယခုကဲ့သို့ လူသေလူဖြစ် ပြဿနာနှင့် ဆရာတော်ဘုရား၏ အခြေအနေမျက်မှောက်တွင် ဖြစ်ပျက်နေသော ဖြစ်ရပ်များကို တင်ပြနေခြင်းမှာ ဆရာတော်ဘုရား၏အယူဝါဒရေးများ၊ အဘိဓမ္မာရေးများ၊ သုတေသနပြု၍ တင်ပြချက်များနှင့် ပါတ်သက်၍ ညှိမျှလျှင် လေးနက်မြင့်မားသော အဘိဓမ္မာရေး၊အယူဝါဒရေး များအပေါ်တွင် လက်လွှတ်စပယ်ဆုံးဖြတ်ထင်မြင်ချက်များ ပေးအပ်ခြင်းဖြင့် မှန်ကန်သောသစ္စာတရားကို ဖျက်ဆီးနှောက်ယှက် ပစ်မိကြရာကျမည်စိုးသဖြင့် တင်ပြရခြင်းသာ ဖြစ်ပါသည်။

ယခုတဖန် ဆရာတော်ဘုရား၏ လတ်တလောပြုစုတင်ပြလိုက်သော ဤ"အစွဲဖြုတ် တဲကုပ်ရွှေနန်းတော်"အမည်ရှိ အစွဲဖြုတ် ကျမ်းတခုကို ထပ်မံ ထုတ်ဝေ ဖြန့်ချီတင်ပြလိုက်ပြန်ရာ ဆိုအပ်ခဲ့ ပြီးသလို ဆရာတော်ဘုရား၏ အယူဝါဒရေး အဘိဓမ္မာရေး ပြဿနာများကို ဓမ္မမိတ်ဆွေသူတော်သီအပေါင်းတို့သည် သေချာ ကျနစွာ ဘတ်ရှုလေ့လာပြီး မိမိတို့၏ပင်ကိုယ်ဉာဏ်ဖြင့် အမှား အမှန်ဝေဖန်သုံးသပ်ကာ သမ္မာဒိဋ္ဌိဉာဏ်ကို ရင့်သန်ထွန်းကား တိုးပွားနိုင်ကြပါစေလိုကြောင်း တိုက်တွန်း နှိုးဆော်ရင်း အမှာ စကားရေးသားတင်ပြလိုက်ရပါသတည်း။

ကိုကိုလေး၊
၁၉၆၃ ခု၊ မေလ ၂၆ ရက်။

# အစွဲဖြုတ် တဲကုတ်ရွှေနန်းတော်

ကမ္ဘာ့လူသားတား ဥပါဒါန် (၁၂) အစွဲဆိုတဲ့ ဘောလုံးစွဲ လျက် နေခဲ့ချေပြီ။

ဒေသဆိုင်ရာအစွဲ၊ လူမျိုးဆိုင်ရာအစွဲ၊ ယုံကြည်မှုဆိုင်ရာအစွဲ သည့်ဖြင့် အစွဲပေါင်းသောင်းခြောက်ထောင် ကမ္ဘာ့ရာဇဝင် သက်တမ်းရှည်သော လူမျိုးတို့မှာ အခြားလူမျိုးများထက် ပိုမို များပြားသော အစွဲဥပါဒါန်ရှိပြီဖြစ်သည်။

ဥပါဒါန် အစွဲတခုခုကို ယုံကြည် ကိုးစားမိသော လူသား သည် အရက်စွဲသူ(၁၂)ဘိန်းစွဲသူကဲ့သို့ ၎င်းကိုချွတ်လွှတ်ကယ် တင်ရန် အင်မတန်အင်မတန် ခဲယဉ်းသောအခြေသို့ ရောက်ပြီး ဖြစ်၍ နေလေပြီ။

ဘာသာရေးနှင့် ပတ်သက်ရာ၌ ဓမ္မဆရာ(၁၂)ဘုရားလမ်း ညွှန်ပုဂ္ဂိုလ်တို့သည် သာမန်လူသားထုကို ခေါင်းဆောင်မှု ပေး ၍ နေခဲ့ကြကုန်ပြီ။

၎င်းတို့သည် မိမိတို့ဘာသာဆိုင်ရာ ငရဲခန်းကို ဖွင့်ခြင်းဖြင့် လူသား၏စိတ်၌ အခံကြောက်ကို ပေါ်စေခဲ့ကြကုန်၏၊

ထို့ပြင် မိမိတို့၏ ကောင်းကင်ဘုံနန်းကို အမွှန်းတင်ခြင်း ဖြင့် အမြော်စိတ်ကို သွင်း၍ ပေးခဲ့ကြကုန်ပြီ၊ ထိုထိုဘာသာအ

ဖျိုးမျိုး ဆိုင်ရာ ဓမ္မသဘောတို့၏ မြောက်လုံးနှင့် ချောက်လုံးတို့ကို ကြားသိရဖန်များလာသောအခါ လူသားသည်အလိုအလျောက် အကြောက်နှင့်အမြော်ခွဲတဲ့ ဘဝသို့ ရောက်ခဲ့ရလေပြီ။

ဤသို့ဖြစ်ခြင်းကြောင့် ထိုဥပါဒါန်ဆိုတဲ့အစွဲကို သရုပ်ခွဲ၍ လူသား၏ မျက်မှောက်သို့အရောက်တင်ပြရန် အချိန်တန်ခဲ့လေပြီ။

ဥပါဒါန် (ဝါ)အစွဲဆိုဒါ ဘာလဲ?

ဤအမေးကို လူတိုင်းကမေးရမည်။

အလူးအလဲဖြင့်ဆိုရလျှင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အောင်အောင်မြင်မြင် ပြောင်ပြောင်မြောက်မြောက် မှန်းတိုင်းပေါက်အောင် ဆောင်ရွက်လိုသူတိုင်းက မေးရမည်၊

သို့မှသာ အဖြေမှန်ထွက်၍ လာမည်။

ထိုအခါ မရှိစွဲနှင့် အရှိစွဲကွဲ၍လာမည်၊ မရှိစွဲတွေပြတ်သည်နှင့်တပြိုင်နက် ဆိုရှယ်လစ်စံနစ် အောင်တော့မည်မှချ-ဟု ခန့်မှန်းနိုင်သည်။

ဒါဖြင့် အဲဒီ အစွဲခေါ်တဲ့ ဥပါဒါန်ဆိုတာဟာ ဘာလဲ? အနည်းအကျဉ်းတော့ရှင်းပြပါအုံး။

၎င်းဥပါဒါန်ကား-အပြား၄ဟုတ်။

၁။ ကာမစွဲ၊

၂။ အယူစွဲ၊

၃။ ဓလေ့စွဲ၊

၄။ အတ္တစွဲ-တို့ ဖြစ်သည်။

၎င်းတို့တွင် ကာမစွဲကား ရှိသော—ကာမဝတ္ထုတို့ကို စွဲခြင်းဖြစ်ရာ လွဲမှားသော အစွဲမဟုတ်ချေ။



ထို့ကြောင့် ကာမစွဲ တင်းလင်းရှိသေးသော လူသားသည် သောတာပန်နှင့် သကဒါဂါမ် အဆင့်တိုင် ရောက်အောင်တက်ရောက်နိုင်ခွင့်ရှိသေးသည်။

သို့ရာတွင် အယူစွဲ၊ ဓလေ့စွဲနှင့် အတ္တစွဲတို့ကား မရှိတာကို တွေးတောကြံစည်၍ သဲသဲမဲမဲလိပ်ခဲတင်းလင်း စွဲနေကြခြင်းကြောင့် ၎င်းတို့ကို ဖြိုခွဲရန်အားထုတ်ရပေမည်။

၎င်းတို့ရဲ့သဘောကို ပေါ်လောကြီးဖြစ်လာအောင် လူထုရှေ့တွင် ဖော်ထုတ်ရပေမည်။

အစွဲဆိုသည်ကား နိုင်လှသော လောကသဘာဝဆိုင်ရာ အထောက်အထား သာဓကနှင့် ပမာဏမရှိဘဲနှင့် ယုံကြည်မှုပင်ဖြစ်သည်၊ထို့အတူ လျှို့ဝှက်သော (ဝါ) အသိခက်သော အချက်တခုကို သည်ထက်ပိုမိုလျှို့ဝှက်၍ ပိုမိုအသိခက်သောအခြားအချက်တခုဖြင့် ထောက်ခံထားမှုသည်၎င်း၊

ဩကာသလောက၊ သင်္ခါရလောက၊ သတ္တလောက-ဆိုတဲ့ လောကဓါတ်ကြီးကို အခွင့်ကြုံမှာ အလားအလာတို့က အုပ်ချုပ်လွှမ်းမိုး ကြီးစိုးချယ်လှယ်နေသည်ဟု ယုံကြည်မှုသည်၎င်း၊

အကြောင်းနှင့်အကျိုးတို့၏ တိကျမှန်ကန်သော အဆက်အသွယ်တို့ကို ရယ်စရာပြုလုပ်ခြင်းသည်၎င်း၊

မိတ်ကူး(ဝါ)မှန်းဆချက်နှင့် ပုံထုတ်လုပ်မှုကို(ဝါ)မနောဉာဏ်ရတိုက်ထွက် ပစ္စည်းများကို သဘာဝဓမ္မ၏ နောက်ဆွယ်၌ ဖုံးကွယ်၍ထားခြင်းသည်၎င်း၊

အတ္တ(ဝါ)စိတ်(ဝါ)ဝိညာဉ်သည် ပ-အာ-ဝါ=တေ-ဆို

တဲ့ လေးထွေသော ဓါတ်ကြီးတို့နှင့် တကွ ၎င်း၏ အပွားအစီး ဖြစ်သော ရုပ်တရားတို့ကို ဖန်ဆင်း၍ ၎င်းစိတ်ကပင် ကမ္ဘာ လောကကြီးကို အမြဲတစေ ကြီးကိုင်နေသည်ဟူသော ယုံကြည်မှုသည်၎င်း၊

မက်ဘားနှင့် ဒြိဗ်(ဝါ) ဓါတ်သေနှင့် ဓါတ်ရှင် (ဝါ) (ပ-အာ)နှင့် (ဘော-ဝါ)ဂုဏ်နှင့် ဂုဏောတို့ကို တခုစီ၊တခြားစီ ခွဲခြား၍ထားနိုင်သည်ဟူဝသော ယုံကြည်မှုသည်၎င်း၊

တန်ခိုးပြဒ္ဒါးဟာများနှင့်တကွဂါထာမန္တန်များ၊ပရိတ်များ၏ အစွမ်းသတ္တိကို ယုံကြည်မှုသည်၎င်း၊

အင်း–အိုင်–ခလဲ့–လက်ဖွဲ့များ၊ ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိ ဆေးများ၏ တန်ခိုးပါဝါနှင့် တကွ အိပ်မက်ယာမက် အသား လှုပ်တို့၏ အကျိုးအပြစ်များကို ယုံကြည်မှုသည်၎င်း၊

သုံးတန်ပေါ်နိပ်၊ အင်ဝိဇ္ဇာ၊ ဗေဒင်လက်ခိုး လက်ဆန်း စသည်တို့ကို ယုံကြည်မှုသည်၎င်း၊

အချုံးသတ်ပြောရလျှင် သဘာဝမှ ဖြစ်ရိုးဖြစ်စဉ် လမ်းကြောင်းမှာ တိမ်းစောင်း၍ သွားတဲ့ ဖြစ်ရပ်များကို ယုံကြည်မှုသည်၎င်း အစွဲ(ဝါ)ဥပါဒါန် မည်လေတော့၏၊

အဝိဇ္ဇာဆိုတဲ့ မသိမှု (ဝါ) အလင်းရောင် ကင်းမှုသည် ဥပါဒါန်ဆိုတဲ့ အစွဲ၏ အရင်းမြစ်ပင်ဖြစ်၏၊

ဆင်ခြင်တုံတရား ကင်းမဲ့ ခေါင်းပါးစွာ ယုံကြည်မှုသည် ၎င်းအစွဲ၏ အဆောက်အဦကိုယ်တည်ဖြစ်၏၊



အကြောင်းမဲ့၊အကျိုးမဲ့၊ကြောက်မှုနှင့် မြော်မှုသည် ၎င်း၏ ဇက်ကြိုးနား ဖြစ်၍လာလေသည်၊

မှန်လှ၏၊ ဤအစွဲဆိုတဲ့ဥပါဒါန်သည် အဝိဇ္ဇာ၏သမီးတော် အစစ်ဖြစ်၍ ကမ္ဘာ့ဒုက္ခဆင်းရဲအပေါင်း၏ မွေးသမိခင်လည်းဖြစ်ချေသည်၊ အားလုံး(ဝါ)အကုန်လုံးဆိုတဲ့ သဗ္ဗနာမ်ပုဒ်ကို တပ်ဆင်ရလောက်အောင် မြားမြောင်လှစွာသော ကမ္ဘာ့လူသားတရပ်လုံး၏ အတွင်းနှလုံးအိမ်၌၎င်း၊ ထို့ပြင် အထက်ပိုင်း ဦးနှောက်အပြင်၌၎င်း၊ မည်းနက်လှသော ဥပါဒါန် တိမ်မည်း တိမ်ပုပ်များ ဖုံးလွှမ်းလျက် ရှိသည်ဟု ဆိုလျှင် မှားယွင်းချွတ်ချော်လိမ့်မည်မဟုတ်ချေ၊

အမျိုးသမီး တယောက်သည် နံနက်ခင်းအချိန်၌ ပန်းကန်ခွက်ယောက်များကို ပွတ်တိုက်ဆေးကြော၍နေ၏၊ ယင်းသို့ပွတ်တိုက်စဉ် ပန်းကန်တိုက်တဲ့ အဝတ်စကလေး သူမ၏လက်မှလွတ်ကျသွားခဲ့လျှင် ထိုနေ့အဖို့ ဧည့်သည်ရောက်လိမ့်မည်ဟု ၎င်းက ယုံကြည်သည်၊

ထိုမှတပါး ဧည့်သည်ရောက်မည့် အထိမ်းအမှတ်ဟုယုံကြည်နေကြတဲ့ ဥပါဒါန်အစွဲတွေ လူမျိုးအလိုက်၊ ဒေသအလိုက် အမြောက်အမြားရှိလေသည်၊

ကျီးသာမှု၊ ခွေးဖင်သီမှု စသည်တို့တည်း၊

ပန်းကန် ပွတ်တိုက်တဲ့ အဝတ်စကလေး လက်မှလွတ်ကျ ခါနဲ့ ဧည့်သည်လာမှာနဲ့ မည်သို့အဆက်အသွယ် ရှိသနည်း၊ အသေအချာစဉ်းစားခဲ့တန်လျှင် မည်သည့်အကျိုးအကြောင်း အဆက်အသွယ်မျှမရှိကြောင်း လူတိုင်းဝန်ခံရပေလိမ့်မည်၊

နေအိမ်ဟံစက်မြိတ်တွင်ရှင်း၊ အနီးအနားရှိ သစ်တပင်ပင်၌ ရှင်း ကျီးကန်းသည်မြည်းညွှင်းသာယာစွာမြည်လျက်နေ၏၊ရှင်းကို ကျီးသာသည်ဟု ခေါ်ဆိုကြသည်၊ ယင်းသို့ ကျီးသာခြင်းကြောင့် ဤအိမ်သို့ အလည်အပတ်လာရန် တိုသူ၏စိတ်၌ ဆန္ဒဖြစ်ပေါ်၍လာရသလော၊ (သို့မဟုတ်)အိမ်လည်လာလိုတဲ့ ထိုသူ၏ စိတ်ဆန္ဒကြောင့် ကျီးက သာပေးရသလော၊ ဤသို့စော ကြောလျှင် ဘာအဆက်အသွယ်မှု မရှိကြောင်း ပေါ်လောကြီး ပေါ်လာသည်။

လူတယောက်သည် အမှတ်တမဲ့ လက်ဝဲပခုံးပေါ်မှ လှည့်ကြည့်လိုက်တဲ့အခါမှာ လဆန်းတရက်နေ့မှ ထွက်နေတဲ့ လကို မြင်ရလျှင် မကောင်းဟူ၍ဆို၏၊ လက်ဝဲ (သို့မဟုတ်) လက်ျာပခုံးပေါ်မှကျော်၍ လကို မြင်နေရမှုသည် ကောင်းကင်လကို မည်သို့ထိခိုက်သနည်း?

ထို့ပြင် မြင်သူကိုကော မည်သို့ ထိခိုက်စရာ ရှိသနည်း?

လနှင့် မြေပြင်ရှိ အရာများ မည်သို့ဆက်သွယ်နေကြသနည်း?

သေချာစွာ စဉ်းစားဝေဖန်ခဲ့လျှင် တခုနှင့်တခု အကျိုးသော်ရှင်း၊ အပြစ်သော်ရှင်း မပြုနိုင်ကြောင်း ထင်ရှားသည်၊

မှန်လှ၏၊ လက်ဝဲပခုံးပေါ်မှ ကျော်၍ ကြည့်မြင်မှုသည် သဘာဝမှုဆိုင်ရာ သင်္ချာတရားတွေကို မည်သည့် နည်းနှင့်မျှ ထိပါးရန် အကြောင်းမရှိချေ၊

ထို့ပြင် လက်ျာပခုံးပေါ်က ကျော်၍ကြည့်လျှင်လဲ အားလုံး ထူးခြားနားပင် ဖြစ်ပေလိမ့်မည်၊ ဤသို့လက်ဝဲပခုံးကို ကျော်



၍ ကြည့်ခြင်းနှင့် ထိုသို့ ကြည့်ခြင်းကြောင့် လကို မြင်သောသူအား မကောင်းကျိုး ဆိုပြစ် ကျရောက်ခြင်း၏ အကြောင်းကို ကျွန်ုပ်တို့ဘယ်လိုဘဲရှာရှာ အဘယ်နံရောအခါမျှ မတွေ့နိုင်ချေ၊

သူငယ်မ တယောက်သည် နံနက်စောစော ပန်းဥယျာဉ်သို့ သွားပြီးလျှင် ရှေးဦးစွာ တွေ့မြင်ရသောပန်းတပွင့်ကို ခူးလိုက်၏၊ ထိုနောက် ထိုပန်းပွင့် ဇာပွင့်ချပ်များကို ရေတွက်၍ ကြည့်လိုက်၏၊

ယင်းသို့ ရေတွက်၍ကြည့်တဲ့အခါ-

ပွင့်ချပ်အရေအတွက်(တစ်)ဖြစ်၍နေလျှင် သူလာလိမ့်မည်၊

(နှစ်)ဖြစ်လျှင် နှောင့်နှေး၍ ကြန့်ကြာလိမ့်မည်၊

(သုံး)ဖြစ်လျှင်လူပျိုလှည့်လိမ့်မည်(ဝါ)သူ့ကို ချစ်စကားကြိုက်စကား ဆိုလိမ့်မည်၊

(လေး)ဖြစ်လျှင် လက်ထပ်ရလိမ့်မည်၊

(ငါး)ဖြစ်လျှင် မကြာမီ သူနှင့် ကွဲလိမ့်မည် စသည်ဖြင့် ထိုမိန်းမပျိုကယုံကြည်သည်၊

သို့ရာတွင် ထိုပန်းခင်ပေါက်မှုနှင့် ပန်းပွင့်မှာရှိတဲ့ ပွင့်ချပ်အရေအတွက်တို့သည် ထိုမိန်းမငယ်၏ ချစ်တင်းသို့မှု၊ လက်ထပ်မှု၊ ကွဲကွာမှုတို့ကား တခြားစီပင်ဖြစ်ကြကုန်၏။

မိန်းမပျို (သို့မဟုတ်)ယောက်ျားပျိုတယောက်သည် နံနက်စောစော အိပ်ရာမှထိုပြီး မျက်နှာပေါ်သစ်ခါ မှန်ကိုကြည့်ရင်း ထိုမှန်ကျ၍ ကွဲသွားလျှင် ထိုနေ့အဖို့က်မကောင်းဟူ၍ အယူရှိကြသည်။

ထို့ပြင် ဩဇာသီးစားသူသည် ၎င်းစားပြီးသော ဩဇာသီး၏အစေ့များကို ရေတွက်၍ ကြည့်တတ်သည်၊ ထိုဩဇာသီးမှ ဩဇာစေ့ (စုံ) ဖြစ်နေလျှင် ကံကောင်း၏၊ ဒါမှမဟုတ်ဘဲ (မ) ဖြစ်နေလျှင် ကံဆိုး၏ဟု ယုံကြည်ကြ၏၊ ဩဇာစေ့ (စုံ) ဖြစ်ခြင်း (ဝါ) (မ) ဖြစ်ခြင်းနှင့် ကံကောင်းတာ၊ ကံဆိုးတာ ဘာဆိုင်သနည်း ဘာမျှမဆိုင်ပါ။

ဒါပေမယ်လို့ ထိုသို့သောအစွဲမျိုးကား မြန်မာတို့၏ စိတ်၌ ချိုးကပ်လျက်နေခဲ့လေပြီ၊ ၎င်းချိုးကို တနည်းနည်းဖြင့် ခွဲချနိုင်မှသာလျှင် (သို့မဟုတ်) ကွာကျအောင် လုပ်နိုင်မှသာလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကြီး ဖွံ့ဖြိုးဖြောင့်ဖြောင့်အောင်မြင်ပေလိမ့်မည်။

ထိုမှတပါး မြန်မာပြက္ခဒိန်များ၌ ပြဿဒါးရက်များ၊ ဝါရမိတ္ထုရက်များ၊ အမြိတ္တရက်ရက်များ၊ ရက်ကောင်း ရာဇာ့ရာဇာများကိုတွေ့ရတဲ့အပြင် မြန်မာလူမျိုးတို့သည် နေ့ဆိုး၊ နေ့ကောင်းများနှင့်အကွ စုတ်တိုက်၊ လာဘ်တိုက် ဥပါဒ်ခိုက်သော နေ့များကိုလည်း ယုံကြည်၍ နေကြကုန်သေးသည်။

တဖန်-

ခရီးသွားလို၊ ဆိုရပ်ပြုဟ်နှင့်၊ သင်္ကိုဏ်နေ့ထား၊ ရှစ်ခုစား လော့-ဟု ပဏာမပြီးလျှင်-

တခုကြွင်း မင်းပုဇော်၊ ခွေးမှဆင်းရဲ၊ အောင်ပွဲကြိုန်း၊ ငြိမ်းကိန်းစကာ-ငါးခုလာဘ်ယူ၊ ဆေမှနှာဖျား၊ သက်တားနိုးသုံးလုံးမှ တဖန် အိမ်ပြန်တည်-



ဆိုတဲ့ ခရီးသွားဟောတာ လာပြန်ချေသေး၏၊ ဤခရီးဟောကလေးကြောင့် မြန်မာခရီးသည်တွေ၊ ကုန်သည်တွေ၊ အဘယ်မျှဆင်းရဲ ဒုက္ခရောက်ခဲ့ကြရပြီနည်း။

သို့ပေမယ်လို့ ထိုအဟောအတိုင်း ကသိုဏ်းကွက်ကျကျလိုက်နာကျင့်သုံးနေသူတွေ အနန္တပင် လှည်းစနေ၊ လှေ၊ ရာဟုတော်မှ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ဒုံးပျံခေတ်သို့ ရောက်နေစေကာ ၎င်းတို့အတွက် နေ့ဆိုးရက်ပြတ် မသတ်မှတ် ရသေးချေ၊ မတီထွင်ရသေးချေ။

လောက၏ခေတ်မှာ၊ အိမ်ထောင်ပြုရန် ကြီးရွယ်သည့် မြန်မာလူပျိုနှင့် လုံမပျိုတို့မှာ ဤကိစ္စ ပြီးမြောက်ရေးအတွက် အလုပ်ပိုတွေ၊ အတော်ရှုပ်လိုက်ရချေသည်။

၎င်းတို့လူငယ်အချင်းချင်း ချစ်ရုံ ကြိုက်ရုံ မေတ္တာရှိကြရုံနှင့် ၎င်း၊ မိ-ဖနှစ်ပါးနှင့် သက်ဆိုင်ရာအုပ်ထိန်းသူတို့ရဲ့ ကြည်ကြည်ဖြူဖြူ အနုအညွှတ် ခွင့်လွှတ်ခြင်းကို ရရုံနှင့်၎င်း အားလုံးကိစ္စ ချောချောမောမော အပြီးအဆုံးသို့ရောက်ပါ၏လော၊ မပြီးသေးပါ။

သတို့သားနှင့် သတို့သမီးတို့၏ ဇာတာစန်းလက်ကို တွက်ချက်စစ်ဆေး၍ နေ့-နံ-သင့်မသင့် (ဝါ) တဲ့-မတဲ့ကို ရွေးချယ်ရပြန်သည်။

ဥ- သာ- စိန်- ပန်း- ခန်းလှကိုရွာရမည်-ဟုယုံကြည်နေကြသည်။

တနင်္ဂနွေသားသမီးတို့သည် သောကြာနေ့မှာပါ အခြား

နေ့မှာဖွားတဲ့ သားသမီးများနှင့် လက်မထပ်ကောင်းဟု ဆိုသည်။

အချို့မှာ-လူငယ်ချင်းလဲ မေတ္တာ သက်ဝင်ပါလျက်၊ လူကြီးမိဘများကလဲ သဘောတူ ပါလျက်နှင့် နေ့၊ နံ မတဲ့ဖြစ်နေလို့ အကြပ်ရိုက်နေကြလေသည်။

ဒါပေမဲ့ အလျော့မပေးတဲ့ ဇာတာကိုပြင်၍ ဖွဲ့ပေးရန်ဗေဒင်ဆရာကို လာဘ်ထိုးပြီး အကျိုးမဲ့ လိမ်ခဲ့ကြရလေသည်၊ ဤကားအလွန်လွဲမှားတဲ့ ဥပါဒါန်အစွဲတရားကြောင့်ကိုယ့်ကိုယ်ကိုလိမ်လည်လှည့်ဖြားခြင်းဆိုတဲ့ အပြစ်ကြီးကို ကျူးလွန်မိရက်သားဖြစ်ရလေတော့၏။

ပြီးတော့ကာ—

ခ-မာ-သော-က—အင်း—ဝ-ရာ-ဇာ၊ အိမ်ထောင်ဘက်၊ အသက်မရှည်ရာ-ဟုလာပြန်သည်၊

စနေနေ့၌ မွေးဖွားမိသူသည် ကြာသပတေးနေ့မှာ မွေးတဲ့သူနှင့် အလိုအလျောက် ရန်သူအဖြစ်သို့ ရောက်၍နေသည်၊ တသက်လုံးမွေးကတဲကတခါမှ မတွေ့ဘူး၊ မမြင်ဘူးတဲ့လူချင်းများကပ်ငြိရန် ဖြစ်နေရခါ ဆန်းလှချေ၏တကား။

ထိုနေ့သားနှင့် ထိုနေ့သမီးတို့သည် အိမ်ထောင်သည် အဖြစ်နှင့် မစပ်ကောင်းဟူ၍ စွဲလမ်းယုံကြည်ခဲ့ကြသည်။

ဤသို့စသည်ဖြင့် အစွဲအလမ်း ဥပါဒါန်တွေ တပုံတခေါင်းကြီးရှိသည်၊ တချို့ဥပါဒါန်များ အလွဲအမှားကြီးသဖြင့် အမှန်ဘဝသို့ရောက်ရတော့မဲ့ အခြေဆိုက်နေကြလေပြီ။



ထိုမျှမကသေး၊ ဗုဒ္ဓဘာသာဝင် အမည်ခံယူတဲ့ မြန်မာလူမျိုးများ လုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်း ဆောင်တာများမှာ ပဏာမအခန်းဖြင့် ရွေးချယ်စီစစ်မှု အမျိုးမျိုးရှိချေသည်။

ဥပမာ-ရှင်ပြု၊ နားသ၊ အိမ်ဆောက်၊ ကျောင်းဆောက်၊ လယ်ထွန်၊ ယာခုတ် စသော ကိစ္စအမျိုးမျိုးကို မဆောင်ရွက် မလုပ်ကိုင်မီ နေ့ကောင်းရက်သာ၊ မင်္ဂလာရှိမရှိ၊ ဂူမိမြေခံ၊ ဟန်မဟန်ကို တွက်ချက်ရခြင်းမျိုးသင် အမှန်ဆိုရလျှင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ကိစ္စတိုင်းမှာ အစွဲတမျိုးမျိုးတော့ပါမြဲဖြစ်သည်၊ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ နိုင်ငံတော်၌ဥပါဒါန်မရှင်း အစွဲကင်းစင်သော ကိစ္စကား မရှိသလောက် ရှားပါးလှချေ၏။

ထိုထိုကိစ္စ အဝဝကို စ၍မလုပ်မီ ပြုလုပ်နေကြတဲ့ အစွဲဥပါဒါန်တွေလည်း အများအပြားပင်၊ ကိုးဆူကျေးခြင်း၊ ရွှာချခြင်း၊ ခေါပစ်ခြင်း၊ ဂြိုဟ်မြေ၊ နံမြေ သဲပုံစေတီတည်ခြင်း၊ ရတနာဒီပံ စသည့် ထွန်းညှိခြင်း၊ ယောင်ထောက်ခြင်း၊ တံတားခင်းခြင်း၊ ငါးလွှတ်ခြင်း၊ ယတြာချေခြင်း၊ ဓာတ်ရိုက်ခြင်း၊ ပီယလက်ဖွဲ့၊ ကာယလက်ဖွဲ့၊ နေလက်ဖွဲ့ဆောင်ခြင်း၊ ကျပ်ကျေးခြင်း၊ နတ်တင်ခြင်း၊ နတ်ကွန်းတက်ခြင်း အစရှိသောအဲဒီဥပါဒါန်တို့ကိုမပြတ်မလပ် မြန်မာနိုင်ငံတော် အရပ်ရပ်တို့၌ ဒလစပ် လိုက်နာကျင့်သုံးနေကြကုန်၏။

သို့ရာတွင် ထိုကဲ့သို့ အစွဲ ဥပါဒါန်များက ညွှန်ပြတဲ့ အတိုင်းလိုက်နာကျင့်သုံးခြင်းကြောင့် ၎င်းတို့က ရလိမ့်မယ်ဆိုတဲ့အောင်မြင်မှုကို ရရှိကြပါ၏လော၊ ဘယ်နှစ်ရာအခါကမှ မရခဲ့ဘူးချေ။

ထိုရင်းကို ချုပ်၍အဟုတ်ကိုပြောရလျှင် ဥပဒါန်ဆိုတဲ့အစွဲ အလမ်းမပါဘဲနှင့် ဗုဒ္ဓဘာသာဝင်အမည်ခံတဲ့ မြန်မာလူမျိုးရဲ့ ဘာဝတည်မြဲရန်ပင် အလွန်ခက်ခဲတဲ့ အရိပ်အရောင် ပေါ်ပေါက်လျက်နေချေပြီ။

ဤကမ္ဘာလောကရှိ အချို့သော တိုင်းနိုင်ငံတို့၌ ၁၃-ဆိုတဲ့ ဂဏန်းသည် အမင်္ဂလာဖြစ်၏ဟု ယုံကြည်ကြကုန်၏၊ တချို့နိုင်ငံတို့မှာမူ ၉-ဂဏန်းသည် မကောင်းတဲ့ဖက်တွင် မင်းမူလျက် ဆိုးသွမ်း ဟော့ရမ်းနေချေသည်။

ထိုရာတွင် ၁၃-နှင့် ၉-ဂဏန်းတို့သည် ဤမျှ ဆိုးသွမ်းသော ဂဏန်းများဖြစ်နေလျှင် ၂၆-နှင့် ၁၈-တို့သည် ပိုမို၍ဆိုးသွမ်း ဟော့ရမ်းသော ဂဏန်းများ ဖြစ်ကြပေရာ၏ဟူ၍ မည်သူမျှမ တွေးစားခဲ့ကြချေ။

ရောင်ရှင်ကြောင်ကျောက်ကို လက်စွပ်ကွင်းတွင် တပ်ဆင်၍ ဝတ်လျှင် သာ၍မကောင်းဟုဆိုသည်။

ထိုရာတွင် ပတ္တမြားအနီကို လက်စွပ်တွင်တပ်၍ ဝတ်ဆင်နိုင်လျှင် ဝတ်ဆင်သူ၏ ကျန်းမာရေး တိုးတက်လာသည်ဟုအများ ယုံကြည်ကြ၏။

သို့သော် ဤကျောက်ခဲများမှာ အဘယ်အကြောင်းကြောင့် လူသား၏အနာဂတ်ကို ထိခိုက်စေနိုင်သော အစွမ်းသတ္တိ ရှိနေကြကုန်သနည်း၊ဤပြဿနာကို မည်သူမျှတိကျစွာ အဖြေမပေးနိုင်သေးချေ။

ဤသို့အားဖြင့် အလွန် များပြားလှကုန်သော တိတ်ကောင်း၊ နိမိတ်ကောင်းနှင့် တိတ်ဆိုး၊နိမိတ်ဆိုးဟူသော အစွဲဥပါဒါန်တို့ သည် လူသား၏ ဦးနှောက်တွင် အနယ်ထိုင်လျက်ရှိချေပြီ။



ထိုရာတွင် ၎င်းတို့ကို ပယ်ဖျောက်နည်းကား မခက်ခဲလှပါ၊ မရူးမသွပ်သောလူသား၊ (ဝါ) ဝိမံသဝိစာရဏာခေါ်တဲ့ ဆင်ခြင်တုံတရားလက်ကိုင်ထားတဲ့ လူသားတိုင်းက ထိုသို့အထက်၌ ဖေါ်ထုတ်ခဲ့ပြီးသော ယုံကြည်မှုဟူသမျှသည် သူရူး၏ အိပ်မက်သာ ဖြစ်သည်ဟူ၍ မှတ်ယူလိုက်ရန်သာ ဖြစ်ပါသည်၊

ရှေ့သို့ တဆင့်တိုးပြီး တမျိုး ကြည့်ကြပါဦးစို့။

နေကြတ်ခြင်း၊လကြတ်ခြင်းတို့သည်သတ္တန္တရကပ်(သို့မဟုတ်) ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်မည့်တိတ် နိမိတ်များဖြစ်သည်ဟူ၍ ၎င်း၊ အထက်မိုးကောင်းကင်မှ ကြယ်ကြွေခြင်း၊ တော်လဲခြင်းတို့ ကား ကမ္ဘာမြေပြင်ရှိ ဘုရင်များ နတ်ရွာစံမည့် နိမိတ်သော်၎င်း ဖြစ်သည်-ဟူ၍ ရှေးခေတ်က ရှေးလူအများတို့ ယုံကြည်၍လာခဲ့ ကြကုန်၏၊ ယနေ့အချိန်၌လည်း ထိုသို့ယုံကြည်သူတွေအနန္တပင်ရှိ နေပေလိမ့်ဦးမည်။

အဘယ်ကြောင့်နည်း။

ကျောက်သင်ပုံတချပ်၊ ကျောက်တံတိုတချောင်းနှင့် ဗေဒင် ဆရာများ အလုပ်လက်မဲ့ ဘဝသို့ မရောက်သေးသောကြောင့် တည်း၊

အမှန်မှာ—အထက်ဝဠာတခွင်၊မိုးကောင်းကင်၌ထူးထူးဆန်း ဆန်း အံ့ဘနန်းဖြစ်ပေါ်လာသော အရာများသည် ရှေးခေတ် ပေါက်ဖွား ရှေးလူသားအတွက် ကြောက်ဖွယ် လန့်ဖွယ်၊ စိတ် မချမ်းမြေ့ဖွယ်များ ဖြစ်ခဲ့ကြကုန်ပြီ၊ ကြယ်ပြန့်ခြင်း တော်လဲခြင်း စသော ဖြစ်ရပ်များကို မိုးကောင်းကင်၌ တွေ့မြင်ရသောအခါ

မြေပြင် သားတို့သည် ဒူးဆင့်ဆတ် တုန်၊ ရှင် လိုက်လိုက်ခုန်မျှ ကြောက်လန့်ကြကုန်၍ မြေပြင်တွင် ဒူးထောက်ရှိကျိုး လက်စုံမိုး ကာ ရှိခိုးဦးချလျက် ပူဇော်သက္ကာရအမျိုးမျိုး၊ တံစိုးလက်ဆောင် အသွယ်သွယ်တို့ဖြင့် ကောင်းကင်ဘုံနန်းရှင် ဘုရားသခင်ကို ပူဇော်ကြရ၊ ပ,သ,ကြရကုန်ပြီ၊ ဆုတောင်းမှု ပဌ္ဌာန်းမှုတို့ကို ရှေးကထက် ပိုမို၍ပြုလုပ်ကြရကုန်ပြီ။

ဤသို့သော အဖြစ်အပျက်တို့၏ အတွင်း အနက် သဘောကို သွက်သွက် လက်လက် နားလည်မှု ရရှိပြီး ဖြစ်တဲ့ ဘာသာဝန် ဆောင်များကမူ ထိုထိုသို့သော ကောင်းကင်နိမိတ်များက ရည် ညွှန်းသော ဘေးအပေါင်း ရန်အပေါင်း အန္တရာယ်အပေါင်း မှ လုံးဝကျွတ်ကျွတ်၊ ကင်းလွတ်လိုသောလူသားသည် ရင်းဘာ သာဝန်ထမ်း ပုဂ္ဂိုလ်များရဲ့ အဆုံးအဖြတ်ဝါဒကို ထိကျပြတ် သားစွာ လိုက်နာကျင့်သုံးရမည်၊ ပုတီးကို ကြိုးစားရွတ် စိပ်ရမည်၊ ဘာသာရေးဆိုင်ရာတို့၌ အလှူဒါန နှစ်ဆတိုး၍ လှူဒါန်းရမည် ဟူ၍ ဟောလေ့ ပြောလေ့ ရှိကြကုန်၏။

မြေလျှင်လှုပ်ခြင်း၊ ပုတ်ဖမ်းခြင်း၊ မကြာသေးမီကလို ငြိမ်းကြီးရှစ်လုံး ပူးခြင်း စသော အထက်ကောင်းကင် ဖြစ်ရပ်များ ကြောင့် ဘာသာဝန်ထမ်းတို့ရဲ့ ကြက်သရေခန်းမှာ လာဘ်လာ ဘတို့ဖြင့် ပြည့်လျှမ်းပို့ ခောက်၍ လာခြင်းဖြစ်သည်၊ ဘေးဥပဒ်ကို ကြိုထင်၍ ကြောက်ရွံ့နေသော လူ့ကပ်စေးနဲကြီး များပင် တုန်ရီသော လက် များဖြင့် မိမိ၏ ငွေသေတ္တာကို ဖွင့်ရလေ တော့၏။



စင်စစ်မှာ နေပုတ်၊ လပုတ် ဖမ်းနေသဖြင့် စမ်းတဝါး ဝါး ပိုးတိုးဝါးတား ဖြစ်နေသော အမှောင်ထဲတွင် သူခိုးနှင့် ဓါးပြတို့သည် အခွင့်ယာလဒ္ဓ ပစ္စည်းများကို အနန္တ တန်ခိုးတော် ရှင် ဘုရားသခင်ကို ကျေးဇူး တင် ပြီး စေစုခွဲ၍ ယူလေ့ရှိကြ ကုန်၏။

ယနေ့ခေတ်၌သော်မူကား အထက်ဝေဟင် မိုးကောင်းကင်၌ ပေါ်ထင် လင်းလင်း၊ ပြိုင်းပြိုင်း ထန် ထန် သဃ်ဇာတ သဘာဝ အားလျော်စွာ ဖြစ်ပေါ်၍ လာကြကုန်သော အားလုံး သော ဖြစ်ရပ်များ- အန္တရိယ၊ အဘူတဖြစ်ရပ်အများ တို့သည် မြေပြင် ပေါ်က ဗွား မြေပြင်သား ဖြစ်ကြကုန်သော ရှင်ဘုရား များ နှင့် မင်းနေပြည်သူ လူထုအများတို့၏ ကံကြမ္မာနှင့်မည်သို့မျှ သက် ဆိုင်ခြင်းမရှိဟူ၍ ကျွန်ုပ်တို့သိမြင်ကြလေပြီ၊ အာကာသတခွင်၌ ဖြစ်ပျက်နေသော အပ္ပအစ ပြောင်းလဲဖေါက်ပြန်မှုတို့သည် မြေ ပြင်ရှိ ပုရွက်ဆိပ်များ (ဝါ) ပျားကောင်များနှင့် သက်ဆိုင်ဘာ တက် လူသား၏အရေးတွင် ပိုမို၍သက်ဆိုင်ခြင်းမရှိကြောင်းကို ယခု ကျွန်ုပ်တို့ သိမြင်ကြလေပြီ။

ထိုထိုသော ကောင်းကင်က ဟိတ်နှင့်တကွ တိတ်ကြီး၊ နိမိတ် ကြီးတို့သည် ဤကမ္ဘာမြေပြင်မှာ လူသား တယောက် တလေမျှ မျက်လှည့်လဲ အမြဲတစေ ဖွဲ့တာအတိုင်း မဆိုင်းမတွ ကောန် မုချ ဖြစ်ပျက်၍ နေကြလိမ့်မည်။

ထို့ပြင် နေကြတ်၊ လကြတ်ခြင်းများသည် သူ့အချိန်နှင့်သူ တိ ကျမှန်စွာ ဖြစ်ပျက်၍ နေကြကုန်၏။

ယင်းသို့ နေနှင့်လတို့ ကြပ်မည့် အချိန်ကိုပင် မဖြစ်မီက ကြိုတင်၍ မှန်ကန်တိကျစွာ တွက်ချက်ပြောဆိုနိုင်ကြပြီ၊ ဤအချက်တို့ကား အလွန်နိုင်လုံတဲ့ သဘာဝဆိုင်ရာ အထောက်သာဓကများဖြစ်ချေသည်။

ဉပဒါန် တည်းဟူသော အစွဲတောလုံးထိ၍ ယုံကြည်ရေးမှိုင်းမိနေသောလူသည် သဘာဝဓမ္မ၌ လက်သယ်မရှိဘဲ ဖြစ်ပျက်နေတဲ့ဖြစ်ရပ်များကို သဘာဝဖြစ်စဉ်အနေဖြင့် တိကျစွာ မမြင်နိုင်တော့ချေ၊ ဖြစ်သမျှ ကိစ္စအရပ်ရပ်တို့၏ လက်သယ်ကို တိမှန်စွာ မရှာဖွေနိုင်တဲ့အခါ လူသားသည် မမြင်ရမတွေ့ရတဲ့ နတ်ဘုရားတို့ကို လက်ညှိုးထိုးရလေတော့၏၊ ဉပဒါန်မှိုင်းမိနေသော လူသားသည် အနေတောင်အထည် အရောင်အဝါမရှိသော နိရာကာရ-နတ်ဘုရားကို ကိုးကွယ်ပသခြင်းဖြင့် တင်းတိမ်မှု၊ ရောင့်ရဲမှု၊ ကျေနပ်မှု မရမရှိနိုင်တော့ပြီ၊ ထို့ကြောင့်သူသည် ထိုမမြင်ရသော နိရာကာရ နတ်ဘုရားတို့၏ ပုံတူကို ထုတ်လုပ် ကိုးကွယ်လေတော့သည်၊ ပ,သ,လေတော့သည်၊ ဤကိစ္စကား မရှိဒါကို ပုံတူခဲ့ခြင်းပင်။

ဉပဒါန်အစွဲ သဲမဲလှသောလူသားသည် အဝိဇ္ဇာထောကဖြစ်သော သက်မဲ့ရုပ်ပစ္စည်းတချို့မှာ အနာရောဂါများကို ပျောက်ကင်းအောင် ကုစွမ်းနိုင်သော တန်ခိုးပါဝါရှိသည်ဟူ၍ တဆင့်တက်ခါ ယုံကြည် လာပြန်လေသည်၊ ဥပမာ နွေလိုက် နံလိုက် သစ်သားဆောင်ခြင်း၊ ကြောင်ကျောက် ဂမုန်းစသည်တို့တည်း။

လူသား၏ ရုပ်ကာယတွင် ဖြစ်ပွားလာသော အနာရောဂါ



အမျိုးမျိုးတို့ကို ကင်းစင်ပပျောက်စေရန် ပရိတ်၊မန္တန်၊မန္တရားတို့ကို ရွတ်ဖတ်ကြကုန်၏။ ဥုံခံသောဂါထာတို့ဖြင့် မန်းကြမှုတ်ကြကုန်၏၊ ပြိယ်စာကျွေးကြကုန်၏။ လာတ်လာဘ ပေါများစေရန် (ဝါ) ဈေးရောင်း၍ ကောင်းစေရန် ယကြာဆင်ကြကုန်၏၊ ဓါတ်ရိုက် ကြကုန်၏။ လက်ဖွဲ့ ကလေးများ သူရဿတီ ရုပ်ကလေးများကို ဆောင်ကြကုန်၏။

ထို့ပြင် အရိုး၊ သို့မဟုတ် အဝတ်စ၊သို့မဟုတ် ဆံပင်စသည်တို့မှာလူသား၏ ရောဂါပပျောက်ရေးအတွက် အလွန်ထက်မြက်သော အာနုဘော်ရှိသည်ဟူသော ယုံကြည်မှုမှ အခြားယုံကြည်မှုတပေါက်ဖွား၍ လာပြန်သည်၊ ၎င်းကားအခြားမဟုတ် အခိုး၊ သရဲ၊ ပြိတ္တာ၊ နတ်ဘီလူး၊ နတ်မိစ္ဆာစသည်တို့၏ ဖမ်းစားမှုကြောင့် လူသား၏ရုပ်ကာယမှာ ရောဂါအမျိုးမျိုးပေါ်ပေါက်လာရသည်ဟူသော ယုံကြည်ချက်ဖြစ်သတည်း။

ရူးသွပ်နေသောသူကို မိစ္ဆာနတ် ဖမ်းစား ထားသည်ဟူ၍ ရှေးလူတို့က ယုံကြည်ခဲ့ကြကုန်၏၊ ဝက်ရူးရောဂါကိုဖြစ်စေတတ်မှုကား မာရ်နတ်မင်း၏ လက်ပါးစေများ ဖြစ်ကြကုန်၏၊

လိုရင်းကို ချုပ်၍ပြောရလျှင် လူသားအများ တွေ့ကြုံခံစားနေရသော ရောဂါဝေဒနာ အဖြာဖြာတို့သည် ငရဲသေဋ္ဌနှင်း၊ ယမမင်း၏လက်ပါးစေ တမန်တော်များ၏ လက်ချက်တွေသာဖြစ်သည်ဟု စွဲမှတ်ယုံကြည်ကြကုန်၏။

ဤယုံကြည်မှုကား သဗ္ဗသာဓာရဏ (ဝါ)အများနှင့် သက်ဆိုင်တဲ့ယုံကြည်ချက် ဖြစ်ခြင်းကြောင့် ကမ္ဘာ့အနှံ့အပြားနှံ့ ၎င်း

ကိုမတွေ့နိုင်သော နေရာအရပ် မရှိဖြစ်သည်၊ ယခုခေတ် ကာလ ကျွန်ုပ်တို့၏ တိုးတက်နေသည်ဟု ဆိုအပ်သော သမယ၌ပင် အဝိဇ္ဇာဉာဏ အသက်မရှိသော ဝတ္ထုပစ္စည်း စသည်တို့၏ တန်ခိုးအာနုဘော်ကို ယုံကြည်နေသူတွေ၏ အရေအတွက်ကား အနန္တဆိုတဲ့ဂဏန်းကို သုံးရလောက်အောင်ပင် များပြားလျက် ရှိပေသေးသည်၊

သို့သော် ယနေ့ကမ္ဘာ၌ စဉ်းစား ဆင်ခြင်တုံ တရား ဆိုတဲ့ ဝိစာရဏ ဉာဏ်ရှင်ဖြစ်သော လူသားကား မာရ်နတ် ရှိသည် (ဝါ) မကောင်းကျိုးကို ခိုးထိုးအောင်ပေးစွမ်းနိုင်တဲ့ မိစ္ဆာနတ် ရှိသည်ဟူသောအချက်ကို မယုံကြည်နိုင်တော့ချေ။

ထို့ပြင် နတ်မိစ္ဆာဖမ်းစားမှု၊ ကျပ်ဖမ်းမှု၊ မြေကိုင်မှုကြောင့် လူသား၏ ကိုယ်ကာယမှာ တစုံတခုသော ရောဂါဆိုး၊ ဝေဒနာဆိုး ဖြစ်ပေါ် လာသည်ဟူသော အယူအဆကိုလည်း စဉ်းစား ဉာဏ်ရှိသူတိုင်းက ထို့ကြ-ထွမ်ကြလေပြီ။

သိမ္ဘာင်ထားသော ဆင်စွယ်အရိုးဓါတ်မှာ အခြားသတ္တဝါနှင့် အခြားလူသား ရိုးရိုးတို့၏အရိုးများထက် ပိုမိုထူးကဲသော တန်ခိုးပြာဋိဟာ ရှိသည်ဟူသော ဆေးဝါးကြီးကိုလဲ ယခုခေတ်ဖွား ဝိစာရဏ ဉာဏ်ရှင်လူသားက မျို၍မချနိုင်တော့ချေ။

ရှေးလူတို့သည် ဆံတော် မွေတော်များမှာ ကုစားနိုင်သော (ဝါ) ရောဂါအမျိုးမျိုးကို ပယ်ခွာနိုင်သော တန်ခိုးသတ္တိ အပြည့်အစုံ ရှိသည်ဟူ၍ကား မယုံကြည်ခဲ့ချေ၊

သို့ရာတွင် မာရ်မင်း၏အဖွဲ့ဝင်များ ဖြစ်ကြကုန်သော အစိမ်း



သရဲ၊ ကျပ်၊ တစ္ဆေ၊ မြေဘုတ်နှင့် နတ်ဘီလူး၊ နတ်မိစ္ဆာတို့သည် ထိုထိုဓာတ်တော် မွေတော်များကို ကြောက်ရွံ့ ထိတ်လန့်ကြသည်ဟူ၍၎င်း၊ ကြေးကမ္မဝါစာဖြင့် စည်းစနစ်ကျနစွာ ပြုလုပ်၍ ဌာန်ကရိုဏ်းပြီးသစ္စာ မန်းမှုတ်ထားအပ်သော ဂုဏ်တော်ပုတီးကို ဆောင်ထားလျှင် အထက်ပါ မကောင်းဆိုးဝါးများ ထွက်ပြေးသွားကြသည်ဟူ၍၎င်း၊ မာရ်နတ်ဂိုဏ်းဝင်ဖြစ်တဲ့ မကောင်းဆိုးဝါး နတ်မိစ္ဆာအများတို့သည် ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ပန်းတို့ကို ရှေးချမ်းအောင် ကြောက်ရွံ့ကြသည်ဟူ၍၎င်း၊ ထိုထိုမကောင်း ဆိုးဝါးတို့သည် ကြေးစည်သံနှင့် ခေါင်းလောင်းသံကို နားမခံနိုင်အောင် လန့်ကြသည် ဟူ၍၎င်း၊ လူမမာနှင့် ၎င်းနေတဲ့အိမ်ဝိုင်းကို ပရိတ်သဲ၊ ပရိတ်ရေ ဖျန်းပက် လိုက်လျှင် ၎င်းတို့သည်ကမန်းကတန်းအရမ်းကြောက်ခါထွက်ပြေးကြသည်ဟူ၍၎င်း စွဲလမ်းယုံကြည်ခဲ့ကြကုန်၏၊ ရှေးလူတို့သည် ယင်းသို့ ယုံကြည်တိုင်းလဲ အမြဲတစေ လိုက်နာ ကျင့်သုံး နေခဲ့ကြလေပြီ။

တဖန်မာရ်နတ်မင်းနှင့် ၎င်း၏အပေါင်းပါ နတ်မိစ္ဆာများကို ယုံကြည်မှုသည် စုန်းကဝေရှိသည်ဟု တထစ်ချမှတ်ယူသော အခြားယုံကြည်မှုတမျိုး၏ မိခင်ဖြစ်လာပြန်သည်၊ မာရ်နတ်မှာ လူသား၏ ဝိညာဉ်နှင့် လဲလှယ်ရန် ပစ္စည်းအခြောက်အခြားရှိသည်ဟူ၍ ရှေးလူတို့က ယုံကြည်ခဲ့ကြကုန်ပြီ၊ မျက်စိမှုန်၊ နားထိုင်းပြီး ခါးကိုင်း၍နေသော (ဝါ) ဆံဖြူသွားကျိုး၍ အရိုးပြိုင်းရယိုင်းပေါ်နေသော (ဝါ) ငယ်သွေး-ငယ်ချပ်-ထိမ်မြှုတ်ကြိုလို-ကတုန်ကရီ ဖြစ်၍ နေသော အဘိုးအို တယောက်သည် ၎င်း၏

ဝိညာဏ်ကို မာရ်လက်သို့ စာချုပ်ပေးတည်းဖြင့် အပ်နှင်းနိုင်ပါမူ နတ်ရေကန်တွင်းသို့ သက်ဆင်း လိုက်ရသလို ခဏမဆိုင်း ဖျူးရှိုင်းမကြာ လူပျိုလူရွယ် လူငယ်တယောက် အသေအချာ ပြန်၍ ဖြစ်နိုင်သည်ဟူ၍ ယုံကြည်သော ရှေးလူတို့လဲ အများအပြားပင် ဂါထာမန္တရားနှင့် ဆေးဝါးတို့ကို အသုံးပြုခြင်းဖြင့်ရင်း၊ အင်းအိုင်၊ ခလဲ့၊ လက်ဖွဲ့များကို စီခံခြင်းဖြင့်ရင်း၊ လူတယောက်သည် ရန်ငြိုးရှိသူ အခြား လူတယောက်ကို ပျက်စီးအောင် လက်စားပြန်၍ ချေနိုင်သည်ဟူ၍ ယုံကြည်သည့်အပြင် လူဆင်းရဲ လူမွဲများလဲ ဓနကြွယ်၍လာနိုင်သည်ဟူ၍ရင်း၊ ဈေးနာရောင်းဝယ်တောင်း၍ စည်းစိမ်ဥစ္စာတိုးတက်လာနိုင်သည်ဟူ၍ရင်း ထိုနည်းအတူပင် ယုံကြည်ကြကုန်၏။

လူသားတိုင်းမှာ စွဲမက်၍ သွားရည်ယိုထွက်လောက်အောင် ပက်ပက်စက်စက်ကောင်းမွန်သော ပစ္စည်းပစ္စယအများ မာရ်နတ်မင်း၏လက်တွင်းဝယ် အမျိုးမျိုးအဖုံဖုံစုပုံလျက်ရှိသည်၊ ယင်းသို့ ပြားမြောင်လှစွာသော လောကီစည်းစိမ် တထိန်ထိန်တို့ဖြင့် အချိန်မလပ် ဒလစပ် လက်ယပ်၍ခေါ်နေသော မာရ်နတ်မင်း၏ ဖြားယောင်းသွေးဆောင်မှုကို အောင့်ခံ၍ တောင့်ထားနိုင်သော လူသားအတွက် ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ သည်လှုပ်တိုင်းကုန်၏၊ ဟိုမှာဖက်၌ရှိသော တမလွန်လောကမှ နေ၍ စောင့်ဆိုင်းနေကြကုန်၏ဟုဆိုသည်။

ထိုရာတွင် မာရ်နတ်မင်းကမှ လက်ဝင်းဗိုဋ္ဌ ယခုကြုံတွေ့ရတဲ့ ဘဝမှာဘဲ လိုသလိုအကျိုးကို ပေးနိုင်စွမ်း၏ဟု ယုံကြည်ကြသည်။



ယင်းသို့အားဖြင့် မာရ်နတ်မင်းနှင့်တကွ ၎င်း၏လက်ပါးစေ အခြွေအရံဖြစ်တဲ့ စုန်းကဝေတို့ကို ယုံကြည်မှုကြောင့် ရှေးလူသားတို့ခံစားခဲ့ရသော ဆင်းရဲဒုက္ခတို့ကား တွေး၍ပင်မကြည့်စံ့လောက်အောင် ဆိုးဝါးလှချေ၏ တကား၊ အမှောင်ခေတ်တပွါ ရာဇဝင် အမျိုးမျိုးကို လှန်လှော၍ တဖန်သောကာ ပြန်၍ကြည့်လိုက်ကြစမ်းပါ၊ မည်သို့သော ဖြစ်ရပ်တွေကို တွေ့ရမည်နည်း? အကြောင်းမဲ့သက်သက် အဖျက်အဆီးခံရတဲ့ အိမ်ထောင်စုများကိုရင်း၊ ထောင်တန်းအကျခံ၍ အမျိုးမျိုးအဖုံဖုံ စုံ၍နေသော နှိပ်စက်ညှဉ်းပန်းမှုများရဲ့အောက်တွင် ဝမ်းလျားမှောက်ပြီး တကျော်ကျော် တအီအီ အော်မြည်နေကြသော မောင်နှံစုံတို့ကိုရင်း၊ အရှင်လပ်လပ် မီးရှို့ မီးမြိုက်ခြင်းကိုခံ၍ နတ်ရွာအထိခံရရှာတဲ့ လူကြီးလူရွယ် ကလေးသူငယ်တို့ကိုရင်း တွေ့ရချိမ့်မည်။

အိုလူသား--စဉ်းစားတွေးတော၍ ကြည့်စမ်းပါလော့၊ သည်မျှကျောချမ်း၍ ကြက်သီးဖြန်းတွယ် ကောင်းလေသနည်း?

အိမ်တိုင်း၊ ယာတိုင်းမှ ယောကျ်ားတိုင်း၊ မိန်းမတိုင်း၏ စိတ်၌ အကြောက်နှင့် အလွန် ဒွန်တွဲ၍ နေသော ခေတ်ကာလများကို စဉ်းစားတွေးတော၍ ကြည့်စမ်းပါလော့။

ထို့ပြင် စွပ်စွဲချက်ကို အပြီးအပိုင် ဆုံးဖြတ်ချက် ဟူ၍ရင်း၊ အပြစ်ခံ့သော မှန်တန်တဲ့ ပြောကြားချက်ကို ဝန်ခံချက်ဟူ၍ရင်း၊ အတိအကျ ယုံကြည်ကြသော (ဝါ)ဘာသာရေးရောဂါ အကြီးအကျယ်ထနေသော ထိုခေတ်ကာလကို သင်တို့၏ ဥာဏ်ကြေး

မှုံပြင်၌ သရုပ်ထင်လာအောင် အာရုံပြု၍ ကြည့်ရှုစမ်းပါလော့၊ မည်သို့သော ပြစ်မှုကိုမှု ကိုယ်-နှုတ်-စိတ်တို့ဖြင့် မကျူးလွန်ပါဘဲနှင့် အလကားအကြောင်းမဲ့ သက်သက် စုန်းကဝေဖြစ်သည်ဟူသော လူတို့၏ စွပ်စွဲချက်ဖြင့် အသက်ကို စွန့်ရသည် အထိကြီးမားလှဘိသော အတိဒုက္ခထဲ လူသားပညာရှင်များ ခံစားခဲ့ရချေသည်တကား။

ယခုအချိန်၌သော် ဤမှုထိတ်ဖွယ်၊လန့်ဖွယ် ကြောက်ရွံ့ဖွယ်ကောင်းလှသောဖြစ်ရပ်တို့ကား အခွဲ (၀၅) ဥပါဒါန်၏ သားသမီးများ ဖြစ်ကြသည်ဟူ၍ ကျွန်ုပ်တို့သိကြလေပြီ။

ယင်းသို့ လူသား ကိုယ်တိုင် မဘန်တဆ တွေ့ကြုံခံစားခဲ့ရသော ဒုက္ခဝေဒနာအပေါင်း၏ မိခင်သည်းမသိမှုဆိုတဲ့အဝိဇ္ဇာ မောဟပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်ကြလေပြီ။

နောက်ဆုံးတွင် လူသားနှင့်မာရ်နတ်မင်း၏ အဆက်အသွယ်များ အဘယ်အခါကမျှ တကယ်မရှိခဲ့ဘူးကြောင်းကိုလဲ မျက်ဝါးထင်ထင် ကျွန်ုပ်တို့ သိမြင်ကြလေပြီ။

သို့ရာတွင် ကျွန်ုပ်တို့၏ ဘိုး-ဘွား-ရှေးလူများတို့သည် အမျိုးမျိုးသော တန်ခိုးပြာဋိဟာများကိုရင်း၊ ထူးဆန်းသောတိတ်ကြီး နိမိတ်ကြီးများကိုရင်း၊ အစ္ဆရိယ၊ အဗ္ဘုတဖြစ်၍ အံ့ဩဘနန်း ကြက်သီးဖြန်းလောက်သော ဖြစ်ရပ်များကိုရင်း၊ နေ-လကြပ်ခြင်း၊ ကြယ်ကြွေခြင်း၊ ဥက္ကာပျံခြင်း၊ တော်လဲခြင်းတို့ကိုရင်း၊ ဂါတ်တော်၊ မွေတော်၊ အရိုးတော်နှင့် အံတော်ဆံတော်တို့၏ တန်ခိုးပါဝါကိုရင်း၊ မာရ်နတ်မင်းနှင့် တကွသော အပေါင်း



ပါနတ်မိစ္ဆာတို့၏ ကြီးထွားသော သြဇာအာဏာကိုရင်း ဦးလည်မသုံ တကယ်ကို ယုံကြည်ခဲ့ကြကုန်၏။

ဤကိစ္စအားလုံးသည် သဘာဝ မှ ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲသော တန်ခိုးပြာဋိဟာနှင့်သာ လုံးဝသက်ဆိုင်သည်၊ ဝါတို့နေရာ ဤကမ္ဘာလောကကြီးသည် မှော်ပဥ္စလက်တို့ဖြင့် အပြည့်အနှက်ဖြစ်နေသည်ဟုထင်မှတ်ရ၏။

ထိုထိုသို့သော မှော်ဆရာ၊ ပဥ္စလက်ဆရာများတို့သည် နတ်မိစ္ဆာများကို ချုပ်ကိုင်၍လိုသလိုခိုင်းစေ၍ နေကြကုန်၏၊ အားလုံး ကမ္ဘာ့ဖြစ်ရပ်များအတွက် လုံလောက်သော သဘာဝအကြောင်းတရားမှန်ကို လိုက်လံရှာဖွေရန် မည်သူမျှ လုံ့လမပြုတော့ဘဲ မမြင်ရတဲ့မာရ်နတ်နှင့်မိစ္ဆာနတ်များဆီသို့သာ မျှော်၍ကြည့်ကြကုန်၏။

အကြင်အခါ သာဝရနတ်ဘုရားနှင့် မာရ်နတ်တို့က အလိုရှိကြကုန်၏၊

ထိုအခါ ထိုထိုသော အံ့ဩဖွယ်ရာ ကမ္ဘာ့ဖြစ်ရပ်များ ပေါ်ထွက်လာကြကုန်သည်-ဟူ၍ ယုံကြည်ကြကုန်၏။

ထို့ကြောင့် အကြောင်းမှန်နှင့် အကျိုးမှန်ဆိုတဲ့ သဘာဝများ အလိုအလျောက် ကွယ်ပျောက်ခြင်းသို့ ရောက်၍ သွားကြရလေပြီ၊

မာရ်နတ်မင်းနှင့် အပေါင်းပါတို့သည် လူသား၏ကိုယ်ကာယအတွင်းသို့ ပူးဝင်နိုင်သောသတ္တိနှင့် ပြည့်စုံ၏ဟုလဲ ယုံကြည်ကြကုန်၏၊ မာရ်နတ်နှင့် အပေါင်းပါတို့၏ ပူးရင်ခြင်းကို ခံရသူ

သည် ပထမဦ လက်နှင့်ခြေများ ကတုန်ကရီ ထိုထိုဉ်ဉ်၍ လှုပ်ရှားသာ၏။

ထိုနောက်သူ၏ ပါးစပ်က သောင်စဉ်ရေမရ အလေလေနတော၊ တောင်ပြော၊မြောက်ပြောနှင့် စကားဖေါင်လာလေသည်။

ထိုအခါ နတ်ပူးနတ်ဝင်တဲ့ ဖြစ်ရပ်ထင်ရှားလာ၏။

ထိုမှအစပြုကာ ဓမ္မတာတရားနှင့်ရင်း၊ သဘာဝဖြစ်စဉ်နှင့် ရင်း ဆန့်ကျင်ဘက် ဖြစ်သော တန်ခိုးပြာဋိဟာများသည် ဤ ကမ္ဘာလောကကြီးကို စိုးမိုးလွှမ်းမိုးလာလေတော့သည်။

ထိုအခါ လူသား၏ ဝိစာရဏာ (ဝါ)ဆင်ခြင်ဉာဏ် နန်း ဆင်းပွဲခံလိုက်သဖြင့် မျောက်ခင်းအုသံကို တီးလိုက်ကြရလေပြီ၊ လူသား၏ နဖါးစွဲသော သဒ္ဓါနှင့် ယုံကြည်လွယ်မှုတို့ကြောင့် မုသာဝါဒမှာ လျှာနှင့် အတောင် ပေါက်လာခဲ့လေပြီ၊ ထို့ ကြောင့် သဘာဝဓမ္မ၏ အမှန်တို့ကို အမြှုပ်ခေါက်၍ ပုတ်မှောက် ပြီး ထားခဲ့ကြလေပြီ။

ယခုသော် တန်ခိုးပြာဋိဟာဆိုသည်ကာလဲ—ဟူသော ပြဿနာ ၏ အဖြေကို ကြည့်ကြပါဦးစို့။

တန်ခိုးပြာဋိဟာ—ဟူတဲ့သည်ကား သဘာဝဓမ္မ၏ အမှန် အတိုင်း ဖြစ်ပျက်နေတဲ့ သစ္စာတရားကို အလေးမပြု ဥပေက္ခာ မှု၍ သဘာဝဓမ္မကို အုပ်စိုးလွှမ်းမိုးနိုင်သူက ပြုလုပ်သော ကရိ ယာဖြစ်၏။

ဤအနက်သည်သာလျှင် တန်ခိုးပြာဋိဟာ—ဟူသော ဝေါ ဟာရ၏ ရိုးသားဖြောင့်မှန်သော အတ္ထုပ္ပါဒ (ဝါ)အဓိပ္ပါယ် ဖေါ်ထုတ်ချက် ဖြစ်လေသည်။



ဆိုစကားဆိုအပ်စွာ—အကြင်သူတဦးတယောက်သည် စက် ဝိုင်း၏ ထိတိတာက်ရှိသော အချင်း(ဝါ)ထိပ်ဝဖြင့် အပြည့် ညီညာသော စက်ဝိုင်းတခုကို တည်ဆောက်ခြင်းငှာ အကယ် ၍ကား စွမ်းနိုင်ခဲ့ပြားအံ့၊ ထိုကိစ္စသည် ဂျီဩမေထရီခေါ် ပုံပြ သင်္ချာဆိုင်ရာ၌ အံ့ဘနန်းသော တန်ခိုးပြာဋိဟာ ဖြစ်ပေလိမ့် မည်။

အကြင်သူ တယောက်ကမူ (၃+၃)=၅ ဖြစ်အောင် လုပ် စွမ်းနိုင်သည်ဆိုအံ့၊ ထိုကိစ္စသည် သင်္ချာဗေဒဆိုရာ၌ တန်ခိုးပင် ဖြစ်ပေလိမ့်မည်။

အခြားသူတဦးကမူ အထက်ကောင်းကင်မှ အောက်းမြေပြင် သို့ ကျဆင်းလာသော ကျောက်ခဲတလုံးကို ပထမ စက္ကန့်တွင် ၁၆-ပေကျ၍၊ဒုတိယတွင် ၂၅—ပေ ကျဆင်းစေပြီးလျှင် တတိယ စက္ကန့်မှာ ၅-ပေကျဆင်းစေအောင် ပြုလုပ်စွမ်းနိုင်သည်ဟုပြောလာ အံ့၊ ထိုအမှုသည် ရူပဗေဒဆိုင်ရာ၌ ရောမတန်ခိုးကြီး ဖြစ်ပေလိမ့် မည်။

အကြင်သူတဦးတယောက်သည် ဟိုက်ဒရိုဂျင် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်တို့ကို စုပေါင်းရောစပ်ခြင်းဖြင့် ရွှေသားအစစ်ဖြစ် အောင် ဖန်တီးပြုလုပ်နိုင်အံ့၊ထိုသူသည် ဓာတုဗေဒ ဆိုင်ရာ၌တန် ခိုးပြာဋိဟာကို ပြနိုင်သူဖြစ်ပေလိမ့်မည်၊တိုတို ကျဉ်းကျဉ်းနှင့် လို ရင်းကိုချုပ်၍ ပြောရလျှင် သဘာဝဓမ္မ၌ရှိသော တရားတို့ကို အလေးမပြု ဂရုမထားဘဲ ထိုအမှန် တရားတို့နှင့် ထော်လော် ကန့်လန့်ဆန့်ကျင်ဖက်ဖြစ်သော အရာများကို ပြုလုပ်ခြင်းသည် တန်ခိုးပြာဋိဟာမည်၏။

ယခုသော် ကျွန်ုပ်တို့သည် သဘာဝဓမ္မ၏ (၀၇) သံခါရ လောကကြီး၏ ညီမျှတဲ့သဘောနှင့် ဘက်မလိုက်တဲ့ သဘောကို ပေါ်လောကြီးမြင်ကြရလေပြီ၊ အားလုံးသော ဖြစ်ကွက်ဖြစ်ရပ်မှန်သမျှတို့သည် ၎င်းတို့ရဲ့ သဘာဝအား လျော်စွာဖြစ်ချိ၊ ပျက်ချိ၊ တိုးချိ၊ ဆုတ်ချိ၊ တက်ချိ၊ ကျချိ၊ ငုပ်ချိ၊ ပေါ်ချိ စက်လည်နေတဲ့ အခြင်းအရာတို့ကို ထင်လင်းစွာကျွန်ုပ်တို့တွေ့မြင်နေကြရလေပြီ။

တူမျှသော အကြောင်းတရား အခြေခံ တို့ကြောင့် ဖြစ်ပေါ်လာသောအရာတို့သည် သဘောတရားကွဲပြားခြင်းမရှိသော အကျိုးတို့သာဖြစ်ပေလိမ့်မည်ဟူ၍၎င်း၊ အကြင် အကြင် သို့သော ဗီဇမျိုးစေ့ကို စိုက်ပျိုးခဲ့လျှင် ထိုထိုမျိုးစေ့လျှင် အတူရှိသော အသီးကို ဧကန်မုချ ရလိမ့်မည်ဟူ၍၎င်း ကျွန်ုပ်တို့ သိမြင်ကြလေပြီ၊

အမှန်ဆိုရလျှင် ကမ္ဘါဖြစ်ရပ်မှန်သမျှမှာ ၎င်းတို့ကို မွေးထုတ်လိုက်တဲ့သဘာဝမိခင်အသီးအသီးရှိမြဲဖြစ်သည်။

ထို့ပြင် ထိုသည့်သားသမီးတို့ကပင် မိခင်တဖန် ဖြစ်ကြပြန်၍ ကမ္ဘါ၏ကွင်းဆက်ကို ဆက်လက်၍ လည်စေသည်—ဟူ၍ ယခုအခါ၌ ကျွန်ုပ်တို့အား အသေအချာသိမြင်ကြလေပြီ။

သို့ဖြစ်ရာ တန်ခိုးပြာဋိဟာဆိုတဲ့ ဤကိစ္စတို့ကား ဧကန်စင်စစ် တကယ်မဖြစ်နိုင်ရုံမျှမကမူ၍ ဝိမံသ ဝိစာရဏာဆိုတဲ့ စဉ်းစားဥာဏ်၊ ဝေဖန်ဥာဏ် ရှိသော လူသား တဦးတယောက်ပင် စိတ်ပါလက်ပါစဉ်းစား ဥာဏ်ဝင်၍ တကယ် မစဉ်းစား မဆင်ခြင် နိုင်သော အရာများလည်း ဖြစ်ချေသည်၊



ယခုခေတ်၌ ပေါက်ဖွား၍ ဆင်ခြင်တုံတရား ထက်ကိုင်ထားသော လူသားသည် ထိုထိုပေါ်ဖြစ်ခဲ့ပြီးသော ဘုံဘနန်း၊ လန်ဘနန်းအနှစ်ဆန်းဆိုတဲ့ တန်ခိုးပြာဋိဟာများ၊ ဧကန်မုချ လွန်လေပြီးသောအတိတ်ကာလ၌ ဖြစ်ပေါ်ခဲ့ဘူးပြီဟူ၍၎င်း၊ လာလတံ့၊ ရောက်လတံ့သော အနာဂတ်ကာလ၌လည်း ထိုသည့် တန်ခိုးပြာဋိဟာများ ဧကန်ဧက ဖြစ်ပေါ်ကြလိမ့်ဦးမည်ဟူ၍၎င်း မယုံကြည်နိုင်တော့ချေ။

အေး-တန်ခိုးယုံကြည်မှုဆိုတဲ့မျိုးစေ့သည်အပင်စွာပေါက်၍သော အခက်အလက်တိုးထွက် ခိုင်ပြီး၍ ရောမ အသင်ကြီးအဖြစ်သို့ ရောက်နိုင်ချေသည်တကား။

တဖန် ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် လူ့သမိုင်းစဉ်ကို စတင်၍ ဖွင့်ခဲ့ကြသော ရှေးလူတို့သည် မှောင်နှင့်မဲမဲ ဖြစ်၍နေသော အာကာသထဲမှာ လူသားကို ရန်ပြုတတ်သော မကောင်းဆိုးဝါး နတ်မိစ္ဆာများ အပြည့်အသိပ် ရှိသည်ဟူ၍ ယုံကြည်ခဲ့ကြကုန်ပြီ၊

ထိုမျှမက လူသား၏ ပူဇော်ပသမှုကို ခံယူပြီးလျှင် လူသား၏ကောင်းကျိုးကို ဆောင်ရွက်ကြတဲ့ သမ္မာဒေဝခေါ် နတ်ကောင်းနတ်မွန်များလည်းရှိသေးသည်ဟု ယုံကြည်ကြ ကုန်သေး၏၊ မကောင်းဆိုးဝါး နတ်မိစ္ဆာအများတို့သည်မာရ်နတ်မင်းနှင့် ဆက်သွယ်၍နေသကဲ့သို့ပင် ဤသမ္မာဒေဝ နတ်ကောင်း နတ်မွန်တို့သည်လည်း ထာဝရဘုရားသခင်နှင့် ဆက်သွယ်လျှက်နေကြကုန်သည် ဟု ယုံကြည်ခဲ့ကြလေပြီ၊

ဤသမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့၏ အလုပ်ကား ထာဝရဘုရားအား ယုံကြည်သူလူသားတို့ကို မာရ်နတ်၏ ဖြားယောင်းသွေးဆောင်မှု ကျော့ကွင်းမှ လွတ်ကင်း ကျော်မြောက်အောင် ကယ်တင်ရန်ဖြစ်သည်၊ သူတို့သည် အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့ဆောင်သူများကို၎င်း၊ ဆုတောင်းဆုယူ ပဋ္ဌာန်းပြု သူများကို၎င်း၊ ဂါထာမန္တန်၊ ရွတ်ဖတ်သူများကို၎င်း၊ ပုတီးစိပ်သူများကို၎င်း၊ ဥပုသ်စောင့်၍ မင်္ဂလာအခမ်းအနားပြုလုပ်သူတို့ကို၎င်း အမြဲတစေ ကာကွယ် စောင့်ရှောက်လျက် နေကြကုန်၏။

ဤနတ်ကောင်း နတ်မွန်တို့သည် ယုံကြည်သူလူသားတို့အား အနာရောဂါဘေး၊ အသတ်ဘေး၊ ဓါး လှံ ဘေးစသော ဘေးအမျိုးမျိုး ရန်ဆိုး အသွယ်သွယ် အန္တရာယ်အဝဝတို့မှ ကင်းဝေးအောင် ကူညီဖေးမခဲ့ကြကုန်၏။

သူတို့သည် အဆိပ်ရည်ကို အမြိုက်ရည်ဖြစ်အောင် ဖန်တီး၍ ယုံကြည်သူ ဘာသာဝင်လူသားတို့အား နည်းအမျိုးမျိုးဖြင့် ကူညီခဲ့ကြကုန်၏၊ ကာကွယ်ခဲ့ကြကုန်၏၊ ကယ်တင်ခဲ့ကြကုန်၏။

သူတို့သည် သူတော်စင်တို့၏ ဝီမံသ-ဝိစာရဏဉာဏ်ကို အပြင်းအထန် မောင်းထုတ်ဖယ်ရှင်း၍ ဆင်ခြေ ဆင်လက် မတွက်မတက်တဲ့ ယုံကြည်မှုသက်သက်ကို စိုက်ပျိုးခဲ့ကြကုန်၏။

သူတို့သည် သူတော်စင်တို့ကို မိန်းမတို့၏ မာယာ ကျော့ကွင်းဘေးမှ ကင်းဝေးအောင် ကယ်တင်ခဲ့ကြကုန်၏။

ထိုထို ယုံကြည်သူတို့အတွက် ဖြစ်သော ကောင်းကင်ဘုံနန်း၏ ကြက်သရေ မင်္ဂလာတိုက် စွဲမက် နှစ်သက် လောက်အောင် ဆေးရောင်စုံဖြင့် ခြယ်လှယ်ခဲ့ကြကုန်၏။



သူတို့သည် တဖက်က မာရ်နတ်မင်းကို မြင်ပြင်းကပ်အောင် အထပ်ထပ် သွန်သင်ခဲ့ကြကုန်၏။

ဤနတ်ကောင်း နတ်မွန် တို့သည် နှစ်ချင်း မင်္ဂလာ ခံယူပြီးသော ခလေးများကို၎င်း၊ ဥပုသ်ရက်ရှည် စောင့်သူများကို၎င်း၊ ဘုန်းကြီးများ မယ်သီလများနှင့်တကွ ယုံကြည်မှုလွယ်အိတ်ရှည်သမားတို့ကို၎င်း၊ အမြဲမသွေ စောင့်ရှောက်လျက် နေကြကုန်၏။

ဤသမ္မာဒေဝနတ်တို့ကား အမျိုးမျိုး အစားစား ရှိကြကုန်၏၊ တချို့နတ်များသည် တရံရောအခါက ဤကမ္ဘာလောကမြေပြင်၌ လူထီးလူမများ ဖြစ်ဘူးခဲ့ကြကုန်ပြီ။

အချို့ကား ဤသည့်လူ့လောကသို့ တကြိမ်တခါမျှ မရောက်ဘူးကြချေ၊ အချို့တို့မှာကား လက်ဦးမသွေ ကမ္ဘာတည်စ အချိန်ကတဲက ကောင်းကင် တမန်အဖြစ်ဖြင့် အဖန်ဆင်း ခံယူခဲ့သူတို့ဖြစ်၍ အနာဒိအနန္တ နတ်ဖြစ်၍ နေကြသူများ ဖြစ်ကြကုန်၏။

သို့ရာတွင် ဤသို့ ယုံကြည် နေကြသော ကောင်းကင်တမန်တော်တို့ ဘယ်လိုဟာတွေ ဖြစ်သနည်း။

ဘယ်သို့သော ရုပ်ဆင်းသဏ္ဌာန် ရှိကြကုန်သနည်း။

အထက်ကောင်းကင် လေဟာပြင်ထဲမှာ တနေရာမှ အခြားတနေရာသို့ ဘယ်ပုံဘယ်နည်းဖြင့် ရွှေ့ပြောင်းသွားလာကြကုန်သနည်း။

(သို့မဟုတ်) ဘယ်လိုဘယ်ပုံ လူသား၏စိတ်ကို ဖမ်းစားကြနည်း။

လွှမ်းမိုး အုပ်စိုးကြသနည်း-ဟသောအချက်တို့ကို မည်သူမျှ အတတ်သေချာ ရှင်းလင်းဖြေဆိုနိုင်ပါသည်ဟူ၍ ဝန်မခံနိုင်ခဲ့ချေ၊

ထိုသို့သော နတ်ဆိုး၊ နတ်ဝါး၊ နတ်မိစ္ဆာ များ ကို အုပ်စိုးသူကား မာရ်နတ်မင်းဖြစ်သည်၊ ထို့ပြင် အားလုံးသော သမ္မာဒေဝ-နတ် ကောင်း နတ်မွန်တို့၏ အရှင်သခင်ကား ထာဝရဘုရားရှင်ဖြစ်သည်ဟူ၍ ယုံကြည်ခဲ့ကြကုန်၏၊

အမှန်ဆိုရလျှင် ထာဝရဘုရားသခင်သည် နတ်ဆိုး၊ နတ်ကောင်းအားလုံးတို့ကို ဖန်ဆင်းသူဖြစ်ရာ မာရ်နတ်မင်း ကိုယ်တိုင်ပင် ထာဝရဘုရားသခင်၏ ရင်နှစ်တို့တွင် တယောက်အပါအဝင်ဖြစ်သည်ဟူ၍လည်း ယုံကြည်ကြကုန်သေး၏၊

မှန်လှ၏၊ ထာဝရဘုရားနှင့် မာရ်နတ်မင်းတို့သည် လူသား၏ဝိညာဏ်ကို သူပိုင်ငါပိုင်ရလိုမှုကြောင့် အမြဲတစေ စစ်ခင်းလျက် နေကြကုန်၏၊

ထာဝရဘုရားသခင်သည် အနန္တ ချမ်းသာ သုခ တည်းဟူသော ဆုတော်-လာဘ်တော်များကို ပေး၍ (ဝါ)ပြ၍ လူသားကိုမြှူ၏၊ ချော့၏၊

ထို့ပြင် သူ့အားမယုံသူ လူသားကို အနန္တငရဲ၌ခံစားရမည့် ထာဝရဆင်းရဲဖြင့် ခြိမ်းခြောက်၏။

သို့ရာတွင် ယနေ့တိုင် လူသားအားလုံး ထာဝရဘုရားဘက်သို့ မပါသေးချေ။

အဘယ်ကြောင့်နည်း၊

အခြားတဖက်ကိုလဲ ကြည့်ပါဦး၊ တဖက်တွင် မာရ်နတ်မင်း



သည် မားမားမတ်မတ် ရပ်လျက်ရှိသည်၊ မာရ်နတ်ကမူ သူ၏ဖက်တွင် လက်တွေ့ ချမ်းသာသုခများနှင့် လူသား၏ကာမ အလိုကို ဖြည့်လျက် ထာဝရ ဘုရားသခင်၏ ကောင်းကင်ဘုံနှင့်ဆိုင်ရာ စိတ်ကူး ချမ်းသာတို့ကိုငင်း၊ ငရဲခန်းဆိုင်ရာ စိတ်ကူးဆင်းရဲများကိုငင်း၊ ပြောင်လှောင်သရော်ခဲ့လေပြီ၊ ရန်ငြိုးကြီးလှသော မာရ်နတ်သည် သံသယ-တည်းဟူသော မျိုးစေ့ကို လူသား၏စိတ်တွင် ကြဲချလိုက်ပြီးလျှင် စုံစမ်းစစ်ဆေးရန်၊ ယုတ္တိသာဓက တောင်းဆိုရန်၊ ဆင်ခြင်စဉ်းစားရန်၊ ကိုယ့်အား ကိုယ်ကိုးရန် လူသားကို ဟောပြောသွေးဆောင်ခဲ့သည်၊ မြှားယောင်းခဲ့သည်။

ထိုနောက် သူသည် လူသား၏ ဟဒယ စိတ်ခေတ် အတွင်း၌ ပြင်းထန်သော လွတ်လပ်ရေး ချစ်စိတ်ကို သွတ်သွင်း၍ ပေးခဲ့လေပြီ။

ဥပါဒါန်အစွဲဆိုတဲ့ လက်ထိပ်ခြေကျင်းတို့ကို ချိုးဖြတ်၍ ထာဝရ ဘုရားအကျဉ်းထောင် အတွင်းမှ အတင်းခုန်ထွက်ရန် လှုံ့ဆော်ပေးရုံမျှမကဘဲ ကိစ္စတိုင်း၌ ဝေဖန်မှုကို အသုံးပြုရန် လူသားတရပ်လုံးကို တောင်းပန်ခဲ့လေသည်၊

ဤသို့သောနည်းအားဖြင့် မာရ်နတ်မင်းသည် လူ့သား လူသမီးတို့ကို ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်နှင့် ပေါ်ပေါ်ကန့်လန့်ဖြစ်အောင် ကြိုးပမ်းခဲ့လေပြီ၊ သူ၏ ကြိုးပမ်းချက် ကားအောင်မြင်လှပေသည်တကား။

ရှေးလူတို့သည် ဆုတောင်း ပတ္ထနာပြုခြင်းဖြင့်ငင်း၊ ယဇ်အ

မျိုးမျိုးတို့ကို ပူဇော်ခြင်းဖြင့်၎င်း၊ပရိတ်မန္တန်တို့ကို ရွတ်ဆိုခြင်းဖြင့်၎င်း၊ ဥပုသ်သီလစောင့်ထိန်းခြင်းဖြင့်၎င်း၊ သစ္စာဓိဋ္ဌာန်ပြုလုပ်ခြင်းဖြင့်၎င်း၊ မင်္ဂလာ အခမ်းအနားတို့ကို ပြုလုပ်ခြင်းဖြင့်၎င်း ထာဝရဘုရားသခင်နှင့် တကွသော အပေါင်းပါ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့၏ကူညီစောင့်မခြင်းနှင့်ကောင်းချီးပေးခြင်းကို ခံယူရရှိနိုင်သည်ဟူ၍ယုံကြည်ခဲ့ကြကုန်၏၊အလွန်ရှေးကျသော အတိတ် ကာလက ပေါက်ဖွါးခဲ့ကြတဲ့ လူသားတို့သည် အကျိုးအကြောင်းနှင့် ဆိုးကောင်းယုတ္တိ ဆင်လက် ဆင်ခြေအဆင်ပြေအောင် သဘာဝစမ္မကိုမတွေးတောမစေဖန်နိုင်ခဲ့ချေ။

အမှန်မှာ မာရ်နတ်သည် အားလုံးသော မကောင်းကျိုးဟူသမျှကို ပြုလုပ်ဖန်တီး၍ ပေးသူဖြစ်သည်ဟု သူတို့မယုံကြည်ခဲ့ကြချေ။

ရေတေးသင့်ခြင်း၊ အစာ ဝတ်မွတ် ခေါင်းပါးခြင်း၊ ရောဂါကပ်ဆိုးအမျိုးမျိုး ကပ်ရောက်ခြင်း၊ မုန်တိုင်းကျခြင်း၊ မြေငလျှင်လှုပ်ခြင်း၊ စစ်မက် ဖြစ်ပွါးခြင်းတို့သည် တရံ တခါ လူသား၏မယုံကြည်မှုအတွက် ထာဝရဘုရားသခင်က ချမှတ်လိုက်သောအပြစ်ဒဏ်များဖြစ်သည်ဟူ၍ ရှေးလူတို့က ယုံကြည်ခဲ့ကြကုန်၏၊

ယင်းသို့ ယုံကြည်ကြသည် အားလျော်စွာ ထာဝရ ဘုရားသခင်အမျက်တော်ရှသဖြင့် အပြစ်ဒဏ် ခတ်ခြင်းကြောင့်ကပ်ဆိုးကြီးသုံးရပ် အနက်မှတကပ်တကပ် ဆိုက်ရောက် လာသောအခါ ရှေးလူတို့သည် ဦးညွှတ်ဒူးထောက် လက်စုံမြှောက်၍ သွေးကင်းမဲ့သော(ဝါ)ဖြူဖတ်ဖြူရော်ဖြစ်သော နှုတ်ခမ်းတို့ဖြင့် အပြစ်ဒဏ်မခတ်ရန် ထိုကောင်းမြတ်သော ဘုရားသခင်အား



တောင်းပန်ကြရကုန်၏၊ အမျိုးမျိုးသော အသွေးယဇ်- အသားယဇ်တို့ကို အမျက်တော်ပြေစေရန်ပူဇော်ကြကုန်၏၊ပ—သ-ကြရကုန်၏၊ မိမိတို့ကိုယ်ကိုနှိမ်ချ၍ အပြစ်ကိုဝန်ခံကြရကုန်၏။

ရှေးလူတို့၏ တောင်းပန်ဝန်ချသောအသံ၊ဆုတောင်းပတ္ထနာပြုသောအသံတို့ဖြင့် ကောင်းကင်ယံတခုလုံး လွှမ်းမိုး ပြည့် လျှံဆူညံ၍သွားလေတော့သည်။

ရှေးလူတို့သည် ရောဂန္တရ ကပ်ဆိုး တခုခု ဆိုက် ကပ် လာသောအခါ ပုရောဟိတ်များ၊ ဖိုးကြီးများကို ပင့်ဖိတ် ပြီး လျှင် ပရိတ်မန္တန် မန္တရားတို့ကိုရွတ်ဖတ်စေခြင်းဖြင့်၎င်း(သို့မဟုတ်) မိမိတို့ကိုယ်တိုင် ဆုတောင်းပတ္ထနာ ပြုခြင်းဖြင့်၎င်း၊ ထိုရောဂါကပ်ဆိုးများကို ကာကွယ်တားဆီးရန် ကြိုးပမ်းခဲ့ကြကုန်၏။

မိမိတို့၏ယုံကြည်ချက်အားလျော်စွာ ဆေးတမြား အနာတမြားလုပ်ငန်းတွေကို အများကြီးပြုလုပ်ခဲ့ကြကုန်၏။

သို့ရာတွင် ပလိပ်ကပ်ရောဂါကား ဖြစ်မြဲတိုင်း ဖြစ်လျက်နေချေသည်၊ ယခုခေတ်လူသားကား ပ လိပ် ကပ် ရောဂါဖြစ်ပွားတယ်လို့ သိလျှင်သိခြင်း ပလိပ်ကပ်ရောဂါ ကာကွယ်တဲ့ဆေးကိုထိုးခြင်းမှတပါးအခြား ရှုးကိုးမှုတွေကို မပြုမလုပ်တော့ချေ။

ကျွန်ုပ်တို့၏ ဘိုးဘွားများခေတ်၌ ဝိဇ္ဇာ၊သိပ္ပအဝဝတို့သည် ကျကျနန တိုးတက်ခြင်းမရှိခဲ့သေးချေ၊သို့ဖြစ်ရာ ထူးထူး ဆန်းဆန်း အံ့ဘနန်းဖြစ်သော ကပ္ပါဖြစ်ရပ်အားလုံး၏လက်သယ်ကို ရှာဖွေရာ၌ လူတို့သည် အမှောင်တွင်းသို့ လက်ညှိုးထိုးခဲ့ကြကုန်၏၊ ထိုသည့် အမှောင်အတွင်းမှာ ကောင်းသော (ဝါ) မ

ကောင်းဆိုးဝါးသော ကောင်းကင်တမန်တော်များနှင့်မာရ်နတ်များရှိသည်ဟူ၍ ယုံကြည်ခဲ့ကြကုန်၏၊ ရှေးလူတို့သည်း ဖြစ်ရပ်တခု၏ သဘာဝအကြောင်းကိုရှာဖွေဖေါ်ထုတ်ခြင်းငှာမစွမ်းနိုင်ကြခြင်းကြောင့် ထပ္ပါ၏ ဖြစ်ရပ်ဟူသမျှကို နတ်ဆိုးနတ်ကောင်းတို့၏လက်သို့သာ ဝကွက်၍အပ်ခဲ့ကြချေပြီ၊ လူသား၏ကိစ္စအားလုံးကို တန်ခိုးတော်အားဖြင့်သာ ပြီးမြောက်စေခဲ့လေပြီ၊ လူ့သား-လူ့သမီးများကို ဖျက်ဆီးရန်၊ အပြစ်ဒဏ်ခတ်ရန်၊ လမ်းမှားများကို ညွှန်ပြရန်အလို့ငှာ အရာအားလုံးကို အမှောင်တွင်းမှာရှိတဲ့ နတ်ဆိုးနတ်ရွားနတ်ဒိဋ္ဌာအများတို့က ပြုလုပ်ခဲ့ကြလေပြီ။

လိုရင်းဆိုရသော်-ငါတို့နေထိုင်ရာ ဤကမ္ဘာလောကကြီးကားကောင်းကင်ဘုံနှင့် ငရဲခန်းပိုင်ရှင်တို့၏ စစ်သည်တော်များ အမြဲတစေ စစ်ခင်းတိုက်ခိုက်၍နေရာ စစ်မြေပြင်(၀၁)စစ်တလင်းကြီးဖြစ်လျက် နေခဲ့ချေပြီ၊

ဝိဇ္ဇာရဏာဥာဏ်ယှဉ်၍ စုံစမ်းစစ်ဆေးလေ့ရှိသော အမှား၊ အမှန် ဤနှစ်တန်ကို တကယ်ကောန်ဝေဖန်လေ့ရှိ၍ သက်သေသာကေနှင့် အာဂမယုတ္တိများကို တောင်းဆိုလေ့ရှိသော မည်သည့်လူသားမျှ အထက်၌ဖေါ်ထုတ်ခဲ့သော အစွဲဥပါဒါန်တို့ကို လုံးဝကောန် တကယ် မှန်သည် ဟူ၍ ယုံကြည်လိမ့်မည်မဟုတ်ချေ၊

အထက်၌ ဖေါ်ပြခဲ့သော ထိတ်ဆိုး၊ နိမိတ်ဆိုးနှင့် တိတ်ကောင်း၊ နိမိတ်ကောင်းဆိုတဲ့ဖြစ်ရပ်တို့ကား လူသားကို လုံးဝ



အရေးမထားတဲ သူ့အလိုအလျောက် ဖြစ်၍၊ ပျက်၍ နေမြဲဖြစ်သည်ဟူ၍ ယခုအချိန် လူသားတသိရှိလေပြီ၊ သဘာဝမှေကား ၎င်း၏ဖြစ်စဉ်ကို မေ့နေရိုး၊ လစ်ဟင်းနေရိုးမရှိချေ၊

ဤကမ္ဘာလောကမြေပြင်၌ သဝိညာဏကခေါ်တဲ့ သက်ရှိလူသတ္တဝါ တယောက်တလေမျှမရှိစေကာမူ ရေတောကြီးများ ဆိုက်ကပ်လျက်နေပေလိမ့်မည်၊

လေဆိုး၊လေသရမ်း၊လေနီကြမ်းကြီးများ ဝေ့ရမ်းလျက်နေရှိမည်။

မြေငလျင်ကြီးများ သွက်သွက်ခါတုန်ဟီး၍ နေလိမ့်မည်။

ဥတ္တုပုံ တော်လဲခြင်းတို့လဲဖြစ်၍ နေကြပေလိမ့်မည် ။

ကောင်းကင်ရှိ နေ-လ-နက္ခတ်-တာရာနှင့် ကြယ်ကြောင်တို့သည် အရောင် မှိန်ဘဲ တထိန်ထိန် ထွန်းလင်း၍ နေကြလိမ့်မည်၊

နေ့နှင့်ညတို့သည် ဤကမ္ဘာမြေကြီးကိုမတ်၍ လိုက်တန်းပြေးတန်းကစား၍ နေကြလိမ့်မည်၊

ကမ္ဘာမြေပြင်ပေါ်ကဖြစ်ကြကုန်သော သီးပင်၊ ပွင့်ပင်တို့သည် လူသတ္တဝါမရှိသေးပေမဲ့ အချိန်မလင့်အခါမဖင့်ဘဲရာသီအလိုက် ဖူးပွင့်ကြပြီး သင်းပျံ့ကြိုင်လှိုင်သော ရနံ့ကို အမြဲမတွေ့ ပေးလှူနေကြပေလိမ့်မည်၊

ချို-ချဉ်-စပ်-ဖန်-ငန်-ခါး-ဆိုတဲ့ရသာခြောက်ပါးကိုဆောင်တဲ့ အသီးတို့ကို ရာသီအလိုက် ကိုက်ညီအောင် သီးကြပြီးလျှင် ရှင့်ရော်-မှည့်ကြွေ၍ နေကြပေလိမ့်မည်။

ခေတ်သစ်ပေါက်ဖွား ဝိဇ္ဇာရေးအနှင့် ဝိမံသဉာဏ်သခင်ဖြစ်သော ပညာရှင်လူသားသည် ထာဝရဘုရားနှင့် မာရ်နတ်မင်းဆိုသည်ကာကယ်ရှိသောအရာဖြစ်သည်ဟူ၍ မယုံကြည်တော့ချေ။

ကောင်းကင်တမန်များ ခြံရံအပ်သော ထာဝရဘုရား၏ အုပ်စုသည်ရှင်း၊ နတ်ဆိုး-နတ်ဝါး-ဘုတ်-ပြိတ္တာ-တစ္ဆေများနှင့် တကွသောမာရ်နတ်မင်း၏အုပ်စုသည်ရှင်းအသိဉာဏ်ကင်းမဲ့၍ တုန်လှုပ် ချောက်ချား အကြောက်များ၍နေသော ရှေးလူသား၏ စိတ်ကူး၌သာလျှင် တည်ရှိနိုင်သည်ဟူ၍ သူကောင်း သိမြင်ခဲ့လေပြီ။

သူသည် နတ်ဒိဗ္ဗာနှင့် သမ္မာဒေဝနတ်ကောင်း၊ နတ်မွန်များ ဇာတ်လိုက်အဖြစ်ဖြင့်ပါဝင်သော ဧည်ဒဏ္ဍာရီများဖြစ်ပေါ်လာပုံ အကြောင်းအရာကိုရှင်း၊ ကမ္ဘာ့ရှိ ဘာသာတရား အားလုံးတို့၌ ရှင်းဒဏ္ဍာရီ ပုံပြင်များပါဝင်တာစားခဲ့ပုံကိုရှင်း၊ ထိုဒဏ္ဍာရီများသည် လူသား၏ မနုဝင်နှင့် ဖွားဘက်ဖြစ်၍ ရာဇဝင်စတဲ့နေ့မှ အစပြုကာ လူအများတို့၏ သမ္မာသာဓါရဏ ယုံကြည်တွယ်ရာများဖြစ်ခဲ့ပုံကိုရှင်း၊ ထိုထိုဒဏ္ဍာရီပုံပြင်များကို ယုံကြည်ကြရာ၌ ကျေးတောသားနှင့် ဖုံးကြီး ရဟန်းများ၊ တောသားနှင့် မြို့သား၊ သူဌေးနှင့် လက်လုပ်လက်စား၊ ပညာရှိနှင့် ပညာမဲ့များ လုံးမခြားနားဖြစ်ခဲ့ကြပုံကိုရှင်း သေချာထင်ထင်သိမြင်ခဲ့လေပြီ။

ရှင်ဘုရင်ရော နန်းတွင်းသူပါ၊ အမျိုးတော်ရော လူရွှင်တော်ပါ၊ စစ်သားရော အနုပညာသည်ပါ၊ ကျေးကျွန်ရော မှူးမတ်ပါ၊ ရာဇဝတ်သားရော ပုလိပ်သားပါ၊ ဖိုးသူတော်ရော မယ်သီလပါ၊ ဖုံးကြီးရော ရဟန်းပါ အားလုံးသော လူသတ္တဝါတို့သည် ထာဝရဘုရားသခင်ကို ယုံကြည်ကြကုန်သကဲ့သို့ပင် ဤမာရ်နတ်မင်း၏ ထင်ရှားရှိခြင်းကိုလဲ ပြင်းပြင်းထန်ထန် ခိုင်ခံ့သန်သန်နှင့် အမှန်ယုံကြည်လျက်နေခဲ့ကြလေပြီ။



သို့ရာတွင် ဤသို့သော ယုံကြည်မှုများမှာ ကျောထောက်နောက်ခံ အခြေခံ သာဓက ဘာတစ်ခုမျှမရှိချေ၊ ၎င်းတို့၏ အခြေခံအုတ်မြစ်တား အဝိဇ္ဇာဆိုတဲ့ အလင်းရောင် ကင်းမဲ့မှုဖြစ်သတည်း။

ယင်းသို့ ကင်းမဲ့ခြင်းကြောင့် အမှားအကြားနှင့် မုသားတွေ အမြောက်အမြား ပေါက်ဖွားလာခဲ့လေပြီ။

ယင်းသို့တစ်စနှင့် ရက်-လတွေ ပြောင်းပြောင်းပြီး၊ အချိန်တွေကြာညောင်းလာတဲ့အခါမှာ လူသားသည် ထိုထိုအမှားများကို သဘာဝကျသည်ဟူ၍ရှင်း၊ ထိုထိုအကြားများကို မကားလွန်းဟူ၍ရှင်း၊ ထိုထိုမုသားများကို ရိုးသားသည်ဟူ၍ရှင်း၊ ထင်မြင်ယုံကြည်၍လာခဲ့လေပြီ။ လူသား၏ရိုးသားသော ဤယုံကြည်မှုသည် ထိုကဲ့သို့သောအမှား၊ အကြားနှင့်မုသားတို့၏ ဘားပေးတန်ဖြစ်ခဲ့လေပြီ။

အသိဉာဏ်ပညာ မှေးမှိန်သော လူသားသည် ဤသို့သော ကိုးကွယ်ရာ အမှား-အကြားနှင့် မုသားတို့ကို ကြားရ ဖန်များလာသောအခါ ပါးစပ်ကြီးကိုဟ၍ မျက်လုံးကြီး နှစ်လုံးကိုမှိန်းပြီး၊ တဝေးဝေးမော သောဘကြီးသော နားဖြင့် ယုံကြည်၍ နားကြားခဲ့လေပြီ။

လူသားပညာရှင်သည် ဤသို့ဖေါ်ထုတ်ခဲ့သော အစွဲအလမ်း ဥပါဒါန်၏ သမိုင်းဖြစ်စဉ်ကို ထင်ထင်ကြီး တွေ့မြင်ခဲ့လေပြီ၊ ထာဝရဘုရားနှင့် သမ္မာဒေဝများ တကယ်ရှိသည်ဟုယုံကြည်မှု၊ ထို့ပြင် မာရ်နတ်နှင့်တကွသော အပေါင်းပါ နတ်ဆိုး၊ နတ်ဝါး နတ်မိစ္ဆာများကို ယုံကြည်မှုတို့ကား ဗုဒ္ဓဝါဒမှတပါး အခြားသော ဘာသာထိုင်းလိုလိုတွင် အရေးကြီးသော ကဏ္ဍမှပါဝင်ခဲ့၍ ထိုထိုဘာသာများ၏ ပဓာနအုဋ်မြစ် ဖြစ်ခဲ့လေပြီ။

ဆိုလိုရင်းကား ဗုဒ္ဓဝါဒမှတပါး အခြားသော ဘာသာကြီးတို့သည် ထာဝရဘုရားနှင့် မာရ်နတ်ဟူသော စက်ဘီးကြီးနှစ်ခု ပေါ်မှာတည်၍ လည်ခဲ့ကြကုန်၏ဟု ဆိုလိုပါသည်။

ဗုဒ္ဓဝါဒကား—

၁။ ဒုက္ခ၊

၂။ ဒုက္ခသမုဒယ၊

၃။ ဒုက္ခနိရောဓ၊

၄။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ-ဆို တဲ့ ဓမ္မမှန် လေးချက်ကို အခြေခံခဲ့သည်။

ဤလေးလုံးသော စက်ဖြင့်သာ ဗုဒ္ဓသည် သူ၏ ဓမ္မစကြာကို လှည့်ခဲ့သည်၊

ယနေ့ ကမ္ဘာသည် တိုးတက်၍ လာခဲ့ပြီ၊ ထာဝရ ဘုရားနှင့် မာရ်နတ်များ၏ တည်ရှိမှုကို ဆန်းစစ်ဝေဖန်၍ လာခဲ့လေပြီ၊

ဤသို့ဆန်းစစ်ဝေဖန်ပြီးနောက် ယနေ့လူသားသည် ထာဝရ ဘုရားနှင့် မာရ်နတ်သားတို့ရဲ့ တည်ရှိမှုကို အပြင်းအထန် ငြင်းဆံခဲ့လေပြီ၊



သို့ဖြစ်ရာ ထာဝရကိုတဲ ငြင်းဆို ငြင်းဆို (သို့မဟုတ်) မာရ်နတ်ကိုတဲ ငြင်းဆို-ငြင်းဆို၊ သူတို့နှစ်ဦးအနက်မှ တဦးဦးကိုငြင်းဆိုခဲ့လျှင် ဘာသာအားလုံးကို ငြင်းဆိုရာကျပေလိမ့်မည်၊

အမှောင်နယ်သားဖြစ်တဲ့ ဤမာရ်နတ်ဆိုတာ အကယ်တစေ့ ကေန်မှုရှ မရှိတဲ့ အရာ ဖြစ်ပချေသော် အမှားများ၊ အကြွားများဖြင့်ရင်း၊ အံ့ဩ ဘွယ်ရာ တန်ခိုး ပြာဋိဟာ များ ဖြင့် ရင်း၊ မုသားများ၊ ဒဏ္ဍာရီ ယုံတမ်း စကားတို့ဖြင့်ရင်း ရှေး လူ များ တည်ဆောက်၍ထားခဲ့သော ယုံကြည်မှုဆိုတဲ့ အဆောက် အဦကြီးသည် ရှုစရာ—ယူစရာ—ပုံပန်းသဏ္ဌာန် ရှာမရအောင် ပြိုလဲကျေမွ၍ သွားပေလိမ့်မည်၊ မာရ်နတ်ဂိုဏ်းသား နတ်ဆိုး၊ နတ်ဝါး၊ နတ်မိစ္ဆာများမှတပါး ကောင်းမွန်သော သမ္မာဒေဝနတ်များလဲ ရှိကြကုန်သေး၏-ဟု ယုံကြည်နေကြကုန်၏၊

၎င်းတို့သည် ဘာသာရေးစာပေနယ်၌ ကောင်းကင်တမန်တော်ဟူသော အမည်နာမဖြင့် ထင်ရှားခဲ့ကြကုန်၏၊ အဇ္ဈာဝေဟင် မိုးကောင်းကင်၌ ထိုထိုဤဤ-ပျံသန်း သွားလာနေကြသော ကောင်းကင် တမန်တော်များကိုရင်း၊ အပြစ်မဲ့သော သူတော်စင်တို့အား စောင့်မကယ်တင်နေကြသည်ကိုရင်း၊ ပုခက်ပေါ်မှာပြန်ဝဲ၍ ပုခက်တွင်းနေ ကလေးများ၏ ကျန်းမာပျော်ပြုံးမှုအတွက် ဆောင်ရွက်နေကြသည်ကိုရင်း၊ အကျဉ်းထောင်တွင်း သူတို့ရဲ့ ကြည်လင် တောက်ပသော ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီးလျှင် အကျဉ်းသားတို့အား မြော်လင့်ချက်ပေး နေကြသည်ကိုရင်း၊ ကျဆုံးနေသူ၊ လမ်းမှားနေသူ၊ အားသားရာ

မဲ့သူတို့အား ပျော်ရွှင်မြူးတူးနိုင်ကြရန် ကူညီကယ်တင်နေသည်ကိုရင်း၊ တကယ်တန်းတွေ့မြင်ရပါလျှင် ကမ္ဘာကြီးတခုလုံး ပျော်၍မဆုံး-မြူး၍မပြီး ဖြစ်ခဲ့ရာ၏။

သို့ရာတွင် နတ်ဒိဋ္ဌိရှိကြောင်း သက်သေ ရှာမရ သလိုပင် ဤကောင်းကင် တမန်တော်များ အတွက်လဲ အထောက် အထား သက်သေရဘို့ အခက်ကြုံနေရချေသည်၊ သူတို့တကယ်ရှိပါသည်ဟူ၍ ယုတ္တိသာဓက တခုခုကိုမျှ လက်ညှိုးထိုး၍ ပြစရာမရှိဖြစ်၍ နေရသည်တကား။

တရံရောအခါ ကမ္ဘာကျော် ပန်းချီဆရာကြီး အင်ဂျီးလိုသည် ဘုရားရှိခိုးကျောင်းတခုကို တန် ဆာ ဆင်နေစဉ် လှာဘိနပ်စီးထားသော ကောင်းကင်တမန်တော်အရုပ်ပုံကိုရေးဆွဲ၍ ဆေးခြယ်နေလေပြီ။

ထိုအခါ ၎င်းအရုပ်ကားကို ဘေးကရပ်ပြီးကြည့်၍ နေတဲ့ဖုံးကြီးတပါးက လှာဘိနပ်စီးတဲ့ ကောင်းကင် တမန်တော်ကိုမညှိသူမြင်ဘူးသနည်းဟု မေးမြန်းလေရာ ဘိနပ်မစီးတဲ့ ကောင်းကင်တမန်တော်ကိုကော မည်သူမြင်ဘူးသနည်း- ဟုသော ပြန်လှန်မေးခွန်းဖြင့် ပြေဆိုခဲ့ဘူးလေပြီ။

သို့ဖြစ်ရာ မာရ်နတ်မင်းနှင့်တကွ မြင့်မြတ်သောကောင်းကင်တမန်တော်များ တကယ်တိတိ ကျေနှ ရှိခဲ့ဘူးသော အချက်ကို ထောက်ခံမည့် ယုတ္တိသာဓကဟူ၍ ဘာတခုမျှမရှိကြောင်း ထင်ရှားသည်။

ဒါပေမယ်လို့ ကုဋေကုဋာ မြောက်မြားလှစွာသော ကမ္ဘာ



လူထုကြီးကတော့ ယိုသည့်မာရ်နတ်မင်းနှင့် ကောင်းကင်တမန်တော်များ တကယ်ရှိသည်ဟူ၍ တိတိမလွဲ ယုံကြည်နေသပင်ဖြစ်သည်။

အဲဒီလို ယုံကြည်မှုဟာလဲ ကြောင်း ကျိုး ယုတ္တိ ရှိ-မရှိကို တိတိကျကျ စေ့ဘန်သုံးသပ်၍ အဆုံး အဖြတ်နှင့် ယုံကြည်ခြင်းမဟုတ်ဟူ၍ ယခုအခါ ကျွန်ုပ်တို့ သိမြင်ကြလေပြီ၊ ယနေ့ကျွန်ုပ်တို့လက်တွေ့မှာတော့ မာရ်နတ်မင်းလဲ တကြိမ်တခါမျှ ခေါင်းပြူပေါ်မရတဲ့အပြင် ကောင်းကင် တမန်တော်အများဘို့လဲ ပတ်-ဗေ-နောင်-ပန္နက်သဲကို ခေါက်မြဲတိုင်း ခေါက်၍နေကြလေပြီ။

ထို့ကြောင့် ၎င်းတို့အားလုံးသည် အိပ်မက်ဖြစ်၍ သွားကြလေပြီ၊အေး-အိပ်မက်မှလဲမေ့သွားတဲ့အိပ်မက်အဖြစ်သို့ရောက်သွားကြလေကုန်သတည်း။

ဘာသာရေးတွေ အလွန်အကြူး အထူး ခေတ်စား၍ ဘာသာရေး မျက်နှာပန်း ပွင့်သော ရှေးအခါ၌ ကျွန်ုပ်တို့ နေထိုင်ရာ ဤကမ္ဘာမြေကြီးသည် အပြားဖြစ်ခဲ့ပြီ၊

အဲဒီမြေပြင်ရဲ့ အထက်နားတခိုမှာ ထာဝရ ဘုရားသခင်၏ ကောင်းကင်ဘုံနန်းရှိသည်ဟူ၍၎င်း၊ မြေပြင်ရဲ့ အောက်ဖက်မှာ မာရ်နတ်မင်းနှင့်တကွ ၎င်း၏မိုက်ဖော် ဆိုးဖက်များ၏ ဌာနရှိသည်ဟူ၍၎င်း ယုံကြည်ခဲ့ကြကုန်၏၊

ဆိုလိုရင်းကား-ထာဝရဘုရားနှင့် ကောင်းကင် ဘမန်တော်များသည် တတိယ အထပ်တွင် သီတင်းသုံးကြကုန်၏၊အောက်ဆုံးအထပ်မှာ မာရ်နတ်မင်းနှင့် အပေါင်းပါတို့ စံနေကြကုန်၏၊

ဝုတ်ယ(ဝါ)အထယ်ထပ်မှာသာ လူသား-လူ့သမီး နေထိုင်ကြ ၏ဟု ဆိုလိုသည်၊

ထို့ပြင် ရှေးခေတ်က ဘာသာရေးဝန်ဆောင် ဖုံးတော်ကြီး များသည် ထာဝရဘုရားသခင်၏ ကောင်းကင်ဘုံနန်းဘယ်နား မှာရှိသည်ဟူ၍၎င်း၊ ငရဲ၏တည်ရာဌာနကား ဘယ်ဆီမှာဟူ၍၎င်း သိခဲ့ကြကုန်၏။

ဒါတင်မျှ ကပါရိုးလား၊ ငရဲလောကမှ ငိုသံရိုသံ၊ ညည်းသူ ချေးတသံ၊ ကယောင်ကတန်း အရမ်း အော်သံများကို ကြားရ သယောင်ယောင် မီးခိုးမီးငွေ့များရဲ့ အနံ့ကို ရသယောင် ယောင် ပြောတောလေ့ရှိကြကုန်၏။

သူတို့သည် ဤကမ္ဘာမြေပြင်၌ရှိသော မီးတောင်များကိုငရဲ၏ ခေါင်းတိုင်များဟူ၍ မှတ်ယူကြကုန်၏။

သူတို့သည် နယ်နယ်ရရ ပုဂ္ဂိုလ်များမဟုတ်ကြကုန်။

စင်စစ်မှာ ကောင်းကင်ဘုံနန်းနှင့်တကွ မြေပြင်လောကရော ငရဲလောကကိုပါ သေချာစွာသိကြသူများဖြစ်ကြကုန်၏၊

ထိုမျှမက ထာဝရ ဘုရားသခင်နှင့်မာရ်နတ်တို့၏ အကြောင်း ကိုလည်း ကောင်းကောင်းသိသူများဖြစ်ခဲ့လေပြီ။

ဘုရားသခင်သည် အချောက်အခြောက်တို့ဖြင့်၎င်း (ဝါ) ဆု လာဘ်များအပြစ်ဒဏ်များဖြင့်၎င်း၊ ကမ္ဘာကို အုပ်ချုပ်စီမံခဲ့လေ ပြီ၊

ဘုရားသခင်၏ဆုလာဘ်ရော အပြစ်ဒဏ်ပါ အနန္တ (ဝါ) အဆုံးမဲ့တို့သာ ဖြစ်ကြကုန်၏၊



သို့ရာတွင် ကမ္ဘာသူ ကမ္ဘာသားအတွက် ဝမ်းနည်းဖွယ် အ ကောင်းဆုံးအချက်ကတော့ ထာဝရဘုရားရှင်တို့ရဲ့ရည်ရွယ်ချက် အစစ်မှာ လူသား၏ အသိဉာဏ် တိုးတက်ဖွံ့ထွား၍ အမှားနှင့် အမှန်ဝေဖန်နိုင်ရန်၊ ယင်းသို့ဝေဖန်ပြီးနောက် အမှားကိုလှန်ပြီး အမှန်ကိုကျင့်သုံးနိုင်ရန် မဟုတ်တဲ့ အချက်ပင်ဖြစ်ပါသည်။

ဘုရားသခင်သည် ဉာဏ်ပညာကင်းမဲ့သူ၊ လူသားအား သူ၏ အမိန့်ကိုကျိုးနွံစွာနာခံဖို့မှတပါး အခြားတာတခုမျှ သင်ပြညွှန် ကြားခြင်းမပြုလုပ်ခဲ့ချေ။

ယင်းသို့အားဖြင့် သူသည် သူ၏အမိန့်ကို မဒိမဆံ လိုက်နာ ကျင့်ကြံသူလူသားအား- အနန္တချမ်းသာသုခကို ရရှိစေမည်ဟု ဝန်ခံခဲ့လေပြီ၊

ထို့ကြောင့် သူသည် ဒုံးထောက်ခစားသူ၊ အသနားခံသူ၊ သူ၏ဂုဏ်ကျေးဇူးကို ရွတ်ဆိုသူ၊ သူ့အား ချီးကျူးသူ (ဝါ) ဖော်လံဖါး သူကို ချစ်မြတ်နိုး၍ စုံစမ်းမေးမြန်းသူ၊ စစ်ဆေး စေတနာသူ၊ တွေးတောကြံဆသူ၊ တီထွင် ဖော်ထုတ်သူနှင့် အဘိဓမ္မာဆရာများကို ရှုံရှာမုန်းတီးတော်မူခဲ့လေသည်၊

ထာဝရဘုရားသခင်သည် သူ၏အမျက်တော် ပြေရန် အလို့ ငှာ အနန္တငရဲကိုဖန်ဆင်းတော်မူခဲ့၏၊

သူသည် သဒ္ဒါနုဗါးမွှသူ (ဝါ) ယုံကြည်လွယ်သူများကို ချစ် ခင်၍ ပျော်စရာ၊ ရွှင်စရာမခဲ့ အမြဲဘမ်း ထွန်းလင်းတောက်ပ၍ နေသော နိုင်ငံတော်၌ ဘုံနန်းရိပ်သာကို ဖန်ဆင်း၍ ထား လေပြီ။

လူသည် အမေးအမြန်း အစုံအစမ်းမလုပ်တဲ့ (ဝါ)စပ်မစုတဲ့ လူများနှင့် အတူနေရမှ ကျေနပ်တော်မူသည်။

သို့သော် အဲဒီကောင်းကင်ဘုံနန်းနှင့် ငရဲစခန်းဆိုဒါ ဘယ်နားမှာရှိသလဲ။

အမှန်မှာ မိုးတိမ်တိုက်များ၏ အထက်တခိုတွင် ကောင်းကင်ဘုံနန်းမရှိ ဟူ၍၎င်း၊ ကမ္ဘာမြေကြီး အောက်ထဲတွင် ငရဲဆိုဒါလဲမရှိဟူ၍၎င်း ယနေ့လူသားက သိမြင်လေပြီ။

ယနေ့လူသားသည် ထာဝရဘုရား၏ အကူအညီကိုမယူဘဲနှင့် ကောင်းကင်ကို ပံ့နိုင်လေပြီ၊ ဒုံးပျံကြီးတွေဖြင့် ထာဝရဘုရားဖန်ဆင်းခဲ့တယ်ဆိုတဲ့ ကောင်းကင်ကို ပျံတက်ကြပြီးလျှင် ထာဝရ ဘုရားသခင် ဖန်ဆင်းခဲ့တယ်လို့ ယုံကြည်နေကြတဲ့ နက္ခတ်တာရာတို့ကို လေ့လာ၍ နေကြလေပြီ။

ထာဝရဘုရားသခင် ဖန်ဆင်းခဲ့တဲ့ လ-သို့ပင် တက်၍ကြည့်ရန် ပြင်ဆင်နေကြလေပြီ၊ ကောင်းကင်ကို ထွင်းဖေါက်ကြည့်နိုင်တဲ့ ရောမ မှန်ပြောင်းကြီးတွေကို တီထွင်၍ အသုံးပြုလိုက်သည်နှင့် တပြိုင်နက် ရှေးလူတို့ ယုံကြည်ခဲ့သော ရွှေငွေစိန်ကျောက်တို့ဖြင့် ထိန်ထိန်တောက်နေတဲ့ ကောင်းကင်ဘုံနန်းတွေဟာ နေရောင်ခြည်ကြောက်၊ ဆီးနှင်းပေါက်ကဲ့သို့ သွေ့ခြောက်ပျက်ပြယ် တခုပြီးတခု ဆက်ကာဆက်ကာ ကွယ်ပျောက်၍သွားကြရာလေပြီ၊

ထို့ပြင် လည်၍ နေသော ဤကမ္ဘာမြေကြီးသည်၎င်း၊ လူသား၏ တိုးတက်သော ဥာဏ်စွမ်းဖြင့် ဖန်ဆင်း၍ ဤကမ္ဘာ



ကို အပတ်ပေါင်းများစွာ လှည့်ပတ်ပြီးလာခဲ့သော ဒုံးပျံတို့သည်၎င်း ရှေးလူတို့၏ ကောင်းကင်ဘုံနန်း ငရဲစခန်းတို့ကို အဆုံးလမ်းသို့ပို့လိုက်ကြလေပြီ။

အမှန်မှာ ရှေးခေတ်လူသား ဆရာကြီးတို့ တီထောင်ဖန်ဆင်းခဲ့သော ဤစိတ္တဇကမ္ဘာ လောကကြီးများသည် အလင်းရောက်လျှင် အမှောင်ပျောက် သကဲ့သို့ ချက်ခြင်း လက်စတုံး ကွယ်ပချုပ်ဆုံးခြင်းသို့ ဒုံးရိုင်း၍သွားကြပြီဟု ဆိုလိုသည်။

ထိုသည့် ကောင်းကင်ဘုံနန်းနှင့် ငရဲကြီးတို့၏ တည်နေရာဌာနကို မည်သူမျှမသိခဲ့ချေ။

သိပါသည်၊ မြင်ဘူးပါသည်၊ ရောက်ဘူးပါသည်-ဟု အတိအကျ ဝန်ခံပြောဆိုနိုင်သူလဲ ကမ္ဘာ့သမိုင်းစဉ်၌ မထင်ခဲ့ချေ။

ဒါပေမယ်လို့ ငရဲရော ကောင်းကင်ဘုံနန်းကိုပါ ချွတ်လွဲလို့မရနိုင်အောင် စွဲစွဲမြဲမြဲအသဲခိုက်မျှ ယုံကြည်နေကြသူတို့ကား အသေခံ အနစ်နာ ရေတွက်မှန်းဆ ဂဏန်းချ၍ မရနိုင်အောင် ပေါများလှချေသည်။

ဤအချက်ကပင် ဘာသာရေး ဆရာကြီးများကို အထောက်အကူပြုလျက်နေချေပြီ။

ထိုယုံကြည်ချက်ကို အခြေပြုပြီးလျှင် ထိုထိုဘာသာသားရေးခေါင်းဆောင်တို့သည် ကောင်းကင်ဘုံနန်းနှင့် ငရဲတို့ဟာ ဌာနများမဟုတ်ဘဲ အခြေအနေများသာ ဖြစ်သည်ဟူ၍ ခေါင်းဆောင်ကာ ပြောဟော၍ လာကြပြန်ပေပြီ။

ဤသို့အားဖြင့် ထာဝရဘုရားသခင်နှင့်မာရ်နတ်(သို့မဟုတ်)

နတ်ဆိုးနှင့် နတ်ကောင်း ယုံကြည်မှုသည် ကမ္ဘါအနှံ့ ပြန့်လျက် တည်ရှိခဲ့ပြီ၊ ကောင်းမြတ်သောကမ္ဘာ့ဖြစ်ရပ်များ၏ နောက်ကွယ်၌ လူသားသည် သမ္မာဒေဝ နတ်ကောင်းများကို ထားခဲ့သည်၊ ဆိုးရွားသော ဖြစ်ရပ်များ၏ နောက်ကွယ်တွင်မူကား နတ်ဆိုးများကိုနေရာချထားခဲ့သည်။

သို့ရာတွင် ဤနတ်ဆိုးနှင့် နတ်ကောင်းများ တကယ် ရှိ၊မရှိကိုမူ လူသားက မစစ်ဆေးခဲ့ချေ၊ အမှန်စင်စစ် ပြောရလျှင် ဤနတ်နှစ်မျိုးတို့သည် အတွေးနယ်၌သာရှိကြကုန်၏။

သူတို့နှစ်ဦးစလုံးသည် လူသား၏အထင်(ဝါ)စိတ်ကူးသက်သက်မျှဖြစ်ပြီး သူတို့ကို မည်သူမည်ဝါဟု မည်သည့်အခါတမျှ မဖြစ်ဘူးခဲ့ချေ။

သူတို့သည် ကျွန်ုပ်တို့၏ ပဉ္စာရုံစက်ဝိုင်းအတွင်းသို့ တကြိမ်တခါမျှ သက်ဆင်းဝင်ရောက်၍ မလာခဲ့ဘူးချေ။

ထို့ကြောင့်လည်း ယခုခေတ်ဖွား ဆင်ခြင်ဉာဏ်ရှိသောလူသားသည် သေးနုပ်သိမ်ဖျင်းသော နတ်ဆိုး နတ်ဝါးများကို မကြောက် မလန့်တော့တဲ့အပြင် နတ်ကောင်း နတ်မွန် တို့ကိုလဲ အားမကိုးကြတော့ချေ၊ ၎င်းတို့ကို အတိတ် ကာလ တည်းဟူသော ကလေးထိန်းအခန်းမှ ကျိုးပဲ့ကြွင်းကျန်ရစ်သော ကစားစရာ ယမင်းရုပ်ကလေးများ ဟူ၍သာလျှင် လူပညာရှင်က အသိအမှတ်ပြုလေတော့သည်။

ယနေ့လူသားသည် အရာခပ်သိမ်း၏ အမှန်သဘာဝကို အမှန်အတိုင်းသိမြင်ရန် အပြင်းအထန် လိုလားတောင့်တ၍နေချေ



ပြီ၊ အမေးအမြန်းနှင့် အစုံစမ်းထူသော လူသားနှင့် လူသမီးတို့သည် တိတ်နိမိတ်များ၏ရှင်း၊ မဖြစ်ဘူးမြဲ ထူးကဲသော အံ့ဖွယ်ရာတို့၏ရှင်း၊ ကံကောင်းသော (ဝါ) ကံဆိုးသော ကျောက်ခဲနှင့် နေ့-လ-ရက်တို့၏ရှင်း၊ အင်းအိုင်ခလဲ လက်ဖွဲ့ များ၏ရှင်း၊ ကြယ်ကြွေခြင်း၊ နေ-လ ကျွံခြင်းတို့၏ရှင်း ခိုင်လုံသော ယုတ္တိသဘောကို တောင်းဆို၍နေလေပြီ။

ဤကမ္ဘာလောကကြီးကို ဝိုးမွားကလေးရဲ့အတွက် ဖန်ဆင်းပြင်၍ပေးတာထက် ပိုမိုလေးနက်သော ရည်ရွယ်ချက်ဖြင့် လူသားအတွက် ဖန်ဆင်းပြုပြင် ပေးခဲ့သည်ဟူ၍ ယုံကြည်သူရှိပါဦးမည်လော့။ ကမ္ဘာ၏မြောက်ဝန်ရိုးစွန်း နယ်တဝိုက်မှာ အခြေကျနေထိုင်ကြကုန်သော အိစကီးမိုး လူမျိုးများ မီးထွန်း၍ အလင်းရရှိနိုင်စေရန် ဝေလ-ငါးကြီးများကို ထာဝရဘုရားသခင်က ဖန်ဆင်းပေးခဲ့သည် ဟူသောအချက်ကိုရှင်း၊ ဝိုးပလံကောင် ကလေးများကို သွေးဆောင်၍သတ်ဖြတ်ဖျက်ဆီးပစ်ရန် မီးတောက်မီးလျှံ များကို ဖန်ဆင်းခဲ့သည်ဆိုသော အချက်ကိုရှင်း၊ လူသားလူသမီးတို့က မျို၍ မချနိုင်တော့ချေ၊ ကောင်းသည်ဟု ဆို အပ်သောကိစ္စများ ပြောင်မြောက်ရေးအတွက်သော်ရှင်း၊ မကောင်းဟုဆိုတဲ့အရာများ ပြည့်စုံရေးအတွက်သော်ရှင်း၊ အဖက်ဖက်၌ ရည်မှန်းချက်နှင့် ပုံသွတ်သူ(ဒီဆိုင်းနား)များ ရှိသယောင်ယောင် ထင်မှတ်ရသည်။

အို-လူသား-အသင်—

ကြည့်လိုသောနေရာ ဌာနများသို့ လှည့်၍ ကြည့်လိုက်စမ်းပါလော့။

ထိုသို့ကြည့်လေရာ ဌာနတိုင်း၌ အကောင်းနှင့်အဆိုး ခွန်ကွဲလျက်နေသည်ကို တွေ့ရလိမ့်မည်၊ အချို့အရာများသည် တိုးတက် ကြီးထွားရန် ကြိုးပမ်းလျက် နေကြကုန်၏၊ အချို့အရာများမှ တည်တံ့နိုင်မြဲရန် အားထုတ်လျက် ရှိကြကုန်၏၊ ကျန်အချို့မှာ ပျက်ဆီးယိုယွင်းတဲ့ဖက်သို့ ဦးတည်လျက် နေကြကုန်၏၊ မိတ်ခေတ်နှင့်ရန်ခေတ် (ဝါ) အချစ်နှင့်အမုန်းတို့သည် အရာအားလုံးကို ဝန်းရံလျက် ရှိသည်၊ မိတ်ခေတ် (ဝါ) အချစ်သည် အကာအကွယ်ကိုပေးမြဲ၊ ရန်ခေတ် (ဝါ) အမုန်းသည် ဖျက်ဆီးချေမှုန်းမြဲပင်၊ ဆုတ်ယုတ်မှုတွင် ပုံစံပေါ်လွင်သလို တိုးတက်မှုတွင်လည်း ပုံစံထင်ရှားမြဲဖြစ်သည်။

ထို့အတူ ဆုံးရှုံးခြင်း၊ ဝမ်းနည်းခြင်းတို့၌ ပုံစံ ပေါ်ထင်သကဲ့သို့ပင် အောင်မြင်ခြင်း၊ ရွှင်လန်းခြင်း တို့၌လည်း ၎င်း ကိုတွေ့မြင်နိုင်လေသည်။

သဘာဝ မွေ့သည် မီးစတဖက်၊ ရေမှုတ်တဖက် ကိုင်လျက် ၎င်း၏လုပ်ငန်းကို မပြတ်မလပ် ဒလစပ်ဆောင်ရွက်လျက် နေသည်၊ တဖက်က တည်ဆောက်၍ အခြားတဖက်ကမူ ဖြိုဖျက်လျက်နေသည်။

မှန်လှ၏၊ သဘာဝမွေ့ လုပ်ငန်းကား ဖန်ဆင်းရန်၊ ဖျက်ဆီးရန် (သို့မဟုတ်) သတ်ဖြတ်ရန်၊ ကာကွယ်ရန်ဖြစ်သည်။

အဲဒီလို ကာကွယ်၍ပေးခြင်းဟာလဲ နောက်ထပ်တဖန် ဖြိုသတ်ဖြတ်နိုင်ရန် အတွက်ပင်ဖြစ်သည်၊ အဖြစ်သဘာဝအားလုံးသည် အပျက် သဘောဖက်သို့ ဦးတည်လျက် ပြေးသွား နေကြ



ကုန်သကဲ့သို့ပင် အပျက်သဘာဝတို့သည်လည်း အဖြစ်သဘောသို့ရောက်ရန် ဒုံးစိုင်းလျက် နေကြကုန်၏၊

နေရာတိုင်း၌ ချွေတာခြင်းသဘော၊ ဖြုန်းတီးခြင်း သဘော (ဝါ) တည်ဆောက်ခြင်းနှင့် ဖျက်ဆီးခြင်းသဘော (ဝါ) ဗုဒ္ဓအဘိဓမ္မာ အားလျော်စွာ ဆိုရလျှင် အဖြစ်သဘောနှင့် အပျက်သဘောများ စက်ဆည်၍နေသည်ကို တွေ့မြင်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် အဖြစ်နှင့်အပျက် (ဝါ) ဥပ္ပါဒနှင့်ဝယ (ဝါ) ရှင်မှုနှင့်သေမှု (ဝါ) ထွက်မှုနှင့်ဝင်မှုတို့၏ အတက်နှင့်အသက်ကို ပြဇာတ်ကြီးပမာ ကြည့်ရှု၍ နေကြကုန်၏၊ ထိုပြဇာတ်ကြီးကို ကပ္ပ၊ ဇာတ်ခုံ၌ အမြဲတစေ ခင်းကျင်းကပြလျက် နေခဲ့သည်။

ထိုပြဇာတ်၌ ပါဝင်အသုံးခံကြသော ဇာတ်ကောင်တို့သည် မိမိတို့၏အခန်းကို ကျေပြွန်အောင် ကပြအသုံးတော်ခံပြီး နောက်ကားခဲကြီး၏အောက်သို့ ရောက်၍သွားမြဲ ဖြစ်ကြကုန်၏။

ထိုပြဇာတ်တွင် လူအရော၊ လူပညာရှင်ပါ၊ အရူးရော၊ အကောင်းပါ အားလုံးသော သတ္တဝါတို့သည် မိမိတို့ကပြရမည့်အခန်းနှင့် အငမ်းအကျွတ်ကို တချက်မျှမရိပ်မိ အတန်ငယ်ပင် မသိရှိကြကုန်ဘဲ (ဝါ) ဇာတ်လဲမတိုက်၊ သီချင်းလဲ မတိုက်ဘဲ ဆက်တိုက် ပါဝင် ကပြကြရပေမည်။

ဇာတ်လမ်း ဇာတ်ကွက်ကား အစဉ်အမြဲ ပြောင်းလဲ ရွေ့ရှား၍နေချေသည်၊ အချို့ဇာတ်ကောင်များနှင့် ဇာတ်ဆောင်များတို့သည် ပြည်ဖုံးကားခဲ၏အောက်သို့ ဝင်ရောက်၍သွားတဲ့အခါ အခြား ဇာတ်ကောင်အသစ်များ ပေါ်ထွက်လာပြီးလျှင် ဇာတ်လမ်းသစ်တခုသို့ ပြောင်းလိုက်ပြန်လေသည်။

ဤသို့သော နည်းအားဖြင့် ငုပ်ရှိ-ပေါ်ရှိ သံသရာလည်၍ နေခဲ့ရာ သဘာဝဓမ္မအတွင်း၌ လျှို့ဝှက်ချက်များ၊ နက်နဲမှုများဖြင့် ပြည့်နက်လျက်ရှိသည်၊ ကျွန်ုပ်တို့သည် ထိုထိုဇာတ်ကွက်၊ ဇာတ်လမ်းတို့ကို အဆန်းတကြယ် အဓိပ္ပါယ် ဖေါ်ထုတ်ရန် ကြိုးပမ်းခဲ့ကြကုန်၏၊ အချက်တခု၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်းလှပြီ၊ မြတ်သားလှပြီဟု ဖေါ်ထုတ်လိုက်လျှင် အခြားအချက်တခုနှင့်သွား၍ ခက်ထိတိုးတိုးပြီး ယော်သော် တန့်လန့်ဖြစ်နေသည်ကို တွေ့ရပြန်ရချေသည်၊ ကားခဲတခု ရုပ်သိမ်းလိုက်တိုင်း အခြားကားခဲတချပ်ပေါ်ထွက်လာပြန်ပင်၊ အရာအားလုံး အံ့ဘွယ်တွေ အစ္ဆရိယ အဗ္ဘုတတွေချည့် ဖြစ်ကြကုန်၏၊ ရေပေါက်ငယ် တခုသည် သမုဒ္ဒရာကြီး ကဲ့သို့ပင် အံ့ဘွယ်တချပ် ဖြစ်ချေသည်။

ထိုအတူ သဲကလေးတပွင့်ဟာလဲ ဤကမ္ဘာပထဝီမြေကြီး တမျှပင် ခဲခက်လေးနက်သော သဘောအဓိပ္ပါယ်ကို ဆောင်လျက်ရှိသည်၊ ဆေးရောင်ခြယ်ထားသော အတောင်နှစ်ဖက်နှင့် လိပ်ပြာကလေးတကောင်သည် အခြားအခြားသော သက်ရှိသတ္တဝါအများကဲ့သို့ပင် အံ့ဘွယ်ရာတခု ဖြစ်လျက်နေချေသည်၊ ခြေလက် အင်္ဂါ အပြည့်အစုံ အသွေး-အသား-အကြော-အရိုး အပြည့်အစုံနှင့် သတ္တဝါကလေးတကောင် ပေါက်ဖွား၍ ပေးလိုက်သော (ဥ)ကလေးတလုံးသည် အာကာသဟင်းခွင်အထက် ဝေဟင်၌ အစဉ်မြဲသွား လှည့်ပတ်နေကြကုန်သော နေ-လနှင့် ကြယ်တာရာတို့ကဲ့သို့ပင် အလွန်လေးနက်သည့် အခက်ကြီး (ဝါ)အံ့ဘွယ်ကြီးတရပ်ဖြစ်ချေသည်၊



မြေကြီး၌ မြုပ်နှံ့နေ၍ မိုးဦးကျဆိုတဲ့ ကဆုန်-နယုန်ကိုမြော်လင့်စောင့်ဆိုင်းနေသော သစ်စေ့ကလေး၏ လျှို့ဝှက်ချက်ကို အထက်မြတ်ဆုံး ကမ္ဘာ့ပညာရှင်ပင် မဖေါ်ထုတ်နိုင်သေးချေ၊ ကမ္ဘာ၌ ထွန်းကားခဲ့သော အတတ်ပညာတို့သည် မြက်ပင်မှ အသီး ကလေးတလုံး (ဝါ) အသေးငယ်ဆုံးသော သစ်ပင်မှ ရွက်နုကလေးတခု၏ လျှို့ဝှက်ချက်ကို ဖေါ်ထုတ်၍ ၎င်း၏ အဓိပ္ပါယ်ကို ထင်ရှား ပေါ်လွင်လာအောင် ရှင်းလင်းနိုင်သေးချေ၊

သို့ပင်ဖြစ်စေကာမူ ဘာသာရေး ဆိုင်ရာ ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများကမူ ကမ္ဘာလောကကြီးနှင့်တကွ ကမ္ဘာ၌ရှိ သက်ရှိနှင့်သက်မဲ့ အရာအားလုံးတို့၏ အစမူလကို သိရှိတော်မူခဲ့ကြကုန်၏၊ အားလုံးသောအရာတို့၏ အစနှင့် ဆုံး ကို မျှမက မူ၍ ၎င်းတို့ကို စတင်ဖန်ဆင်းတဲ့ ထာဝရဘုရားသခင်ရဲ့ ရည်ရွယ်ချက်ကိုပါ သိတော်မူခဲ့ကြကုန်၏။

၎င်းပုဂ္ဂိုလ်ကြီးများအတွက် လျှို့ဝှက်နက်နဲပြီး ခက်ခဲသော အရာဟာမျှမရှိခဲ့ချေ။

ထိုရာတွင် ပဋ္ဌာန် လက်တွေ့နှင့် ဆိုင်ရာ ကိစ္စအားလုံးတို့မှကား ထိုသို့ဘာသာဝန်ဆောင် ပုဂ္ဂိုလ်ကြီးများအတွက် အလွန်အကြုံး အထူးခဲခက်တဲ့ လျှို့ဝှက်ချက်ကြီးတွေဖြစ်၍နေကြလေပြီတကား၊

သို့သော် ရိုးဖြောင့်မှန်ကန်သော လူသားကား ဘယ်နံ့ရော အခါမှ မိမိကိုယ်တိုင်မသိပါဘဲလျက်နှင့် သိဟန်မဆောင်ခဲ့ချေ၊

သူသည်အမြဲတစေ ပွင့်ပွင့်လင်းလင်းရှိ၍ တော်တည့်၏၊ဖြောင့်မှန်၏၊ သူသည် အမှန်ကို မြတ်နိုး၏၊ ချစ်ခင်၏၊အမှန်ကို အားပေးထောက်ခံခဲ့တဲ့ အမှန်တကယ်သားဖြစ်၏၊ သူမသိသေးသော အရာကို မသိပါဘူး-ဟု၍ တိတိလင်းလင်း ဘွင်းဘွင်းကြီး ဝန်ခံနိုင်၏။

အမှန်မှာ–ကျွန်ုပ်တို့သည် တကယ်မရှိသော အရာကို(ဝါ) ကျွန်ုပ်တို့မသိသေးသောအရာကို (ဝါ) ကျွန်ုပ်တို့ရဲ့အတွေးနှင့် အထင်ကို အဘယ်ကြောင့် ဦးနှိမ်ရိုကျိုးလက်စုံမိုး၍ ရှိခိုးနေရမည်နည်း၊ အကယ်တစေ ဒါဒီ နတ်ဘုရားများဟာ ထင်ရှားရှိပါသည် ဟုဆိုသာချေသော် ထိုသည့်နတ်ဘုရားများဟာ အဆိုးအဝါးတွေ မဟုတ်ပါ၊ အကောင်းစားတွေ ဖြစ်ပါသည် ဟု၍ ကန့်ကိုင်ကန့်မ မည်သူကပြောနိုင်မည်နည်း၊ ဝန်ခံနိုင်မည်နည်း၊ ထိုထိုနတ်ဘုရားတို့သည် တကျော်ခကျော် ဟစ်အော်နေကြသော လူသား၏ ဘုတောင်းပဋ္ဌနာဘိုကို ဂရုပြု၍ နားထောင်ဘူးပါသလော၊ ၎င်းတို့သည်ကောင်းသူကယ်၍ မကောင်းသူကို တွယ်ကြတယ်ဆိုဘာခကာ ဟုတ်စရေရှိပါ၏လော။

ယင်းသို့လူကောင်းများကို ကယ်မရှုနှင့် လူဆိုးတို့ကို တွယ်ချုပ် တို့အတွက် အထောက်အထား သက်သေသာဓက ရှာပြနိုင်ပါမည်လော၊ လူ တို့ သည် ကိုယ့် ကိုယ် တိုင် ကြိုး ပမ်းဆောင်ရွက်မှုကြောင့် ကိစ္စတခုခုအောင်မြင်သွားခဲ့လျှင် ထာဝရဘုရားသခင်ကို ကျေးဇူးတင်ကြကုန်၏။

အဲဒီလုပ်ထုံးအဆင်ပြေစေလိုလျှင် လူတို့သည် သူတို့ရဲ့ဆုံး



ရှုံးမှု(ဝါ)မအောင်မြင်မှုအတွက်လဲ ထိုသည့် ဘုရားသခင်ကိုပင် ထောပနာပြုသင့်ကြကုန်၏။

အဘယ့်ကြောင့်နည်း။

သူသည် အကောင်းနှင့်အဆိုး (ဝါ) အောင်မြင်မှုရော ဆုံးရှုံးခြင်းပါ အကြွင်းဝင်လျက်ရှိသော ဤကမ္ဘာကြီး၏ဖန်ဆင်းရှင်ဖြစ်သည်ဟု ဆိုသောကြောင့်တည်း။

ထို့ကြောင့် လွတ်လပ်ကြီးပွါး၍ အ ဖက် ဖက်၌ ကြီးထွားတိုးတက်နေသော လူမျိုးတို့သည် ဘုရားသခင်ကို အမြဲတစေ ချီးကျူးနေကြသလိုပင် မလွတ်မြောက်ဘဲ ကျွန်သဘောက် ဘဝတွင်နင်းပြားဖြစ်၍နေသော လူမျိုးတို့တလဲ ၎င်းကိုပင် ကျေးဇူး တင်၍နေရချေမည်။

စင်စစ်သော်တမူကား-ဆိုအပ်ခဲ့ပြီးသော နတ်ဆိုး၊ နတ်ဝါးနတ်မိစ္ဆာများနှင့် သမ္မာဒေဝနတ်တောင်း နတ် မွန် များ သည် လူသား၏ ပဋ္ဌာရုံအပြင်ပ၌ တည်ရှိ ကြ ကုန် ၏၊ လူသား၏ လက်တွေ့နယ်ကို ကျော်လွန်၍နေသဖြင့် လူသား၏ အနုမာနစက်နိုင်းအတွင်းသို့ ချင်းနင်းဝင်ရောက်ခြင်းငှာ မ စွမ်း နိုင် သူများဖြစ်ကြကုန်၏။

ထို့ကြောင့် လူသားသည် တွေးတော ဆင်ခြင်ရပေမည်၊ အမြန်အလှန် စစ်ဆေးဝေဖန်ရပေမည်၊ ဒါသာယာဇာက-ဆိုတဲ့ သူ၏ ပသာဒရှင်ဝါးခုကို အမြဲမပြတ်အသုံးပြု၍ နေရပေမည်၊ သူမြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊လျက်သမျှ ထိသမျှကို အမြဲတစေစောင့်စစ်ဆေး၍ နေရပေမည်၊ ဆင်ခြင်မှု၊ တွေးတောမှုမှုကာင်း

သော လူသည် လူစဥ်မမီသူဖြစ်ပေလိမ့်မည်၊ ဆွေးနွေး ဝေဖန်ခြင်း မရှိသူသည် မိမိကိုယ်ကို မိမိသစ္စာ ဖေါက်ခြင်း ဖြစ်ပေ၏၊ ဝေဖန် ဆွေးနွေးရန်၊ စစ်ဆေး တွေးတောရန်၊ ကြောက်ရွံ့နေသူသည် ဥပါဒါန် အစွဲ၏အိမ်တော်ပါ ကျေးကျွန်ဖြစ်လေတော့သတည်း။

အစွဲဆိုတဲ့ ဥပါဒါန်သည် မည်ကဲ့သို့သော အဖြစ်ကို ဖြစ်စေတတ်ပါသနည်း။

ဒဏ္ဍာရီနှင့် ရှေးပုံပြင်များကို ယုံကြည်ခြင်းကြောင့် လူသားမှာမည်သို့သောနစ်နာ ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ပါသနည်း၊ တိတ်နိမိတ်နှင့် အံ့ဖြဲ့ဖွယ်တို့ကိုရင်း၊ ဂါထာမန္တရားနှင့် ဝိယသိဒ္ဓိ၊ ကာယသိဒ္ဓိ စသော ဆေးဝါးဘို့ကိုရင်း၊ အင်း အိုင် ခလဲ့၊ လက်ဖွဲ့နှင့် တန်ခိုးပြာဋိဟာတို့ကိုရင်း၊ နတ်ဆိုး၊ နတ်ဝါးနှင့် နတ်ကောင်းနတ်မြတ်တို့ကိုရင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်နှင့် ယမမင်း၏ အင်ပိုင်ယ နိုင်ငံတော်ကြီးများကိုရင်း ယုံကြည်မှုသည် လူသား၏ဦးနှောက်ကို ဖေါက်ပြန်ချောက်ချားစေ၍ ဤကမ္ဘာလောကကြီးကို အရူးထောင်အဖြစ်သို့ ရောက်စေခဲ့သည်။

ဤယုံကြည်မှုသည် လူသား၏ စိတ်ချမှုနှင့် ကိုယ့်အား ကိုယ်ကိုးမှုကို ချေမှုန်း၍ပစ်ခဲ့သည်၊ လူသား၏ လက်တွေ့ကို မာယာအဖြစ်သို့ရောက်အောင်ပို့ဆောင်ခဲ့သည်။

အကြောင်းနှင့်အကျိုးတို့၏ ဥင်းဆက်ကို ချိုးဖျက်လိုက်သည် လူသားကို အကျိုးမဲ့ သူ တ ပါး ကို အားကိုး သော ကျွန်သဘောက်ဘဝသို့ အတင်း အမှောင်ထဲတွန်း၍ ချခဲ့သည်၊ ဤသို့စသော အဖြစ်အာဒီနဝများကို ဖြစ်စေရုံမျှမကဘဲလမ်းယုံကြည်မှု ဆိုတဲ့ ဤဥပါဒါန်တွေရှိနေသမျှ ကာလပတ်လုံး သဘာဝမှု



ဆိုင်ရာ အသိဥာဏ်ပညာသည် ကျွန်ုပ်တို့လူသားများဘက်လှမ်းရမည့်လမ်းကို အလင်းရောင်ထိုး၍ မပြနိုင်တဲ့အပြင် သဘာဝမှုသည်ပင် လူသားကိုယ်တိုင်မမြင်ရသော တန်ခိုးရှင်၏ လက်တွင်းကစားစရာကလေးတခုဖြစ်၍သွားလေတော့၏။

မီးနှင့်ရေတို့သည် တန်ခိုးရှင်၏ အမိန့်အတိုင်း ပူမှုနှင့် စိုမှုကို ပြုလုပ်ကြလေကုန်တော့၏၊ တန်ခိုးရှင်သည် အကြင်စကား၌ သူ၏ ဆေးကြိမ်လုံးဖြင့် သဘာဝမှုကို တို့လိုက်၏၊ ထိလိုက်၏၊ ထိုခဏ၌သဘာဝမှုသည်ပင် အလိုအလျောက် ကွယ်ပျောက်ခြင်းသို့ ရောက်၍သွားရသည်၊ အကြောင်းတရားတို့သည်အမြုံဘဝသို့ရောက်၍ သွားကြကုန်ပြီးလျှင် အကျိုး တရား တို့သည်လည်း မည်သည့်မိခင်ကိုမျှ အမှီသဟဲ မပြုကြကုန်ဘဲ မိုးကျရွှေကိုယ်အသွင် ချိုးကနဲသွားကနဲ ပေါ်ထင်၍လာကြကုန်၏၊ ဥဒ္ဓနွကုဏ္ဍူမည်သော စိတ်ရှုံးသည် နန်းသိမ်းပွဲခံလိုက်လေရာ အားလုံးအောက်ခြေလွတ်၍သွားခဲ့လေပြီ။

ထိုအခါ ဝိစာရဏာဥာဏ်နန်းကျ၍ ဥပါဒါန်ခေါင်းမှာသရဖူဆောင်းလိုက်လေပြီ။

လူသား၏ နှလုံးသားကျောက်ဖြစ်ပြီး ဦးနှောက်ကားရေဖြစ်သွားရှာလေပြီ၊ လူသား၏ လုံ့လ ဝီရိယနှင့် တန်ဖိုး ကြီးလှသော အချိန်များကို တန်ခိုးတော်၏ အကာအကွယ် အစောင့်အမရရှိစေရန် ကြိုးပမ်းရာ၌ အချည်းနှီး အလဟဿ ဖြုန်းတီး၍ ပစ်ခဲ့ကြလေပြီ။

လူသားသည် မိမိ၏ ကိုယ်ပိုင် ဖြစ်သော စုံစမ်း စစ်ဆေးမှု၊

သုံးသပ်ဝေဖန်မှု၊ စမ်းသပ်တီထွင်မှုတို့ကို ဥပေက္ခာပြု လျစ်လျူရှုပြီးလျှင် မင်္ဂလာအခမ်းအနားများ ယတ်ပူဇော်မှုများ၊ ဗလိနတ်စာကျွေးမှုများနှင့် ဆုတောင်းပဏ္ဏာမှု များကိုသာ အင်တိုက်အားတိုက် ပြုလုပ်၍နေလေတော့၏၊ ထို့ကြောင့် အဖက်ဖက်၌တိုးတက်မှု တီထွင်မှုမရှိဖြစ်လာလေတော့၏။

ထို့ကြောင့် အစွဲ ဥပါဒါန်သည် လူသား၏ တိုးတက်မှု အတွက် အန္တရာယ်ကြီးအစစ် တော့ဖြစ်လေတော့၏။

ထိုမှတပါးလည်း ဥပါဒါန် အစွဲသည် နတ်ဗြဟ္မာအများနှင့် ကောင်းကင်တမန်တော်အားလုံးကိုရင်း၊ မာရ်နတ်မင်းနှင့်တကွ ၎င်း၏မိုက်ဖော်ဆိုးဖက်ဖြစ်ကြကုန်သော နတ်ဆိုးများကိုရင်း၊ အစိမ်းသရဲနှင့် စုန်း-ဘဏ္ဍေ-တစ္ဆေ-မြေဖုတ်တို့ကိုရင်း၊ ဖန်ဆင်းခဲ့လေပြီ၊ ငရဲဘုံနှင့် ကောင်းကင်ဘုံနန်းတို့ကိုတခမ်းတနားတည်းဆောက်သူလဲ အစွဲပင် ဖြစ်ခဲ့လေပြီ။

အားလုံးသော စနည်းဘတောင်ဆရာ၊ ဗေဒင်ဆရာ- အနာဂတဝင်ဆရာများနှင့် ပုဏ္ဏားညိ၊ ပုဏ္ဏားပြာတို့သည် ဥပါဒါန်အစွဲ၏သားတော်ကြီးများ ဖြစ်ကြကုန်၏။

ထို့ပြင် ၎င်းဥပါဒါန်သည် အာကာဝေဟင်၊ မိုးကောင်းကင်ကြီးတခုလုံးကိုတိတ်ဆိုးနိမိတ်ဆိုးများ၊ တိတ်ကောင်းနိမိတ်ကောင်းများအပြင် ဗုံညည်ဖွယ်ရာအများတို့ဖြင့် ပြည့်လျှံ၍ သွားစေခဲ့ပြီ အကျိုးနှင့် အကြောင်းဟူသော ကွင်းဆက်ကို ချိုးဖျက်ဖြတ်တောက်ပြီးလျှင် အကြွ၊ အမှားတို့ဖြင့်လူသား၏မနဝင်ကို တည်ဆောက်ခဲ့လေပြီ။



လူသားသည် ကောင်းမှုကောင်းတာကို ဆောင်ရွက် လုပ်ကိုင်ရာ၌ပင် အစွဲဥပါဒါန်ကို လက်မလွှတ်ချေ၊ လူသား၏ အစွဲကားများပြားလှချေ၏၊ ထိုမျှများပြားလှသော ဥပါဒါန်တို့ကိုတချိန်တည်း ဖြုတ်ပစ်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပါချေ။ သို့ရာတွင် မရှိစွဲကို ဖြုတ်ရန်မှာ ခဲခက်ဖွယ်ရာ မရှိသဖြင့်၎င်း၊ ၎င်းအစွဲသည် လူသား၏တိုးတက်ရေး၌ အကြီးဆုံး အန္တရာယ်ဖြစ်သောကြောင့်၎င်း ထိုမရှိစွဲကိုရှေးဦးစွာဖြုတ်ရန် တိုက်တွန်းရပေသည်။

အေး- ဟုတ်လှချေ၏၊ အစွဲဆိုတဲ့ ဥပါဒါန်ကြောင့်ပင် လူသားသည် တိရစ္ဆာန်ရုပ်များနှင့် ပုံသဏ္ဍာန်အမျိုးမျိုးကိုဆောင်သော ကျောက်တုံးကျောက်ခဲများ၏ ရှေ့မှောက်၌ ဒူးထောက်ခဲ့ရလေပြီ၊ မြွေနဂါး အမျိုးမျိုးနှင့် သစ်ပင်အမျိုးမျိုးတို့ကို ရှိခိုးဦးနှိမ့်ခဲ့ရလေပြီ၊ ထင်ထင်ရှားရှား တကယ်မရှိတဲ့နတ်ဘုရားတို့ကို ညွှတ်တွားခဲ့ရလေပြီ၊

ထိုထိုဥပါဒါန် အစွဲတို့၏သဲသဲမဲမဲ လှုံ့ဆော်မှု ကြောင့်ပင် လူသားသည် စေတီပုထိုးတွေ၊ ယဇ်ပလ္လင်တွေ၊ ဘုရားရှိခိုးကျောင်းကြီးတွေ၊ ရုပ်တု၊ ဆင်းတုတွေ ဝတ်ကျောင်း၊ ဝတ်ဇရပ်တွေကို အသင်္ချေအနန္တ ရေတွက်ရာဂဏန်းရှာမရအောင် တည်ဆောက်ကိုးကွယ်ခဲ့ကြလေပြီ၊

ယင်းသို့ကြိုးပမ်းအားထုတ်ပြုလုပ်ခြင်းကြောင့် လူသား၏ အလိုဆန္ဒလုံးဝပြည့်စုံပါပြီလော၊ ယနေ့တိုင်ကားတခါမှမပြည့်စုံခဲ့သေးပါဟု ဝမ်းနည်းစွာပင် ဖြေဆိုရပေမည်။

ဥပါဒါန်အဖွဲ့သည် လူသား၏ ချွေးနဲ့စာကို နည်းမျိုးစုံတို့ဖြင့် ထုတ်၍ယူခဲ့လေပြီ၊ အဆုံးစကား ပြောကြားရလျှင်၊ လူသား၏ ချစ်လှစွာသော သားသမီးနှင့် မယား ဇနီးတို့၏ အသား အသွေးဘို့ကိုပင် ယဇ်ပလ္လင်မှာတင်၍ ပူဇော်အောင် လှုံ့ဆော်၍ သွေးဆောင်ခဲ့လေပြီ၊ နတ်ဘုရားတို့၏ ယဇ်ပလ္လင်များကား အမြဲတစေ သွေးစိမ်းတို့ဖြင့် စွန်းပေလျက်ရှိခဲ့လေပြီ။

ဥပါဒါန်ဆိုတဲ့ဤအဖွဲ့သည် ပညာရှင် လူသားတို့အား ညှဉ်းပန်းနှိပ်စက်ရန် လက်နက် ကရိယာအမျိုးမျိုးကို တီထွင်တဲ့ဖန်ဆင်းရှင်ဖြစ်ခဲ့လေပြီ။

ဥပါဒါန်သည် ရဲရင့်သော မိန်းမ၊ ယောကျာ်း အမြောက်အမြားကို အရှင်လပ်လပ် အရေကို ဆုပ်ခွါခဲ့လေပြီ၊ လက်ထိပ်ခြေကျင်းတင်းအောင်ခတ်ပြီး ရှောင်အိမ်သွင်း၍ အကျဉ်းချထားခဲ့လေပြီ။

၎င်းသည် ကမ္ဘာ၏လူ့ခေတ်လူ့ကောင်းအများကို အရှင်လပ်လပ်ဆတ်ဆတ် မီးရှို့၍သတ်ခဲ့လေပြီ၊ ဥပါဒါန်အဖွဲ့သည် စိတ်မခံ့သူတယောက်၏ စကားကို မုကွပါဠိတော်ဟူ၍၎င်း၊ ထိုကဲ့သို့သော သူတယောက်၏ က ပေါက် ကချာ က မောက် ကမ သောင်းစဉ် ရေမရ ပြောဆိုသောစကားကို အနာဂတ်ကာလအတွက် ဗျာဒိတ်တော် ဟူ၍၎င်း၊ ထာဝရ ဘုရားသခင်၏ အနန္တဉာဏ်တော်ဟူ၍၎င်း လွဲလွဲချော်ချော် ဇွတ်တရွတ် လူသားအား မှတ်ယူစေခဲ့ပြီ။

အတိတ်ကာလ ဖြစ်ပျက်ခဲ့သော ကမ္ဘာ့သမိုင်းကို ပြန်၍သုံး-



သပ်လိုက်စမ်းပါလော့၊ အစွဲ ဥပါဒါန် အလွန် ပြင်းထန်သော ကယုသန် တဇောက်ကန်း အာဏာပိုင်တို့သည် ခေတ်အသီးသီးတို့၌ ခေတ်၏ရှေ့ပြေးအတွေးအခေါ်ရှိကြတဲ့ ကဲ့လူတော်လူကောင်းတို့ အပြင်းအထန် အနှိပ်အစက်ခံခဲ့ရပုံကို တွေ့မြင်ရပေလိမ့်မည်၊ စစ်ဆေးဝေဘန်မှုကိုပြုကြကုန်သော ဝိစာရဏနှင့် ဝိမံသ ဉာဏ်ရှင်များသည် ထောင်သို့သွင်း၍ အကျဉ်းချထားခြင်းကို ခံခဲ့ရလေပြီ၊ အစွဲဥပါဒါန်သည် ရုပ်ကာယဟူသော ရုပ်ကာယနှင့် ဦးနှောက် နှစ်ရပ်လုံးအတွက် လက်ထိပ် ခြေကျင်းတို့ကို ဖန်ဆင်း၍ ရုပ်ရောနာမ်ပါ မလှုပ်သာအောင် ထုံးခတ်၍ထားခဲ့လေပြီ၊ အဆုံးသတ်ရေးရလျှင် ဥပါဒါန်ဆိုတဲ့ အစွဲသည် လူသား၏ ကာယကံလွတ်လပ်မှုနှင့် ဝစီကံ လွတ်လပ်မှု နှစ်ခုလုံးကို လက်စသတ် ကိစ္စတုံး သဘောဖြင့် ချေမှုန်းဖျက်ဆီးခဲ့လေပြီ။

ထို့မှမက ဥပါဒါန်သည် ကျွန်ုပ်တို့အား ဆုတောင်းပတ္ထနာပြုရန် မင်္ဂလာ အခမ်းအနားကျင်းပရန်၊ ဒူးထောက်၍ အလျှားမှောက်ရန်၊ မိမိကိုယ်ကို မိမိတို့ မုန်းတီးရန်၊ ကမ္ဘာလောကရှိ သုခအာရုံအလုံးစုံကို ရွံရှာရန် မိမိ၏ရုပ်ကာယကို အပြင်းအထန် ညှဉ်းပန်းရန်၊ လူနှင့်လူချင်းရှောင်ကွင်းကြရန်၊ ချစ်လှစွာသော သားသမီးနှင့် မယားဇနီးတို့ကို စွန့်ပစ်ကြရန် အပြင်းအထန် ဟောပြောညွှန်ကြားခဲ့လေပြီ။

ထို့ပြင် လူသား၏ မေတ္တာ တည်းဟူသော အချစ်သဘာဝသည် ယုတ်၏၊ ညံ့၏၊ သိမ်၏၊ ဖျင်း၏၊ မင်္ဂလာမရှိ ကြက်သ

ရေယုတ်သော ကိစ္စဖြစ်၏ ဟူ၍၎င်း၊ အိမ်ယာ မထောင်သော လူပျိုကြီးများသည် ဖခင်များထက် ပိုမိုမြင့်မြတ်သည်ဟူ၍၎င်း၊ အိမ်ယာမထောင်သော သီလရှင်များသည် မိခင်များထက် ပိုမို မြင့်ကြကုန်၏ဟူ၍၎င်း၊ မခံမဆေးယုံကြည်မှုသည် အမှန်သဘောထက် သာလွန်ခွန်မြတ်သည်ဟူ၍၎င်း၊ ထိုယုံကြည်မှုသည် လူသားကို ကောင်းကင်ဘုံနန်းသို့ ပို့ဆောင်တတ်သည် ဟူ၍၎င်း၊ စစ်ဆေးဝေဖန်ဥာဏ်သည် ငရဲသို့ တိုက်ရိုက်သွားသော မင်းလမ်းမကြီးဖြစ်သည်ဟူ၍၎င်း၊ ယုံကြည်မှုသည် အသိဥာဏ်ပညာထက်သာလွန် မြင့်မြတ်သည်ဟူ၍၎င်း၊ သက်သေသာဓကနှင့် ယုတ္တိပမာဏကို တောင်းဆိုမှုသည် ဘုရားသခင်ကို စော်ကားခြင်းဖြစ်သည်ဟူ၍၎င်း ဥပါဒါန်အစွဲက သဲသဲမဲမဲ လူသားအား သွန်ကြားဟောပြခဲ့လေပြီ၊

အစွဲသည် လူသား၏ ပစ္စုပ္ပန်လက်တွေ့ ယခုကမ္ဘာကို စိတ်ပျက်မှုဖြစ်စေ၍ မသေမချာ မရေရာတဲ့ အနာဂတ်ကာလအတွက် စွန့်လွှတ်ရန်တိုက်တွန်းနှိုးဆော်ခဲ့သည်၊

ထို့ကြောင့် ဥပါဒါန်ဟုနာမည်ကြီး၍နေသော ထိုအစွဲသည် ကမ္ဘာ့ တိုးတက်ကြီးထွားမှု၏ အနှောက်အယှက် အသိအလိမ္မာ ဥာဏ်ပညာ၏ရန်ဘက် လူသား၏လွတ်လပ်ရေးတွင် အမျက် ဆုံးပမာ ဖြစ်ခဲ့လေပြီ၊

၎င်းသည်ကမ္ဘာပေါ်ရှိလူသားအားလုံးကိုလမ်းမှားသို့(ဝါ) ချောက်ထဲသို့-ပို့ဆောင်နေတဲ့အပြင် တိုးတက်သော ဝိဇ္ဇာသိပ္ပံ ဟူသမျှတို့၏ ရေမရန်သူအစစ်လည်း ဖြစ်ခဲ့လေသတည်း။



အေး - ဟုတ်လှချေ၏၊ ဤဥပါဒါန်သည် နှစ်ပေါင်းများစွာ အကြာကြီးကြာအောင် ဤကမ္ဘာလောကကြီးကို လွှမ်းမိုးအုပ်စိုးခဲ့လေပြီ၊ အရှေ့တိုင်းနှင့် အနောက်တိုင်းရှိ နိုင်ငံအသီးသီးတို့၏ အတိတ်ရာဇဝင်ကို ဆင်ခြင်သုံးသပ်၍ကြည့်ပါလော့၊ အစွဲဥပါဒါန်ကြောင့် ကမ္ဘာကျော်လူမျိုးကြီးများနှင့် တိုင်းနိုင်ငံကြီးများစွာတို့ အကြီးအကျယ်ပျက်ပြုန်း၍ ကျဆုံးခဲ့လေပြီ။

အမှန်မှာ ကမ္ဘာနှင့် ကမ္ဘာသားတို့သည် အစွဲဥပါဒါန် နည်းသလောက်တိုးတက်ကြီးထွားနိုင်သည်၊ ထို့ပြင်များသလောက် ဆုတ်ယုတ် ပျက်ပြားနိုင်သည်ဟု ယတိပြတ် ဆုံးဖြတ် နိုင် လေသည်။

ကမ္ဘာပေါ်ရှိ ဘာသာအားလုံးတို့မှာ သက်ဆိုင်ရာ မြေကျမ်းစာအသီးသီးရှိကြကုန်၏၊ ထိုကျမ်းစာတို့၌ ပရမတ်အမှန်တရားတည်ရှိ၏-ဟု ထိုဘာသာဆိုင်ရာတို့က ယုံကြည်ကြကုန်၏၊ ၎င်းကျမ်းစာတို့ကို မုက္ခပါဠိတော်များဖြစ်သည် (ဝါ)အမှားနယ်ကို လွန်မြောက်၍ တရားဓမ္မများ၏ စုဝေးရာဖြစ်သည်ဟူ၍ ယုံကြည်ရမည်၊ မယုံကြည်သူလူသားအား မိစ္ဆာဒိဋ္ဌိဆိုတဲ့ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချက်ခြင်းချီးကျူးခြင်းကို ခံရမြဲဖြစ်သည်။

ထို့ကြောင့် ဘာသာ အသီးသီးတို့၏ ရှုဒေါင့်မှ ကြည့်ရှုပြီး ဆုံးဖြတ်ချက် ချမှတ်ရလျှင် ဤကမ္ဘာလောကကြီးဟာ အယူလွဲမှား မိစ္ဆာဒိဋ္ဌိအများတို့၏ ပျော်ပျော်ပါးပါး ကျက်စားနေထိုင်ရာ ဂေဟာကြီးတခုဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

ဟုတ်လှ၏၊ ရေနွယ် အမည်ခံတဲ့ ဓာဖြူ ဓာနီ နှစ်ဦးလုံးတို့မှာ မြွေဟောင်း-မြွေသစ်ဟူ၍ ကျမ်းစာနှစ်မျိုးရှိသည်။

ခရစ္စယာန်တို့သည် ဓမ္မဟောင်းကျမ်းစာတို့ကို ဗုဒ္ဓပါဠိတော် အစစ်ဖြစ်သည်ဟု တထစ်ချ ယုံကြည်ကြကုန်၏၊ ထိုကျမ်းစာ များကို ဗုဒ္ဓပါဠိတော်အစစ်ဖြစ်သည်ဟု မယုံကြည်ကြသော ဟိန္ဒူ-ပသီနှင့် ဗုဒ္ဓဘာသာဝင်များကို မိစ္ဆာဒိဋ္ဌိဟူ၍ ခေါ်ဆိုကြကုန်၏။

ထိုနည်းအတူ ဟိန္ဒူတို့မှာ ဝေဒကျမ်းကြီးများနှင့် အခြား ဗုဒ္ဓပါဠိတော်များရှိသည်၊ ပသီတို့မှာ ကိုရအန်ကျမ်းစာတော်ရှိသည်၊ ဗုဒ္ဓဘာသာတို့မှာ ပိဋကတ်တော်များရှိသည်။

ဤဘာသာကြီး လေးမျိုးဝင် လူအများတို့သည် မိမိတို့ မိရိုးဖလာယုံကြည်၍ လာခဲ့သော ကျမ်းစာတော်များကို ဗုဒ္ဓပါဠိတော်ဟု မယုံကြည်နိုင်သူ အခြားလူသားတို့အား အယူမှားတွေ (ဝါ) မိစ္ဆာဒိဋ္ဌိတွေဟူ၍ အပြန်အလှန် ကင်ပွန်းတပ်နေကြလျှင် အဘယ်မှာလျှင် ဤကမ္ဘာလောကၡ သမ္မာဒိဋ္ဌိ (ဝါ) အမြင်မှန်သူ ရှိနိုင်တော့မည်နည်း။

ထို့မှတပါး ထိုဘာသာကြီး လေးရပ်တို့သည် နှစ်သက်ဖွယ်ကောင်းလှသော ကောင်းကင်ဘုံနန်းနှင့် ကြောက်မက်ဖွယ်ကောင်းလှသော ငရဲတို့ကို ဖန်ဆင်းခဲ့ကြကုန်၏၊ ထူးဆန်းတဲ့ အချက်ကတော့ အဲဒီဖန်ဆင်းလိုက်တဲ့ ကောင်းကင်ဘုံနှင့် ငရဲတို့တွင် ကောင်းကင်ဘုံသည် ပုဂ္ဂလိကဖြစ်၍ ငရဲမှာ သံဃိကဖြစ်တဲ့အချက်ပင်တည်း။

အနည်းငယ် ရှင်းဦးဘို့၊ ခရစ္စယာန်တို့၏ ကောင်းကင် ဘုံနန်းသည် ခရစ္စယာန်တို့အတွက် သက်သက်ဖြစ်၏၊ ခရစ်တော်ကို ယုံကြည်သူအားလုံး ခရစ္စယာန်ကောင်းကင်ဘုံနန်းသို့ တက်ရမည်၊



ခရစ်တော်၌ မယုံကြည်သူ ဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ပသီဘာသာဝင်များတို့သည် ခရစ္စယာန် ကောင်းကင်ဘုံနန်းသို့ တက်ရောက်ခွင့်ရလိမ့်မည် မဟုတ်တဲ့အပြင် ငရဲတို့သုံးဦးကို ခရစ္စယာန်ငရဲသို့သာ ပို့ပေးလိမ့်မည်၊ ထိုသည့် ခရစ္စယာန်ငရဲကို ကျန်တဲ့ ဘာသာသုံးဦးတို့က အသိအမှတ်ပြုပါသလော-

ဟင့်-အင်-မပြုချေ။

အညီ့ရင် အဲဒီ ခရစ္စယာန် ငရဲကို ထိုဘာသာဝင် သုံးဦး တို့က ကြောက်ကော ကြောက်ပါသလော၊ ဟင့်အင်-ကြောက်လဲ မကြောက်ပါ။

သို့ဖြစ်ရာ ဘာသာတခုကို ယုံကြည်သူ လူသား တယောက်သည် မိမိယုံကြည်နေတဲ့ ဘာသာဝင်စာရင်းတွင် မပါဝင်သော အခြားလူများကို မိစ္ဆာဒိဋ္ဌိဟု မှတ်ယူပြီးလျှင် ငရဲသို့ ပို့မြဲဖြစ်သည်၊ ထိုငရဲဘေးကား ကျရောက်ရမည့်လူက အသိအမှတ်ပြု၍ ကြောက်ရွံ့သော်သာ ရည်ရွယ်တဲ့အကျိုးပြည့်စုံနိုင်မည်၊ ဟိန္ဒူ၊ ပသီ၊ ခရစ္စယာန်တို့က အသိအမှတ်လဲမပြု၊ ကြောက်လဲမကြောက်သော ဗုဒ္ဓဘာသာ ငရဲသို့ပို့ခြင်းဖြင့် ထိုလူသုံးဦးအတွက် မည်သည့်အကျိုး သက်ရောက်မည်နည်း။

တစုံတခုသော ဘာသာတရားကို ကမ္ဘာလောကရှိ လူသားအားလုံးပိုင်းဘုံစုပြီး၍ ကြည်ညိုစေရန်လည်းမဖြစ်နိုင်တဲ့ လုပ်ငန်း တရပ်ဖြစ်ချေသည်၊

သို့ရာတွင် ထိုသို့သော လုပ်ငန်းကို ဖြစ်မြောက်အောင် အင်တိုက် အားတိုက် အားထုတ် လုပ်ကိုင်နေသူများ ဘာသာအားလုံး၌ ထင်ထင်ရှားရှားရှိ၍ နေချေသည်တကား။

သို့ဖြစ်ရာ ဘာသာတရားတို့ကို အမှားမရှိ ပကတိအမှန်တွေ့သောဟူ၍ ယုံကြည်မှုများလွန်းကာနေသဖြင့် ကာလပတ်လုံး ကမ္ဘာ့လောကကြီးကို အုပ်ဖုံးလွှမ်းပတ်၍ နေသော မိစ္ဆာဒိဋ္ဌိ မှိုင်းမိုးများ လွှင့်ပါးကင်းစင်၍ ကြည်လင်တဲ့ သမ္မာဒိဋ္ဌိထွန်းပရေးကား အတွေး၌ပင် မပေါ်လွင်နိုင်သော ကိစ္စတရပ်ဖြစ်၍ နေပေလိမ့်မည်။

ဒါပေမယ်လို့ ထိုထိုကျမ်းစာများ၌ အကြီးဝင်တဲ့ တရားမွေ့နှင့် တန်ခိုးပြာဋိဟာများကို မယုံကြည်သူတို့အား အနန္တအပြစ်ဒဏ်ခတ်ခဲ့သည်၊ ထိုသည့် မုက္ခပါဠ်တော်များကို သံသယစိတ်နှင့်ဖတ်ရှုသူပင် ထိုကြီးလေးသော အနန္တအပြစ်ဒဏ်မှ မလွတ်နိုင်ချေတကား။

ထိုထိုကျမ်းစာများကို ဖတ်ရှုလေ့လာသော လူသား၏ တာဝန်ကား ယုံကြည်ရန်သာဖြစ်သည်၊ ၎င်း၏အမှားနှင့် အမှန်ကို ဆင်ခြင်စဉ်းစားရန်၊ တွေးတော နှိုးနှောရန်၊ ဝေဖန် ဆန်းစစ်ရန် သူ့မှာလုံးဝတာဝန်မရှိချေ။

ဘာသာတိုင်းဆိုင်ရာ မုက္ခပါဠ်တော်များ၏ အဖွင့်သံ ဝဏ္ဏနာများကိုလည်း တခမ်းတနား ရေးသားခဲ့ကြကုန်၏၊

ထိုထိုမုက္ခပါဠ်တော်များ မှန်ကန်ကြောင်းကို ထောက်ခံရန် အလို့ငှာ ရေတွက်၍ မရနိုင်အောင် မြားမြောင် လှစွာသော တရားပွဲများကို ဆင်နွှဲခဲ့ကြရလေပြီ။

ထိုမုက္ခပါဠ်တော်များကို မယုံကြည်သူ သံသယဖြစ်သူ မမှန်ဘူးဟု ဝေဖန်ပြောဟောသူ အာဇာနီများ၏သွေးတို့ဖြင့် အနန္တဝါးသွားနှင့် လှံဖျားတို့မှာ နီနီရဲရဲ စိုရွှဲခဲ့ရလေပြီ။



ဘာသာရေး ခေါင်းဆောင်တို့သည် ထိုထို မြားမြောင် လှစွာသော မုက္ခပါဠ်တော်များ၏အကူအညီဖြင့် လူသား၏တော်တည့်ဖြောင့်မှန်သော စိတ်နှင့် တည်ကြည် ရဲရင့်သော စိတ်တို့ကို ရိုက်ချိုးချေမှုန်းခဲ့ကြကုန်၏။

လူသား၏နှလုံးအိမ်မှ မေတ္တာနှင့် ကရုဏာ တရားတို့ကို မောင်းနှင်၍ ထုတ်ခဲ့ကြကုန်၏၊ လူသား၏ စိတ်ကို အမျိုးမျိုးချောက်လှန့်ကာ အကြောက်တည်းဟူသော အကျဉ်းထောင်တွင်းသို့ ချထားခဲ့ကြကုန်၏၊ ကိုယ်ရောစိတ်ပါ အရာရာ၌လူသား၏လွတ်လပ်မှုကို ချုပ်ချယ်ခဲ့ကြကုန်၏၊ လူသား၏ ရိုးရိုးသားသား သံသယဖြစ်မှုကို ကြီးကျယ်သော ဧရာမရာဇဝတ်မှုကြီး အနေဖြင့် ရှုမှတ်ခဲ့ကြကုန်၏။

ထိုရင်းချုပ်ရလျှင် သူတို့သည် ထိုထို မုက္ခပါဠ်တော်များ၏ အကူအညီဖြင့်လူသားတရပ်လုံး၏အဖက်ဖက်မှတိုးတက်မှုဆန်းသစ်မှုဟူသမျှကို ပက်ပက်စက်စက် ဟန့်တားခဲ့ကြကုန်၏၊ အကြောက်ဆိုတဲ့သဘာဝတခုကို ထိုးသွင်းလိုက်ခြင်းကြောင့်ကမ္ဘာကြီးတခုလုံး အလူးအလှိမ့် ခံခဲ့ရသော ဆင်းရဲဒုက္ခအပေါင်းကို တွေးတောဆင်ခြင်၍ ကြည့်ရှုကြစမ်းပါလော့၊ ၎င်းတို့ကတီထွင်ပေးလိုက်သောအကြောက်နှင့်အမြော်တို့၏ ဖမ်းစားချက်ကြောင့် သွက်သွက်လည်အောင် ရူးနှမ်း၍ သွားကြကုန်သော ကမ္ဘာ့လူဦးရေ အနန္တကန်းကို မြော်မှန်း၍ ကြည့်ကြစမ်းပါလော့၊ သေရမှာကိုကြောက်၏၊ မသေရာကိုမြော်၏၊ ဘုရားသခင်က အနန္တအမျက်တော်ရှမှာကိုရှိန်၏၊ ၎င်း၏ အချစ်မေတ္တာတော်ကိုမြော်၏။

၅

ကပ္ပါပေါင်း အသင်္ချေအနန္တ ဒုက္ခခံ နေရမည့်ဝဲကို ကြောက်၍၊ မဘိုမသေ အမြဲထာဝရခံစား စံစားနေရမည့်ကောင်းကင်ဘုံနန်းကို တမ်းတ၍၊ အချိန်ကာလ အပိုင်းအခြားမရှိတဲ့ ဝမ်းနည်းကြေကွဲမှုဒုက္ခတွေကို ရှောင်လို၍၊ အမြဲထာဝရ ဘုရားသခင်၏ ကောင်းကင်ဘုံနန်းမှာ အနန္တကာလတိုင်အောင်ပျော်မြူးနေရမှုကိုမြော်၍၊

ဤအရာအားလုံးတို့ကား ကပ္ပါတွင်အနယ်ထိုင်နေသောအစွဲ၏ သားသမီးအရင်းအချာ အသဲညှာတို့ ဖြစ်ကြကုန်သတည်း။

ယင်းသို့အားဖြင့် သဘာဝမှနှင့် ထော်လော် ကန့်လန့် ဖြစ်ပြီးမဟုတ်မမှန်တဲ့ လုပ်ကြံချက်တွေကို အကျိုးမဲ့၊ ကြောက်ရွံ့နေရခြင်း၊ မြော်နေရခြင်းတို့ကြောင့် လူသား၏ တိုးတက်မှုမည်မျှရပ်ဆိုင်း၊ ပင့်နေး၍သွားခဲ့ရလေသနည်း။ သဘာဝဥာဏ် အမြင်ကို မကြည်လင်အောင် အဘယ်မျှ မှိုင်းတိုက် ခဲ့လေသနည်း၊ စဉ်းစားကြစမ်းပါလော၊ လူသားကို ကြောက်အောင်ချောက်၍ မြှောက်အောင်မြှောက်နေသူ လက်သယ်ကား အသူနည်း။

အလွန်ဝေးလှ၍ ရှေးကျသော အတိတ်ကာလ၌ပေါက်ဖွားခဲ့သော လူသား၏ အခြေအနေကား ယနေ့လူသား၏ အမြင်နှင့်ကြည့်၍ ပြောရလျှင် အလွန်သနားဖွယ်ပင် ဖြစ်ခဲ့ချေပြီ၊ ရှေးလူသား၏စားမှု သွေးသောက်မှုအားလုံးနိုက်ပင် ချို့တဲ့ လျက် ရှိခဲ့ပြီး ထို့ကြောင့် ယနေ့လူက ၎င်းတို့ကို လူရိုင်းဟု ခေါ်ဆိုသမုတ်ခဲ့လေပြီ။

ထိုခေါ်ထိုရှေးခေတ်လူရိုင်းသည် ကိုယ်ရောက်စိတ်ပါ အားလင်ခွင့်မရှောအောင် အလုပ်လုပ်ခဲ့ပြီး သူကိုယ်တိုင်၏ စားဝတ်



နေရေးတို့နှင့်တကွ ကိုးကွယ်ဆည်းကပ်ရေး၊ ပူဇော်ပသတို့ပါ ပါကြည်တီထွင်ခဲ့လေသည်။

ယိုဖြစ်ရာ အမြင့်မြတ်ဆုံးဖြစ်သော ထာဝရ ဘုရားသခင်မှ အစပြု၍ အားလုံးသော နတ်မြဟ္မာအများကို ထုလုပ်ပုံသွင်း၍ ကိုးကွယ်ခဲ့လေပြီ၊

ထို့ကြောင့် ၎င်းတို့ကို ထုလုပ်သော ကာသက်ရှင် လူသားစီသုကာ၏ အဆင့်အတန်း(၀၊) အရည်အချင်း အားလျော်စွာ သာလျှင် ထိုထို နတ်ဘုရားနှင့် မြဟ္မာအများတို့ ကြီးထွားတိုးတက်လာခဲ့ကြကုန်၏၊ ဗိသုကာဆရာ လူသားသည် သူ၏အသိအသိဥာဏ်ပညာနှင့် သူ၏စာင်စွ အမြော်မြင်တို့ကို သူ ထု လုပ်ကိုးကွယ်သည့်နတ်ဘုရားနှင့် မြဟ္မာတို့တွင် ထပ် ဆင့် ၍ ပေးခဲ့လေပြီ၊

ထိုသော်-လူသား၏အခြေ အနေကားရေ သော-သဘောမျိုးမဟုတ်ချေ၊ ထို့ကြောင့် အမြဲတစေ တိုးတက်၍ နေချေသည်၊ ယင်းသို့ လူသား၏ အသိဥာဏ်ပညာ အတွေးအခေါ်နှင့်တကွ စာရိတ္တတရားများကြီးထွား တိုးတက်လာတဲ့အခါမှာသူသည်သူ၏ နတ်ဘုရားတို့ကို တဖြည်းဖြည်း တစတစ ခေတ် ဆံ အောင်(၀၊)ခေတ်နှင့်ဆီလျော်အောင် ပြုပြင်မွမ်းမံ၍ လာခဲ့လေသည်၊ မိမိကိုယ်တိုင် ပုံသွင်းခဲ့သောနတ်နှင့်ဘုရားတို့ကို ခေတ်မီအောင်(၀၊)ခေတ်ဆန်အောင် ပြုပြင်ပြောင်းလဲပစ်ရန် အလိုရှိ၍ လာလေသည်၊

ထိုရာတွင် လူသားကိုယ်တိုင် အကြီးဆုံးသော အခက်တခုနှင့် ရင်ဆိုင်၍နေလေပြီ၊

ရှင်းကား အခြားမဟုတ်၊ အဆိပ်ါနတ်နှင့် ဘုရားတို့ကို ပြုပြင်လျှင် ထိုထိုမုက္ခပါဠိကျမ်းစာတော်များ၌ အကြီးဝင်သောထိုထိုဘုရားတို့၏ တရားတော်တို့ကိုပါ ဆန်းသစ်၍ပစ်ရမည့် အရေးပင်ဖြစ်လေသည်၊ ဤကိစ္စကို ဆောင်ရွက်ရန် အတွက် ဘာသာရေးခေါင်းဆောင်များလဲလိုသား၍ လာကြကုန်ပြီ။

သို့သော် တကယ်ဆောင်ရွက်ရန် တာစူလိုက်တဲ့အခါမှာ သူတို့အလန်ရင်လေးလျက်ရှိကြကုန်၏၊ တေးကြပ်၊ ခေါင်ကြပ် ဖြစ်၍လာကြကုန်၏။

သို့ပင်ဖြစ်စေကာ ဘာသာဝန်ဆောင် ပုဂ္ဂိုလ်တို့သည် မိမိတို့ယုံကြည်လိုက်နာသော ဘာသာရေးကျမ်းစာ မုက္ခပါဠိတော်များကို သံဂါယနာ အထပ်ထပ် တင်ခြင်းဖြင့် ပြုပြင်မွမ်းမံရန် အတန်တန်ကြိုးပမ်းခဲ့ကြကုန်ပြီ၊

ဒါပေမယ်လို့ ထိုထိုသံဂါယနာ တင်ပွဲကြီး များကို အယူသည်း၊ ခေါင်းမာသူတယူသန် ပုဂ္ဂိုလ်တူကြီးများက ကြီးစိုးလွှမ်းမိုးကြီးကိုင်လျက်ရှိခြင်းကြောင့်၎င်း၊ ထို့ပြင် အမှားကို ပြင်ဆင်ရန်ထည့်ပါဠိကိုနုတ်ပယ်ပစ်နိုင်ရန် (၀၁)ပိုဖျက်– လိုစွက်ပြုလုပ်နိုင်ရန် စွမ်းရည်နှင့်သတ္တိသူတို့မှာ မရှိခြင်းကြောင့်၎င်း၊၎င်းတို့၏ကြိုးပမ်းမှုများသည် စိတ်ကူးအဆင့်၌သာ ဇီဝိန် ချုပ်ကြေစုတေခဲ့ရလေပြီ၊

သို့ဖြစ်ရာ လောကရေး ဓမ္မရေးတို့၌ အယူသည်း ခေါင်းမာမှုသည် လူသား၏ ဘဝတိုးတက်ရေးလမ်းစဉ်၌ ချောတိုးနှင့် မိုးကြိုးများဖြစ်ခဲ့လေပြီ၊ အယူသည်း၍ ခေါင်းမာမှုသည် ယုံကြည်မှုကို ခိုင်မာစေသည်၊ ပြင်းထန်၍လာစေသည်၊



ထို့ကြောင့် မုက္ခပါဠိ ကျမ်းစာတော်များကို ယုံကြည်သူဟူသမျှသည် မိမိတို့၏ ပိဋကကျော်ဥာဏ်ကို မောင်း၍ ထုတ်ထား သူဖြစ်ရာ အဘယ်မှာလျှင် သူတပါး နိုင်းတိုင်းလုပ်နေရတဲ့ ကျွန်သဘောက်တာဝမှ လွတ် နိုင် တော့ မည် နည်း၊ လူသားသည် အကြောက်နှင့်အမြှော်ကို မောင်းထုတ်ပြီးလျှင်ဝိမံသနှင့်ပိဋကရေးကို နန်းတင်ပေးရမည်။

ထိုသည့် စဉ်းစားဝေဘန်တတ်သော ဥာဏ်ကား လူသား၏ ဦးခေါင်းတွင် အမြဲတမ်းကြည်လင်နေတဲ့ရောင်ရှင်ဖြစ်ခဲ့သည်။

လူသား၏ ဟဒယ နှလုံးသားတွင် အမြဲတမ်း အရပ်ဒေသအမှန်ကို ညွှန်ပြနေတဲ့ ကွန်ပါ(၀၁)တောင်မြောက်ဖြစ်ခဲ့ပြီ။

ထို့ကြောင့် လူသားမှန်သမျှသည် ထိုကွန်ပါကိုအမြဲဆောင်၍ ထားရပေမည်၊ ကွန်ပါမရှိလျှင် သူများညွှန်တဲ့လမ်းကိုလိုက်ရချိမ့်မည်၊ ယင်းသို့နောက်ရောင်ခံ၍ လိုက်နေလျှင် တနေ့သ၌ ချောက်ကျရန် သေချာသည်။

ယနေ့ကမ္ဘာ့လောကရှိ အကြင်အရပ်ဒေသ၌ အကြင်အခါသမယတွင် ဘာသာတရား တွန်းကား၏၊ ထိုအရပ် ဒေသတွင် အများအားဖြင့် အစွဲဥပါဒါန် လွှမ်းမိုးမြဲဖြစ်သည်၊ ယင်းသို့လွှမ်းမိုးသောဒေသသမယတို့၌ လူသားသည် နေမင်းကို ကျောပေးပြီးလျှင် အရိပ်အကိုင်း အမှောင်ဖက်သို့ လျှောက်၍သွားနေသလိုဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် ထိုသို့သောအရပ်တို့၌ တိုးတက်မှု၊ တီထွင်မှု၊ ရှာဖွေမှု၊ စုံစမ်းမှုများ ကွယ်ပျောက်သွားမြဲဖြစ်သည်။

ထိုအခါ နေရာတကာ၌ ရက်စက်မှုနှင့် ပူဇော်မှုတို့ကိုငင်း၊ သူတပါးအားကိုးမှုနှင့်ဆုတောင်းပဌနာပြုမှုတို့ကိုငင်း၊ကြောက်မှုမြော်မှုနှင့်တကွ စွပ်စွဲမှု၊ အပြစ်ပြောမှုများကိုငင်း တွေ့ရှိရလေသည်။

ဘာသာဝန်ဆောင် ပုဂ္ဂိုလ်အများတို့သည် ဆင်ခြင် တွေးတောမှု စိစစ်ဝေဘန်မှု ပိဝိသနှင့် ဝိစာရ တရားတို့နှင့်အပြတခွဲ၍နေသူများဖြစ်ကြကုန်၏။

အမှန်မှာ— သူတို့သည် သိုးကြောင်သားများနှင့်တူ၍ ထူထုသည် သိုးအုပ်ကြီးနှင့် တူလေသည်၊ သူတို့ရဲ့ တခုတည်းသော ပဓာနတာဝန် ဝတ္တရားကား ဝိမံသဝိစာရဏာဆိုတဲ့ ဝံပုလွေများကို သိုးအုပ်အတွင်းသို့ မ ဝင် နိုင် အောင် တား ဆီး ရန် (ဝ၇) ကာကွယ်ရန်ပင် ဖြစ်ခဲ့လေပြီ၊ ယနေ့လက်တွေ့ ပစ္စုပ္ပန်ဘဝသည် သင်းချိုင်းကုန်း ဟိုမှာဘက်၌ဖြစ်လတံ့သော အနာဂတ်ဘဝနှင့် နှိုင်းယှဉ်လျှင် အပျော့စား၊ အပေါစားမျှသာဖြစ်၍ ငင်းကိုနောက်ဘဝအတွက် ပြင်ဆင်ရေး နယ်မြေအဖြစ်ဖြင့်သာလျှင် အသုံးပြုရမည်ဟု လောကဓမ္မရေး ခေါင်းဆောင်များက ဟောပြောလေ့ရှိကြကုန်၏။

ဤသို့သော ညွှန်ကြားမှုသည် ဇုဗ္ဗ၏ သန္တိဋ္ဌိက-အကာလိကမျက်မှောက် လက်တွေ့တရားနှင့် ဆန့်ကျင်တဲ့အပြင် လူသား၏ ပစ္စုပ္ပန် တိုးတက်မှုကိုလဲ အများကြီး ဟန့်တားခဲ့လေပြီ၊

ထို့ကြောင့်လူသားသည် မည်သည့်အရာကိုမျှ မတီထွင်နိုင်ခဲ့ချေ၊ မည်သို့သော အထူးအဆန်းကိုမျှ စူးစမ်းရှာဖွေ၍ မဖော်ထုတ်နိုင်ခဲ့ချေ။



လူသားတရပ်လုံး၏ တိုးတက်ကြီးပွားရေး စား-ဝတ်-နေချောင်ချိရေး၊ စည်ပင်သာယာရေး၊ ရှင်လန်း ဝမ်းမြောက်ရေး စသည်တို့အတွက် တစ္စေးသားလောက်မျှ ပေါက်ပေါက်ရောက်ရောက် ပြောင်ပြောင် မြောက်မြောက် မဆောင်ရွက် နိုင် ခဲ့ချေ။

လူသားသည် အနန္တတန်ခိုးတော်ရှင် ဖြစ်ကြကုန်သော နတ်ဘုရားတို့၏ အကူအညီကို အလွယ်တကူ ရယူနိုင်ရေး အတွက် အပိုးအနင်္က သတ်မှတ်လို့ မရတဲ့အချိန်နှင့် စီးပွားဥစ္စာ ရတနာတို့ကို အချည်းနှီး အလဟဿ ဖြုန်းတီး၍ပစ်ခဲ့ရလေပြီတကား။

သို့သော် အထက်တွင် ဖော်ထုတ်ခဲ့သည့်အတိုင်း လူသား၏ ရှေ့သို့တိုးတက်ရေး၌ အနှောင့်အယှက်နှင့် အဖျက်အဆီးတို့ကို နည်းပရိယာယ် အမျိုးမျိုးနှင့် အသုံးပြုခဲ့ကြစေကာ အနည်းငယ်မျှသော ကမ္ဘာ၏ သားကောင်း အချို့ တို့သည် ရဲကိုလဲ မကြောက်၊ မင်းပြစ် မင်းဒဏ် ခံရမှာကိုလဲ မထောက်ဘဲ စဉ်းစားတွေးတောမှုကို စတင်၍ပြုခဲ့လေပြီ၊ ဆုံးဖြတ်ဥာဏ်ကို ရရှိရန်အလို့ငှာ နတ်ဘုရားနှင့် လူသားကို မခွဲခြားဘဲ ဝေဖန်သုံးသပ်စ ပြုခဲ့လေပြီ၊ သဘာဝ အမြင်ဥာဏ် ရောက် ၍ အမြင်မှန်ပေါက်သော လူသားသည် အကြောက်နှင့် အမြော်ကို ကော်၍ ထုတ်ပစ် လိုက်လေပြီ၊ သကာတ်တွင် မ ရပ် တော့ ဘဲ ပြစ် တိုင်အောင် ဝေဖန်ဥာဏ် ဓားနှယ်ကို ဖြန့်လိုက်လေတော့သည်။

သို့နှင့် တစထက်တစ လူသားသည် လက်တွေ့-မျက်တွေ့ဖြစ်တဲ့ ကမ္ဘာ၏အမြင်းအရေး ဖြစ်ရပ်များတွင် ဝိုင်၍ စိတ်ဝင်စားခဲ့လေပြီ။

ထို့ကြောင့် သူသည် ကမ္ဘာလောကအတွင်း၌ ဖြစ်ချိ-ပျက်ချိ၊ တက်ချိ-ကျချိ၊ နိမ့်ချိ-မြင့်ချိ၊ ပိန်ချိ-ပွချိ၊ ဆင်းချိ-တက်ချိ၊ မှောင်ချိ-လင်းချိ စက်လည်၍နေသော အခြင်းအရာတို့၏ အကြောင်းရင်းကို လေ့လာစ ပြုခဲ့လေပြီ၊ ရှာဖွေစ ပြုခဲ့လေပြီ၊ ထိုထိုသို့သော ကြောင်းကျိုး ကွင်းဆက်တို့၏ အနက် အဓိပ္ပါယ် အကျယ်ဝေဖန်ချက်ကို လူသားက ရက်ရက် စက်စက် တောင်း ဆိုခဲ့လေပြီ။

သူသည် မိမိ၏မျက်စိကို စုံမှိတ်၍သူတပါး၏ဒုတ်ကို ဆွဲလိုက်ရန် အပြင်းအထန် ငြင်းဆန်စ ပြုခဲ့လေပြီ၊ ပညာရှင် ဖြစ်သော လူသား အသိဓမ္မာဆရာ အများတို့သည် အထက် ဝေဟင် မိုးကောင်းကင်ကို မကြည့်ရှုတော့ဘဲ ဥပေက္ခာပြုပြီးလျှင် ဤကမ္ဘာမြေပြင်ရှိ သူတို့ရဲ့ ပတ်ဝန်းကျင်ကိုသာ ဂရုစိုက်၍ နှိုက်နှိုက်ချွတ်ချွတ် ကြည့်ရှုလေ့လာ လေတော့သည်။

သူတို့သည်တောက်ပြောင်သော အနာဂတ်ကိုမမြော်ကြတော့ဘဲ လက်တွေ့ဖြစ်တဲ့ ယနေ့ ပစ္စုပ္ပန်နှင့်သာ ရောင့်ရဲ ပျော်ရွှင်၍ နေကြလေပြီ၊

သူတို့သည် လက်တွေ့ပဉ္စာရုံကိုသာ အလေးဂရု အရေးပြုကြကုန်ပြီးလျှင် ယခုပစ္စက္ခ-မျက်မှောက်ဖြစ်သော ဤလောကအတွင်းမှာသာလျှင် သူတို့၏ ချမ်းသာသုခကို ရှာဖွေနေကြလေပြီ၊

ကမ္ဘာ၏ ရှေးစာပေတို့၌ သွားရည်ကျအောင် ပုံဆောင်ဖေါ်ပြသော ရောင်ဝါတလျှမ်းလျှမ်းနှင့် ကောင်းကင် ဘုံနန်းတို့ကို တမ်းတခြင်း၊ မြော်မှန်းခြင်း မပြုလုပ်ကြတော့ချေ။



ဤသို့ဖြစ်ခြင်းကြောင့် မည်သို့သော အကျိုးတရားများ ထွန်းကားပေါက်ပွား၍ လာချေမည်နည်း၊ အေး-ဖြေရချေအုံ့၊ ဤသို့ပြုလုပ်ခြင်းဖြင့် လူသား၏စိတ်တွင် မိမိမှတပါး၊ အခြားသူကို အားကိုးလိုတဲ့ ညဉ်ဆိုးကို ရိုက်ချိုးပြီး ဖြစ်ပေလိမ့်မည်။

ယင်းကို ရိုက်ချိုးလိုက်သည်နှင့်တပြိုင်နက် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လှေကိုယ်ထိုးလိုတဲ့ စိတ်တွေ လူသားတွင် ကိန်းအောင်းလာပေလိမ့်မည်၊

ထိုအခါ ပညာအမြော်အမြင်နှင့် ဆင်ခြင်ဉာဏ်ရှိသော လူသားအချို့သည် လွတ်လွတ်လပ်လပ် ရဲဝံ့စွန့်စားစွာ စတင်တီထွင်ရန် စူးစမ်းရှာဖွေရန် ကြိုးစားကြပေလိမ့်မည်။ သဘာဝမှ၌ ဖြစ်၊ ပျက်နေသော အချက်အလက်တို့၏ အဆက်အသွယ်ကိုဖေါ်ထုတ်ရန် ချမ်းသာမှုနှင့်ဆင်းရဲမှုတို့၏ အခြေခံအကြောင်းတရားကို ရှာဖွေရန်-ထို့ပြင် ကမ္ဘာလောကဓာတ်တခွင်လုံးမှာရှိသော လူသားတရပ်လုံး၏ ကြည်သာရွှင်လန်းမှုနှင့် ငြိမ်းချမ်းမြေ့မှုများကို ရှို့ပြိုးတိုးတက်အောင် ဖန်တီးနိုင်မည့်နည်းကောင်း ဥပါယ် ကောင်းတို့ကို လက်ဆုပ်လက်ကိုင် ရရှိနိုင်ရန်ကြိုးပမ်းကြလေပြီ၊

ယင်းသို့ ကြိုးပမ်းရင်း ရှာဖွေရင်းပင် လူသားသည် ရွှေ့ပြောင်း၍ရသော စာလုံးနှင့် ပုံနှိပ်စက်ကို တွင်ပြီးလျှင် မုးဝါးလူမျိုးများနှင့် ရှေးတရုတ်လူမျိုးတို့ ဖန်ဆင်းခဲ့သော စက္ကူနှင့်တွဲ၍ ထုတ်သိုက်ရာ ခန့်ညားထယ်ဝါသော ကမ္ဘာ့အံ့ဖွယ် စာအုပ်များ ပေါ်ထွန်း၍လာခဲ့လေသည်။

ထိုစာအုပ်များတွင် ကျွန်ုပ်တို့ တူးဖေါ်ရရှိတဲ့ အသိဉာဏ်ပညာ ထည်းဟူသော ရတနာတို့ကို သိုမှီး သိမ်းဆည်းပြီးလျှင် နောင်းခေတ်သားတို့အတွက် ပညာနှင့်အလိမ္မာအမွေကို ဆက်လက်၍ ထားနိုင်ခဲ့လေပြီ။

ထိုအခါ ဒဏ္ဍာရီ ပုံပြင်နှင့် သတင်းစကားတို့၏ နေရာတွင် လူသမိုင်းပေါ်ပေါက်၍ လာခဲ့လေပြီ။

ထို့နောက် ဝိမံသနှင့်ဝိစာရဏာ ဉာဏ်ရှင် လူသားသည် မနားမရပ် မအားမလပ် ရှာဖွေ စူးစမ်းမှုကိုပြုလုပ်၍ နိုင်ငံပေါင်းများစွာ ဝေးကွာသော မိုးကောင်းကင်ကို ဖေါက်ထွင်း၍ မြင်နိုင်တဲ့ မှန်ပြောင်းကြီးများကို တီထွင်လိုက်လေသည်။

ယင်းသို့ တီထွင်နိုင်ခြင်းကြောင့် ကောင်းကင်ရှိ နေ- လ နှင့် နက္ခတ်တာရာ ဂြိုဟ်များစွာတို့၏ သွားရာလမ်းကြောင်းကို မတိမ်း မစောင်းရအောင်၊ ခြေရာခံ၍ လိုက်နိုင်လေပြီ။

ထို့ကြောင့် လူသား၏ စကြာဝဠာ ကမ္ဘာလောကသည် တဖြည်းဖြည်း တစတစ ကျယ်ပြန့်၍ လာခဲ့ရာ ယခုအခါ အနန္တ အခြေသို့ ဆိုက်ရောက်လျက်နေချေပြီ၊ ထာဝရ ဘုရားသခင်ဖန်ဆင်းခဲ့သည်ဟု ယုံကြည်ခဲ့ကြတဲ့ ကမ္ဘာပြားကလေးကား အလွန်သေးငယ်တဲ့ အခြေသို့ကျန်ရစ်ခဲ့ချေပြီ။

ရေ-နွေးငွေ့ဖြင့်လည်သော ယန္တရားစက်ကို တီထွင် ဖန်ဆင်းလိုက်သည်နှင့်တပြိုင်နက် ၎င်းရေနွေးငွေ့သည် ကမ္ဘာ၏ ကျွန်ပုံတော်ကြီးဖြစ်လာ၍ သန်းပေါင်းများစွာသော လူသားတို့၏ လုပ်အားကို တနေ့ချင်း နှင့်ပြီး မြောက် အောင် လုပ်ဆောင်နိုင်ခဲ့လေပြီ။



လူသား၏လုပ်အားနှင့် လုပ်ချိန်ကို စက်ယန္တရားက ယူလိုက်သဖြင့် လူသားမှာ အများကြီး သက်သာ၍ သွားလေပြီ။

တဖန်လူသားသည် အရာမထင် အသုံးမဝင်တဲ့ မှော်ပဉ္စလက်ပညာများကို စွန့်ပယ်ပြီး လျှင် လူသားအတွက် ရက်ရက်စက်စက် အသုံးဝင်တဲ့ ဓာတုဗေဒပညာကို ထွင် လိုက် လေပြီ၊ တောက်တီးတောက်တက် ဗေဒင်ပညာ၏နေရာတွင် နက္ခတ္တဗေဒပညာကို ထွင်လိုက်ခြင်းဖြင့် လူသား၏ အခြေအနေဟာ မရေ မတွက်နိုင်လောက်အောင် တိုးတက်လာခဲ့လေပြီ။

အာကာသတခွင် မိုးကောင်းကင်၌ ရှိကြကုန်သော နေ လ နက္ခတ်တာရာတို့နှင့်စပ်လျဉ်း၍ ထိကျသော ဥပဒေသများကို လူသား၏ စူးစမ်းမှုဖြင့် ဖေါ်ထုတ်နိုင်ခဲ့လေပြီ။

အကြီး အငယ် အရွယ် အစားစား ရှိသော ရုပ်ပစ္စည်းတို့၏ အာတစုန ဆိုတဲ့ ဆွဲဝင် တတ်သော သတ္တိကိုလည်း လူသားသည် သင်္ချာ နည်းအားဖြင့် မှန် ကန် အောင် တွက်ချက်နိုင်လေပြီ။

မီးရထားနှင့် မီးသင်္ဘောများကို တီထွင် ဖန်ဆင်းပြီးတဲ့အခါမှာ လူသားသည် ရေပြင်၊မြေပြင်ကို ကြီးစိုးလွှမ်းမိုးနိုင်သည့်အပြင် မြေကြော၊ရေကြောကိုပါ နှံ့နိုင်ခဲ့လေပြီ၊

ရေငုပ်သင်္ဘောကို တီထွင်နိုင်တဲ့ နေ့ကစ၍ လူသားသည် ရေအောက်သို့ ငုံ့လျှိုးသွားနိုင်ခဲ့သည်။

လေယာဉ်ပျံကို ဖန်ဆင်းလိုက်ခြင်းကြောင့် လူသားသည် ကောင်းကင်သို့ ပြန်တက်နိုင်ပြန်သည်။

မိုးပုံ ရေလျှံတဲ့ တန်ခိုးတွေသာ မဟုတ်တော့ပေသာ၊ ယနေ့ခေတ်သော် လူသားသည် လေယာဉ်ပျံ အမျိုးမျိုး၊ ဒုံးပျံ အသွယ်သွယ်ကို တီထွင် ဖန်ဆင်းလိုက်ခြင်းဖြင့် လူသား၏ခရီးနယ်ကို ကျယ်ချင်တိုင်းကျယ်အောင် တိုးချဲ့နိုင်ခဲ့လေပြီ။

သေးငယ်သော ဒီးခြစ်ယမ်းကို တီထွင်လိုက်သောနေ့မှစ၍ မီးသည် လူသား၏ ရန်သူရော ရောင်းရင်းပါ ဖြစ်လာလေတော့သည်။

ဖိုတိုဂရပ်ဖီခေါ်တဲ့ ဓာတ်ပုံပညာကို ထွင်လိုက်တဲ့နေ့မှစပြီး ခနမင်းသည် ပန်းချီဆရာ အနုပညာသည် အဖြစ်သို့ ရောက်ခဲ့လေပြီ၊

မြေပေါ် (သို့မဟုတ်) ရေအောက်မှသွားသော ကြေးနန်း အဆက်အသွယ်များနှင့် တကွ နောက်ဆုံး၌ ကြိုးမဲ့ကြေးနန်းတို့ကို တီထွင်လိုက်ရာ လျှပ်စစ်ဓါတ်သည် ကမ္ဘာ၏ ဆက်သားဖြစ်၍ လာလေပြီ။

ထို့ကြောင့်လဲ ကမ္ဘာမြေပြင်ရှိ တိုင်းပြည်နိုင်ငံအားလုံးနှင့် လူမျိုးအသီးသီးတို့သည် အိမ်နီးချင်း၊ မိတ်ရင်း၊ ဆွေရင်းတွေ ဖြစ်၍လာကြလေသည်၊ ထိုဆေးကို တွေ့ရှိသောအခါမှစ၍ လူသား၏ ဒုက္ခသည် ရာခိုင်နှုန်း အများကြီး လျော့ပါး၍သွားခဲ့လေပြီ။

ထို့သည့် ထိုဆေးကြောင့်ပင် ဥစ္စာပိုက်သမ္မများ တိုးတက်ကြီးထွား လာပြီးလျှင် သိပ္ပံ ပညာတရပ်အဖြစ်သို့ ရောက်ခဲ့လေပြီ။



ထိုအပြင် တယ်လီဖုံးခေါ်တဲ့ စကားပြော ကြေးနန်း များ ပေါ်ပေါက်လာသော အခါ မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်ဒေသတို့၌ နေထိုင်သူ မိတ်ဆွေ သင်္ဂဟများနှင့် စကား လက်ဆုံကျနိုင်လေပြီ။

ဓါတ်ပြားများ၊ အသံဖမ်းစက်များကို တီထွင်လိုက်သဖြင့် လူသားတယောက်၏ စကားနှင့်အသံကို အသစ်တဖန်(ဝါ) ထပ်တုံတလဲလဲ ကြားနိုင်၊ နားယူနိုင်တဲ့ အခွင့်အရေးကို လူသားတိုင်း ရရှိလေပြီ။

မိုးဦးကျအခါ အထက်ဝေဟင် မိုးတောင်းကင်၌ အစဉ်မနား ပြေးလွှားနေသော မိုးသား၊ တိမ်သားတို့၏အကြားမှ စိတ်ဆိုး၊ မာန်ဆိုး၊ အသံဆိုးနှင့် ဂျိုးဂျိုးဂျိန်းဂျိန်း မြည်တာ ဟိန်း၍ တခါတရံလူသားနှင့်တကွ လူသား၏ လုပ်ငန်းဆောင်တာများကိုပါ ဖျက်ဆီးတတ်သော လျှပ်စစ်ဓါတ်အားကိုလူသားလောက ဓါတ်ဆရာတို့က ဖမ်းယူ၍အသုံးပြုလိုက်ရာ နေ့နှင့်ညမကွဲပြားတော့ဘဲ အမြဲတစေ တကမ္ဘာလုံး အလင်းရောင်ရရှိ၍နေလေပြီ၊ အဆိုင်အခဲကို ပေါက်ခွဲပြီး အသားအရေ ထိအောင် မြင်နိုင်တဲ့ အိတ္ထစ်ရေးဓါတ်မှန်ကို ထွင်လိုက်ရာ လူသားသည် ဒိဗ္ဗစက္ခုကို ရရှိသလို ဖြစ်သွားလေပြီ၊

ဤသို့အားဖြင့် လူသားဝိဇ္ဇာဓိုရ်များသည် ပ-အာ-ဝါ-တော-ဟူသော ဓါတ်သော၊ ဓါတ်ရှင် (ဝါ) မဏ်တားနှင့် ဖိုစ်တို့၏ နိုင်ခံ့တည်တံ့သောသဘောကို (ဝါ)ဖျက်ဆီးလို့မရစကောင်းသော သဘာဝကို ဖေါ်ထုတ်ခဲ့ကြကုန်ပြီ၊

ယင်းသို့ချက်ဆီးလို့မရစကောင်းသဖြင့် အဝိနှာသီသဘော ရှိသော ဓါတ်သော့နှင့်ဓါတ်ချင် (ဝါ)မက်တားနှင့် ဖွံ့စိတ်တို့ကို လက်မှန်မဆွ စတင်ပန်ဆင်းသူ ထာဝရဘုရားသည် ရှိနိုင်ပါဦးမည်လော။

ယနေ့ခေတ်၌ လူသား ပညာရှင်များ တီထွင်ဖေါ်ထုတ်၍ အသုံးပြုနေကြသော အနုမြူနှင့် ဟိုက်ဒရိုဂျင် ဓါတ်အားတို့သည်လည်း လူသား၏မနေမနား မရပ်မနစ်သော စိတ်အားဖြင့် မဖြစ်မနေ၊မရမနေ ကြိုးစား၍ စူးစမ်းရှာဖွေမှုကြောင့်ဖြစ်ပေါ်ရရှိလာသော အကျိုးတရားတို့သာ ဖြစ်ချေသည်။

ထို့ကြောင့် အရပ်အနားမရှိ အပျင်းအရိ မထူတဲ့ လူသားကိုယ်တိုင် အပင်ပန်းခံ၍ တိုးတက် စူးစမ်း ရှာဖွေလေလေ အသစ်အသင်ဖြစ်သော သဘာဝအဆန်းများ ဖြစ်ထွန်းသာလေလေ ဖြစ်ပေလိမ့်မည်။

ယင်းသို့ဖြစ်ထွန်း၍လာလေလေ၊ အကြွားအမှား၌ ယုံကြည်သောစိတ်ဓါတ်များ လူသားမှာခေါင်းပါး၍လာလေလေ ဖြစ်ရှိမည်၊ ခေါင်းပါးလေလေ ကမ္ဘာ၏ အမှန်တရားကြီး ထွန်းကား၍ လူသားထု တရပ်လုံးကို အကျိုးပြုလေလေ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ ကမ္ဘာတွင် သိစရာတွေအနန္တ ထိမ်မြုပ်လျက်ရှိသည်၊ ၎င်းတို့သည် ဖေါ်ထုတ်မည့်လူသားပညာရှင်ကို မျှော်လင့်နေကြကုန်၏၊ ကျွန်ုပ်တို့သိပြီးဖြစ်သော အရာတို့ကားမဖြစ်စလောက်ပင်ရှိသေးသည်၊ နှင်းရေပေါက်နှင့် ပင်လယ်ရေပြင်ကို



နှိုင်းယှဉ်သလိုပင် ကျွန်ုပ်တို့ သိပြီးဖြစ်တဲ့အရာများကား အင်္ဂါ လေးပါးနှင့်ပြည့်စုံတဲ့ အမှောင်ထုကြီးအတွင်းတွင် မှေးမှေးကလေးသာ မြင်ရသော လင်းရောင်ခြည် အမြွှာပင် ရှိပေသေးသည်။

သို့ပေမယ်လို့ ကျွန်ုပ်တို့သည် ထိုအလင်းရောင်၏ အကူအညီဖြင့် အဖြူနှင့် အမဲကိုငင်း၊ အမှားနှင့်အမှန်ကိုငင်း ခွဲခြားနိုင်ခဲ့လေပြီ။

ထိုမှမက အထက်၌ ကျွန်ုပ်တို့ဖေါ်ထုတ်ခဲ့သော ဥပါဒါန်အစွဲတို့ကား အခြေခံယုတ္တိသာဓကကင်းမဲ့သော ယုံကြည်ချက်သက်သက်တို့သာ ဖြစ်ကုန်၏ဟူ၍ ကျွန်ုပ်တို့တိတိကျကျ သိမြင်ကြလေပြီ။

သမ္မာဒေဝ နတ်ကောင်းနတ်များ ရှိကြကုန်သည်၊ ထို့အတူ မာရ်နတ်မင်းနှင့် အပေါင်းပါ နတ်ဗိလ္လာများ ရှိကြကုန်သည်ဟူသော စကားများမှာလဲ ခိုင်လုံသော သာဓကယုတ္တိ တကယ်မရှိကြောင်းကို ကျွန်ုပ်တို့သိကြလေပြီ။

ထို့ပြင် သာယာကြည်နူး ပျော်မြူးဘွယ်ရာ ဖြစ်သော ကောင်းကင်ဘုံနန်းနှင့် မီးဟုန်းဟုန်း တောက်လောင်၍ အမြဲတစေလောင်မြိုက်၍နေရာ ငရဲစခန်းများ ရှိသည်ဟူသော ယုံကြည်ချက်တို့လဲ အထောက်အထား သာဓက ယုတ္တိ မရှိသော အစွဲဥပါဒါန်တို့သာဖြစ်သည်ဟူ၍ ကျွန်ုပ်တို့သိကြလေပြီ။

ဤကမ္ဘာလောကအတွင်း၌ ဂက်ငင်းဒိဋ္ဌ တွေ့မြင်နေရသော တိုးမှု-ဆုတ်မှု-တက်မှု-ကျမှု-ဖြစ်မှု-ပျက်မှု-မွေးမှု-သေမှု-ပြုံးမှု-

ဝိပ္ပစသည်တို့ကား သဘာဝအတိုင်း ဖြစ်ပျက်နေသော ကိစ္စများသာဖြစ်သည်၊ ယင်းသို့ ဖြစ်ချီ-ပျက်ချီ စက်လည်၍ နေသော သဘာဝဓမ္မကို သေချာစွာ ချဉ်းကပ်၍ ပတ်ပတ်နဝ်နပ် လေ့လာလိုက်လျှင် ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် မာရ်နတ်(ဝါ) နတ်ဆိုး နတ်ကောင်းများ (ဝါ)ကောင်းကင်ဘုံနှင့် ငရဲခန်းများ ဖြစ်ပွားပေါ်ပေါက်လာပုံ အခြင်းအရာကို တိကျစွာ သိရှိကြလေပြီ။

ထိုမျှမက မုက္ခပါဠိတော်ဆိုတဲ့ ကျမ်းစာများ၏ ဖြစ်ပေါ်ပုံနှင့်တကွ ဘာသာတရား အားလုံးတို့၏ အခြေခံအကြောင်းရင်းကိုရင်း၊ ဥပါဒါန် အစွဲအလမ်းများ မွေးဖွားလာပုံနှင့်တကွ တိုးတက် ကြီးထွားလာပုံကိုပါ ကျွန်ုပ်တို့ သိကြလေပြီ။ အားလုံးသော အစွဲအလမ်းဥပါဒါန်များ၊ ကိုးကွယ်မှုများ၊ အကြား အမှားများ၊ ဆိုးမှုသွမ်းမှုများ၊ ရက်စက်ကြမ်းကြုတ် အရမ်းလုပ်မှုများ၊ အမြော်အကြောက်များ၊ အတွေး အထင်များတို့ကား ပြည့်စုံခြင်းသို့ မရောက်သေးသော လူသား၏ ဦးနှောက်ထွက်တို့သာဖြစ်သည်ဟု ကျွန်ုပ်တို့သိကြလေပြီ။

ယနေ့လူသားသည် အကြောင်းနှင့် အကျိုးဟူသော မဖြတ်တောက်နိုင်သော (ဝါ) ဖြတ်တောက်၍ မရစကောင်းသော ကွင်းဆက်အတိုင်း လည်၍ နေသော သဘာဝဖြစ်စဉ်ကိုသာ ယုံကြည်နိုင်တော့သည်၊ လက်ခံနိုင်တော့သည်။

သဘာဝဓမ္မထက် ပိုလွန်၍နေသော (ဝါ)နိယာမအစဉ်ကို မြင်မြင်ကြီးလျစ်လျူရှု၍ ဖြစ်ချင်တိုင်းဖြစ်နေနိုင်သည်ဟူ၍ ယူဆ



ကြသော တန်ခိုးပြာဋိဟာများကိုမှ ယနေ့လူသားက ဘယ်နည်းနှင့်မျှ လက်မခံနိုင်တော့ချေ၊ မယုံကြည်နိုင်တော့ချေ။

ဆီမီးအခိုးတိုင် ထွန်းညှိပူဇော်ခြင်းဖြင့် ခေါင်းကိုက်ရောဂါ ပျောက်ကင်းနိုင်သည်။

ကြေးစည်ခေါင်းလောင်းထိုးခြင်းဖြင့် မာရ်နတ်နှင့်အပေါင်းပါ နတ်မိစ္ဆာများထွက်ပြေးကြသည်။

ဓမ္မသီးချင်း ကျူးရင့်ကာ ဂါထာမန္တန် ရွတ်ဘတ်ခြင်းဖြင့် မိုးရွာချနိုင်သည်။

ဒူးထောက် ရိုကြိုး ရှိခိုးပြီးလျှင် ဆုတောင်း ပဌနာ ပြုမှုကြောင့် ကပ်ရောဂါဆိုးများပင် ပျောက်နိုင်သည်။

ရှင်သိဝလိရုပ်ကလေးကိုဆောင်ခြင်းဖြင့် လာဘ်-လာဘ ပေါများနိုင်သည်။

ညောင်ထောက်ခြင်း၊ တံတားခင်းခြင်းတို့ဖြင့် ဆိုးဝါးနိမ့်ကျနေသော လူတယောက်၏ ကံကြမ္မာများ ပြန်မကြာပင် ပြန်လည်ကောင်းမွန်၍ မြင့်တက်လာနိုင်သည်။

ဂြိုဟ်ကြီး ၉-လုံးတို့ကို ပြိုဟ်စာရေးခြင်းဖြင့် စည်းစိမ်ဥစ္စာ တိုးတက်နိုင်သည်၊ ဂုဏ်တော်ပုတီးကို လည်ပင်းတွင် စွပ်၍ ထားလိုက်လျှင် နတ်မိစ္ဆာတို့၏ ဖမ်းစားခြင်းကို ဟန့်တားနိုင်သည်။

ထို့ပြင် ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်သော ဂါထာမန္တရားများနှင့်တကွ အဆောင်ဆေးဝါးများရှိသည်ဆိုသော အချက်များကို ယနေ့လူသားက လက်မခံနိုင်တော့ချေ၊ သူသည်

မွေ့နိယာမ ဖြစ်စဉ်ကြီးသာ လေးစားယုံကြည်နိုင်လေတော့သည်။

နိယာမငါးမျိုးတွင် စာရင်းမဝင်နိုင်သော အရာအားလုံးကို သူသည် ထို့-ထွေခဲလုပ်၍ ပုတ်ထုတ်လိုက်လေပြီ။

ယနေ့ လူသားသည် မာရ်နတ်မင်းကိုရင်း၊ သူ၏အပေါင်းပါ နတ်ဆိုး-နတ်မိစ္ဆာ-ပြိတ္တာ-သူရဲ-သင်းကွဲမြေဘုတ်တို့ကိုရင်း၊ ယမမင်း၏ အင်ပါယာ နိုင်ငံတော်ကိုရင်း မကြောက်မရွံ့တော့ချေ။

ထို့အတူ ကောင်းကင်ဘုံနန်း အထက်စခန်းက လျှမ်းလျှမ်းတောက်ချွန်းသာကြီးခားတဲ့ ကြက်သရေမင်္ဂလာတို့ကိုလည်း ယနေ့လူသားက မမြှော်လင့်နိုင်တော့ချေ။

သို့ရာတွင် ဤကမ္ဘာလောကအတွင်း၌ မဖြစ်နိုင်တာနှင့် မရနိုင်တာကို တောင်းဆို၍နေကြသူတွေ တပြုံတခေါင်းကြီး ရှိနေချေသည်။

ထာဝရ ဘုရားသခင်နှင့် နတ်မြတ်စွာတို့၏ အကူအညီကို တောင်းဆိုနေကြသူတွေ နတ်ဘုရား၏ တန်ခိုးအာဏာအကွယ်ကို ရယူလိုသူတွေ၊ တန်ခိုးတော်၏ အာဏာအကွယ်ဖြင့် မိမိတို့ဘဝ၏ပြဿနာကို ဖြေရှင်းလိုသူတွေ၊ အနာဂတ်အရေးကိုမြှော်တွေး၍ နေသူတွေ အသင်္ချေနှင့်အနန္တ ဤကမ္ဘာလောက၌ ရှိ၍နေသေးသည် တကား။

သို့ရာတွင် သူတို့ရဲ့ကြိုးပမ်းမှုအားလုံးဟာ အကျိုးမဲ့ဖြင့် နိဂုံးသတ်သွားကြသည်ကိုသာ ကျွန်ုပ်တို့တွေမြင်ကြရချေပြီ။



အဆုံးမှာယနေ့လူသားသည် ကမ္ဘာ့နိယာမ အစဉ်အတိုင်း မချွတ်မလွဲ အမြဲမသွေ ဖြစ်ပျက်တိုးတက်နေမှု၊ ဆုတ်ယုတ်နေမှုတို့ကိုသာလျှင် ယုံကြည်လက်ခံနိုင်လေတော့သတည်း။

မှန်လှ၏၊ ယနေ့လူသားသည် လက်တွေ့-မျက်တွေ့ တွေ့ကို ငြင်းပယ်စွန့်ပစ်ပြီးလျှင် စိတ်ကူး၏ နောက်သို့ မလိုက်နိုင်တော့ချေ။

လူသား ကိုယ်တိုင်က ဖန်ဆင်းပြီး အသက် သွင်းပေးထားသော နတ်များ၊ ဘုရားများ၏ အချက်တော်ရှမည့် အရေးကို တွေးတောပြီး ကြောက်ရွံ့ထိတ်လန့်နေရန် မရှိတော့ပြီဟု လူသားက သိမြင်လေပြီ။

လူသားသည် အကြွား၊ အမှား၊ မုသားနှင့်တန်ခိုးပြာဋိဟာများကို မိမိ၏ အတွေးအခေါ် နယ်ပယ်အတွင်းမှ နှင်ထုတ်ပြီးလျှင် အမှန်ကိုသာ လက်ဆုပ်လက်ကိုင် ပြုလုပ်လိုတော့သည်။

ယနေ့လူသားသည် နေကိုကျောခိုင်း၍ ရပ်ပြီးလျှင် ၎င်း၏ အရိပ်ကို နတ်ဘုရားဟုထင်ကာ တွင်တွင်ကြီးမှောင်မိုက်အတွင်းသို့ လိုက်ခြင်းကို ရပ်ဆိုင်းပစ်ရန် လုံးပမ်းလာလေပြီ။

တိုးတက်နေတဲ့လူသားသည် မိမိကိုယ်တိုင် ဖန်ဆင်းထားတဲ့ သခင်တယောက်၏ ရှေ့မှောက်တွင် ဒူးနှစ်ဖက်လုံး ထောက်ပြီး ကျွန်သဘောက် မခံလိုတော့ချေ။

ကိုယ်ဖန်ဆင်းတဲ့ မျောက်က ကိုယ့်ကို ချောက် နေသည်ဟု ယနေ့လူသားက သိမြင်လေပြီ။

ယနေ့ လူသားသည် သူကိုယ်တိုင်က ဖန်ဆင်းပြီး အသက်

သွင်းပေးထားတဲ့ နတ်ဘုရားတို့၏ လက်ထိပ် ခြေကျင်းတို့ကို ကျေးဇူးတတင် ဝတ်ဆင်ရန် အလိုမရှိတော့ချေ။

အဆုံးသတ်ပြောရလျှင် လူသားသည် ဤကမ္ဘာမြေပြင်၌ရှင်း (သို့မဟုတ်) အသက်ဝေဟင် မိုးကောင်းကင်၌ရှင်း၊ ရက်စက် ကြမ်းကြုတ်သော အာဏာရှင်နှင့် နတ်ဘုရားတို့ကို အလိုမရှိ နိုင်တော့ချေ။

ဤကမ္ဘာလောကနှင့် ကမ္ဘာလူသားအတွက် တန်ဘိုးရှိသော ရုပ်ပစ္စည်း အမျိုးမျိုးတို့ကို လူသား၏ ဗိမံသ ဝိစာရဏာဟု ဆို အပ်သော ဝေဖန်စစ်ဆေး စူးစမ်းသော ဉာဏ်ပညာ၏ အစွမ်း ကြောင့် ရရှိခဲ့သည်ဟူ၍ ကျွန်ုပ်တို့ သိကြရလေပြီ။

ထိုဝေဖန်ဉာဏ် သည်ပင် လူသားကို တိုးတက် ယဉ်ကျေး အောင် ပြုပြင်မွမ်းမံရာ၌ တဦးတည်းသော ဗိသုကာ ဆရာကြီး ဖြစ်ခဲ့သည်၊ ၎င်းသည်သာလျှင် လူသားကို တောမျှော်၊ တော ဖွား၊ တောတွင်းကျက်စားတဲ့ တောသားတိရစ္ဆာန်တို့၏ အထဲ မှ အတင်းဆွဲထုတ်ခဲ့လေသည်။

အဝတ် တန်ဆာ ဗလာအချည်းနှီး ကိုယ်လုံး တီးတီး နေမြဲ ဖြစ်သောလူသား၏ကိုယ်ကာယတွင် ဖွယ်ဖွယ်ရာအဝတ်တန်ဆာ ပလာများ၊ ဝတ်ဆင်ဖုံးလွှမ်း၍ ပေးတဲ့လက်သယ်လည်း ၎င်းပင် ဖြစ်ခဲ့လေပြီ။

ထိုမှတပါး လူသား၏ပြုံကြည်ရွှင်ပျော်မြူးရေး၊ အား တက် မြူးတူးရေးတို့အတွက် စားဖွယ်၊ သောက်ဖွယ်၊ ပျော်ဖွယ်၊ ရှင် ဖွယ် အမယ်မယ် တို့ကို တီထွင် ဖန်ဆင်း ပေးသူသည်၎င်း၊ လူ



သား၏ ကျန်းမာရေး၊ အနာရောဂါကင်းကွာရေး၊ အသက်တာ ရှည်တည်နိုင်ရေးအတွက် ဆေးဝါး ဓာတ်စာအဖြာဖြာကို ရှာ ဖွေပေးသူသည်၎င်း၊ အဆုံးသတ်ဆိုရလျှင် ရုပ်ပုံ၊ ရုပ်စုံ၊ ရုပ်လုံး ရုပ်ထု၊ ဆင်းထုနှင့် စာအုပ်စာတမ်းများ၊ မီးရထား၊ မီးသင်္ဘော များ၊ မော်တော်ကား၊ လှေယာဉ်၊ ရှည်းယာဉ်များ၊ လေယာဉ် ပျံများ၊ ကြေးနန်းကြိုးများ၊ တယ်လီဖုံးများ၊ ဝိုင်ယာလက်ခေါ် ကြိုးမဲ့ကြေးနန်းများ၊ နောက်ဆုံးပေါ် အနုမြူနှင့် ဟိုက်ဒရိုဂျင် ဓာတ်အားများ၊ ဗုံးပျံများ ကို ပြောင်ပြောင် မြောက်မြောက် တည်ဆောက် ဖန်ဆင်းသူသည်၎င်း လူသား၏ ဝိစာရဏ-ဗိမံ သဉာဏ်ပင် ဖြစ်လေသည်။

၎င်းသည်ပင် လူသား၏တိုးတက်ရေးလမ်း၌ အကြီးဆုံးရန် သူဖြစ်သော ဥပါဒါန်အစွဲကို ဖြိုခွဲချေမှုန်း၍ လက်စတုံး သုတ် သင်ရာ၌ ဗိုလ်ချုပ်အဖြစ်ဖြင့် ပါဝင်၍ ဦးဆောင်မှုကို ပြုပေ လိမ့်မည်၊ ၎င်းသည်ပင် လူသား၏ အစစ်အမှန် ကယ်တင်ရှင် ဖြစ်ပေလိမ့်မည်၊ ၎င်းသည် ဟန်ဆောင်မှုကို နင်းချေပြီးလျှင် ရိုးဖြောင့်မှုကို မြေတောင်မြှောက်၍ ပေးပေလိမ့်မည်၊ လူသား ၏ယုံကြည်မှု၊ အားထားမှု၊ မျှော်ကိုးမှု အားလုံးကို ထုချေပြီး နောက် ဝေဖန်ခြင်းနှင့် သုံးသပ်ခြင်းကို နန်းတင်၍ ပေးပေလိမ့် မည်။

ထိုအခါ အမြောက်သမား အချောက်သမား၊ ဟန်ဆောင် သမား အားလုံး ကမ္ဘာ့ဇာတ်ခုံတွင် ကားမဲအောက်သို့ ဝင် ရောက် ခိုလှုံကြပေတော့မည်။

၎င်းတို့၏ကိုယ်စား အဖြစ်ဖြင့် စစ်ဆေး ဝေဖန်သူများ၊ တွေးတောကြံဆသူများ၊ ဘီတွင် ဖန်ဆင်းသူများ စသော လူသား၏အကျိုးဆောင်များ ထွန်းကားပေါ်ပေါက်၍ လာကြပေလိမ့်မည်။

နောက်ဆုံးတွင် ဤဝိစာရဏ ဉာဏ်ကပင် ကမ္ဘာလောက၏ အမှောင့်ပယောဂဖြစ်တဲ့ အမွဲနှင့် အပြစ်ဆိုတဲ့ ဘီလူး သဘက်နှစ်ကောင်ကို အပြတ်ကိုရွတုံး ချေမှုန်းသုတ်သင်၍ ပစ်နိုင်ပေလိမ့်မည်။

ထိုအခါ ဤကမ္ဘာ လောကကြီး တခုလုံး လွတ်လပ်၍ ထွန်းခြတ်သော လူချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးလျှင် အမြဲတစေ ဟောရှုဖြစ်၍ နေပေလိမ့်သတည်း။

ဤသို့အားဖြင့် အကြွားနှင့် အမှားတို့၏ မိခင် တန်ခိုး ပြာဒီဟာနှင့် ဘာသာတို့၏ ဖန်ဆင်းရှင်ဖြစ်သော ဥပါဒါန်ဆိုတဲ့အစွဲကို ကျွန်ုပ်တို့ အထက်၌ ပွဲထုတ်ခဲ့လေပြီ၊ ထိုသည့်အစွဲကို မှုန်မှုန်ညက်ညက် ကြေပျက်သွားအောင် ချေမှုန်းထုခွဲရန် လိုအပ်ချေသည်။

ယင်းသို့ထုခွဲလိုက်တဲ့အခါ စိတ်ကူးတည်းဟူသော ရွက်ဖျင်၌ ဆေးရောင်စုံတင်၍ ဖွယ်ဖွယ်ဟာရာကောင်းစွာ ချယ်လှယ်မွမ်းမံထားသော နတ်ပြည်နတ်ရွာ၊ ပြဟ္မာတို့၏ စံမြန်းရာနှင့်တကွ ငရဲကြီးငရဲငယ် အသွယ်သွယ်တို့သည် (ဝါ)တိုတို တုတ်တုတ် အချုပ်ပြောရလျှင် ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းတို့သည် စုပ်စ မြုပ်စ ဘာတခုမှ ရှာမရအောင် ကွယ်ပ ချုပ်ပျောက် အမှောင်



တွင်းသို့ အရောက် တထောက် မဆိုင်းမှုန်းစုန်း ဗြုန်း ဗြုန်း နှင့် အတင်းဒုံးစိုင်းကာ ပြေးရှောင်ကြပေလိမ့်သတည်း။

## ကြိုက်ရာရွေးလမ်းနှစ်သွယ်

တိုးတက်၍နေသော ယနေ့ကမ္ဘာသည် လမ်းနှစ်သွယ်နှင့် ရင်ဆိုင်၍နေချေပြီ၊ အဲဒီကမ္ဘာတွင်ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်လဲ အပါအဝင်ဖြစ်၍ နေသောကြောင့် ကျွန်ုပ်တို့၏ နိုင်ငံတော်လဲ လမ်းနှစ်ခွနှင့် ရင်ဆိုင်တိုးနေပြီဟုဆိုနိုင်သည်၊ ထိုသည့်လမ်းနှစ်ကား အဘယ်နည်း။

(က) ဆိုရှယ်လစ်လမ်း၊

(ခ) ကက်ပီတယ်လစ်လမ်း-တို့ပင်တည်း။

## (က) ဆိုရှယ်လစ်လမ်းစဉ်

ဆိုရှယ်လစ်လမ်းစဉ်ကို မဖွင့်ဆိုမီ ကျွန်ုပ်တို့သည် ဆိုရှယ်လစ်ဆိုဒါဘာလဲဟူသော ပြဿနာကို နားလည်ရန် လိုသည်၊ ထို့ကြောင့် ထင်ရှားသော နိုင်ငံရေးအဘိဓမ္မာဆရာကြီးတို့၏ ဖွင့်ဆိုချက်များကို ဖော်ပြရပေမည်။

### ၁။ ဂျီ၊ဒီ၊အိပ်ချ်၊ကိုးလ်၏ဆိုရှယ်လစ်

ဆိုရှယ်လစ်ဟူသည်ကား-ခွဲခြား၍ မရနိုင်လောက်အောင် ဆက်စပ်၍နေသော အောက်ပါ သဘောတရား လေးမျိုးတို့၏ အစုအပေါင်းဖြစ်သည်၊

၁။ အနိမ့်အမြင့်၊ အယုတ်အမြတ်ဆိုတဲ့ လူတန်းစားခွဲခြားမှုလုံးဝကင်းစင်သော လူ့ဆက်ဆံရေး။

၂။ လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံခြင်း မပြုနိုင်လောက်အောင် အလွန်ကြီးကြွယ်ဝမှုနှင့် အလွန်ကြီးမွဲတေမှုမှဆိတ်သုဉ်းသော လူနေမှုစံနစ်။

၃။ ပဓာနဖြစ်သော ထုတ်ကုန် လုပ်ကိရိယာတန်ဆာပလာများကို ဘုံပါသက ဆိုင်ခွင့်ရှိ၍ ဘုံပါသက အသုံးပြုနိုင်ခြင်း။

၄။ လူသားအားလုံး မိမိတို့၏အရည်အချင်းအားလျော်စွာ မိမိတို့အချင်းချင်းကိုကူညီယိုင်းပင်ရန် ဝတ္တရား။

## ၂။ ဗကူနင်၏ဆိုရှယ်လစ်

ယောကျာ်း၊ မိန်းမ-မဟူ-ပုဂ္ဂလိက လူသားတိုင်းမှာ မိမိပိုင်ရာမြေများရင့်ကျက်၍လာလျှင် အလုပ်ကိရိယာ လုပ်ကိုင်ဆောင်ရွက်ရာ၌ ၎င်းတို့ကို အသုံးပြုနိုင်ရန် တူညီသောအခွင့် အရေးရှိရမည်ဟူသောမူဖြင့်တီထောင်ထားသော လူ့အဖွဲ့အစည်းဖြစ်သည်၊ လူနှင့်လူချင်း ခေါင်းပုံဖြတ်မှုကင်းအောင် တီထောင် ထားသော အဖွဲ့အစည်းဖြစ်ရာ ထိုစည်းရုံးဝင်တိုင်းသည် လူသမဂ္ဂပိုင်စီးပွားဥစ္စာရတနာများကို ပေါ်ထုတ်ပြုလုပ်ရာတွင် တိုက်ရိုက် ကိုယ်တိုင် ပါဝင်လုပ်ကိုင်သော လုပ်အား လုပ်ချိန် အားလျော်စွာ ခံစားခွင့် ရရှိပေလိမ့်မည်။

## ၃။ အယ်လ်-ဗါတရန်၏ ဆိုရှယ်လစ်

အတွင်းအထိ ယဉ်ကျေးမှု အဆင့်သို့ ရောက်နေပြီးသော နိုင်ငံတော်အတွင်း၌ လူတန်းစားအားလုံးတို့မှာ သက်သာသော



လုပ်ငန်းကို လုပ်ကိုင် ဆောင် ရွက် ခြင်းဖြင့် လူ့ဘဝ၏ အရသာအားလုံးကို ရွှင်ပြုံးစွာ ခံစားနိုင်ရန် အခွင့် ရ ရှိ ပေ လိမ့် မည်၊ အားလုံးသည် တဦးအတွက် တဦးသည် အား လုံး အတွက် ဟူသော ဆိုရှယ်လစ် ဆောင်ပုဒ် အတိုင်း ကျင့် သုံးရေး ဝါဒဖြစ်သည်။

## ၄။ ဗျူ-အင်္ကိစ် မိလ်၏ ဆိုရှယ်လစ်

ဆိုရှယ်လစ်ဆိုသည်ကား-မြေယာနှင့်ကုန်ထုတ်ကိရိယာအားလုံးဟာ ပုဂ္ဂလိကပိုင်မဖြစ်ရ စင်စစ်မှာ သံဃိကပိုင် (ဝါ) အစိုးရပိုင်ဖြစ်ရမည်ဟု ယူဆသော နိုင်ငံရေးဝါဒဖြစ်သည်။

## ၅။ ကာလ်မတ်စ်၏ ဆိုရှယ်လစ်

လူသားထုတရပ်လုံး၏ အသိနှင့် မယှဉ်သောဥာဏဝိပ္ပယုတ်တိုးတက်ကြီးထွားမှုနေရာတွင်အသိနှင့်ယှဉ်သောဥာဏသမ္ပယုတ်တိုးတက်ကြီးထွားမှုကိုအစားထိုးသွင်းခြင်းသည် ဆိုရှယ်လစ်ဝါဒဖြစ်၏။

## ၆။ ဇွန်ရှနီးလ်၏ ဆိုရှယ်လစ်

ဆိုရှယ်လစ် ဝါဒဆိုသည်ကား- အဖိနှိပ်ခံ လူတန်းစား၏ စီးပွားရေးအဘိဓမ္မာဖြစ်သည်။

## ၇။ ဝီလျံမိုရစ်၏ ဆိုရှယ်လစ်

လူသားအားလုံးအတွက် အခြေအနေများ လက်တွေ့တူညီမှု၌ အခြေခံသော အသစ်ဖြစ်သော လူ့အဆောက်အဦတို့ဖြင့်

အခွင့် အရေးတူညီသော လူသား အားလုံးတို့ရဲ့ လိုလားချက်များကို ပြည့်စုံအောင် ဖန်တီးပေးရန် တီဆောက် ထားသော လူ့အစည်းအရုံးဆိုင်ရာ ဝါဒပင်ဖြစ်သည်။

## ၈။ ကာကမ်၏ ဆိုရှယ်လစ်

ထုတ်ကုန်လုပ်ကရိယာများကိုချုပ်ကိုင်၍ နိုင်ငံတော် လုပ်ငန်းအားလုံးကို သမဝါယမ လုပ်သားစုများ ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်သော စီးပွားရေး အဆောက် အဦ ဆိုင်ရာ နည်းစနစ်အသစ်ကို အခြေခံထားတဲ့ သာမဂ္ဂီဆင့်တိုး ပြောင်းလဲမှု ဝါဒဖြစ်သည်၊

### (က) ဆိုရှယ်လစ်လမ်းစဉ်

ဆိုရှယ်လစ်နှင့် ကယ်ပီတယ်လစ် လမ်း စဉ် တို့၏ အစ္ဆုဒ္ဒါရကို အဘိဓမ္မာဆရာကြီး အသီးအသီးတို့၏ အယူ အ ဆ တိုင်း ဖေါ်ထုတ်ပြီးခဲ့လေပြီ။

၎င်းတို့၏ သဘာဝ အနက်အဓိပ္ပာယ်ကို အကျက်လယ်အောင် စက်လှည့်၍ ကြည့်ရန်လိုသည်။

သို့မှသာလျှင် မိမိတို့၏ လူမျိုး၊ အယူဝါဒ၊ လက်ရှိ အခြေအနေများနှင့် ဘောင်ဝင်၍ ဌင်ကိုက်သော ဝါဒကို တွေ့ရှိနိုင်ပေလိမ့်မည်။

ဆိုရှယ်လစ် လမ်းစဉ်ကား- ပစ္စက္ခ မျက်မှောက်ဖြစ် သော ယခုပစ္စုပ္ပန်ဘဝအတွက်သာ ဖြစ်၏၊ အတိတ်ကိုတွေးပြီး တွေး



နေရန်သော်၎င်း၊ သို့မဟုတ်အနာဂတ်ကျော်ပြီးမြှော်နေရန်သော်၎င်း မဟုတ်ချေ။

အကြောင်းမူကား- အတိတ်ကား ကျော် လွန် သွား ပြီ ဖြစ်၍ ဘယ်လိုနည်းနှင့်မျှ အသုံးချလို့မရသောအခြေသို့ ဆိုက်ရောက်သွားခဲ့ပြီ၊

အနာဂတ်သော် ကာမူကား- မွေးပင်၊ မမွေးရသေး (ဝါ) ဖြစ်ပင် မဖြစ်ရသေးတဲ့ဘဝ ဖြစ်ခြင်းကြောင့် ယနေ့လူသားအတွက် အကျိုးမပြုနိုင်သေးချေ(ဝါ)အသုံးမဝင်နိုင်သေးချေ၊

ထို့ကြောင့်ဆိုရှယ်လစ်လမ်းစဉ်သို့ ဝင်ရောက်၍ လျှောက်သွားလိုသူ လူသားတို့၏ ပုဗ္ဗကိစ္စကား (ဝါ) ပွဲဝင်မီ ပြင်ကကျင်းပရမည့် လုပ်ငန်းကား အတွေးနှင့် အမြော်ကိုကလော်၍ ထုတ်လိုက်ရန် ဖြစ်သည်၊

ထိုလူသားကား အတွေးသမားမဖြစ်ရ၊ အမှန်မှာလက်တွေ့သမားဖြစ်ရမည်၊ အမြော်သမားမဖြစ်ရ၊ တော်လှန်ရေးသမားသာဖြစ်ရမည်၊

ယနေ့ လက်တွေ့အားဖြင့် ရရှိနေသော မိမိ၏ ရုပ်ကာယနှင့်တကွ ၎င်း၏အစိတ်အပိုင်းတို့ကို(ဝါ)စ-သ-ဃ-ဇ-က-ဟ- ဆိုတဲ့ မျက်စိ-နား-နှာ-လျှာ-ကိုယ်-ဦးနှောက်တို့ကို တိတိကျကျ အားကိုးသူ ဖြစ်ရမည်၊

လိုရင်းမှာ မိမိကိုယ်ကို မိမိယုံကြည်ကိုးစားသူ ဖြစ်ရမည်ဟု ဆိုလို၏၊ ကျွန်ုပ်တို့၏ ဂေါတမ ရှင် တော် ဘု ရား ကလည်း ပရိနိဗ္ဗာန် စံယူခါနီးဆဲဆဲ၌ အတ္တဒီပံ ဟောထ ကိုယ့်အား ကိုယ်ကိုးကြဟု နောက်ဆုံးစကား မှာကြားတော်မူခဲ့သည်၊

ဒါပေမယ်လို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အများတို့၏ စိတ်ဝယ် သူတပါးကို အားကိုးလိုစိတ်များ ယနေ့တိုင် အများဆုံး ကိန်းဝပ်လျက်ရှိသည်။

ဥပမာ — ဂြိုဟ်စာကျွေးခြင်း၊ နတ်ကွန်းဆောက်ခြင်း၊ နတ်ယကာသွဲ့ပေးခြင်း၊ ဝိဇ္ဇာသွဲ့ပေးခြင်း စသည်တို့တည်း၊ ၎င်းတို့သည် မိမိမှတပါး အခြားတပါးသော နတ်များ၊ ဝိဇ္ဇာများကို အားကိုးခြင်းပင် မဟုတ်တုံလော၊ သို့ရာတွင် ၎င်းတို့ကို အားကိုးရုံနှင့် ဘာကိုမျှမပြီးကြောင်း လူသား၏ကိုယ်တွေ့ပင် မဟုတ်တုံလော့။

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရောသိယာ၊
မိမိကိုယ်ကိုသာ ကိုးကွယ်ရာ၊
သူတပါးမှာ ကိုးစရာ။

ဘယ်မှာရှိမည်နည်း-ဟူသော ဗုဒ္ဓ၏ဆောင်ပုဒ်ကို နှုတ်တိုက်ရ၍နေသူ မြန်မာဗုဒ္ဓဘာသာတွေထား ဦးရေအားဖြင့် မနည်းလှပါချေ။

သို့ရာတွင် လက်တွေ့ ကျင့်သုံးသူကား ရှားမှရှား ဖြစ်၍နေချေသည်။

ပိယ-ခနု-ကာယ—ဆိုတဲ့ သိဒ္ဓိသုံးမျိုး ဆေးအားကိုးသူတွေ လေးကွက်အင်း၊ ရှစ်ကွက်အင်းမှစ၍ အင်းအိုင်-ခလဲ့-လက်ဖွဲ့ကို အားကိုးသူတွေ စည်းစိမ်ဥစ္စာနှင့် ကြက်သရေမင်္ဂလာ တိုးပွားစေရန် မန္တန်များကို နေ့မအား ညမလပ် ဒလစပ်ရွတ်ဘတ်



နေသူတွေ၊ ဇော်ဂျီဝိဇ္ဇာအားကိုးနှင့်ပွဲထိုးနေကြသူတွေ၊ ဘိုးဘိုးအောင် မပေါ်၊ စပေါ်—ဟု တစာစာအော်၍နေသူတွေ၊ နတ်ဘုရားနှင့် သိကြားမြဲဖွား ကူညီသာ ငိုင်းလို့ မိုင်းမတော်မူကြပါဟု ဆုတောင်းနေသူတွေ အယုတ်ဆုံး သားသမီးရေး၊ စီးပွားရေးနှင့် ကျန်းမာရေးတို့၏ အနာဂတ်အရေး အတွက်ပင် ပတ္ထနာပြုနေသူတွေ အသင်္ချေအနန္တ ဝကာန်းလျှံကျအောင် ပေါ်များလျက် ရှိနေသေးခြင်းတို့ကား ကိုယ့်အားကိုယ်ကိုး ဝါဒကျဆင်း မှေးမှိန်ခြင်း၏ အထောက်အထားများ ဖြစ်ချေသည်၊ ကိုယ့်အားကိုယ်ကိုးမှုကား ဆိုရှယ်လစ်လမ်းစဉ် မဏ္ဍိုင်ဖြစ်သည်။

## စက္ခုဒြမျက်စိ

ရှယ်လစ်လမ်းစဉ်၌ပန်းဝင်လိုသော လူသားတိုင်း၏တာဝန်ကား မိမိ၏မျက်စိ-နား-နှာ-လျှာ-ကိုယ်-ဆိုတဲ့ ပသာဒရုပ်ငါးခုကို လေ့ကျင့်မှုဖြင့်၎င်း၊ စမ်းသပ် စေဖန်မှုဖြင့်၎င်း၊ ရှာဖွေတီထွင်မှုဖြင့်၎င်း တိုးတက်လာစေရန်၊ ထက်မြက်ကြီးထွားလာစေရန် ဖန်တီးမှုပင်ဖြစ်၏။

ယင်းသို့ဖန်တီးပြီးနောက် တိုးတက်ကြီးထွားပြီးသော (စ-သ-ဃ-ဇ-က)တို့၏အကူအညီဖြင့် သဘာဝဝန်း၏ လက်ဆောင်ဖြစ်သော ပစ္စည်းများကို လူသား စား-ဝတ်-နေရေး အဖြစ်သို့ ရောက်အောင် ပြောင်းလဲပေးမှုကား လူသား၏ အဓိကလုပ်ငန်းဖြစ်သည်။

ဤသို့သော မှန်မြတ်တဲ့လုပ်ငန်းကို ဆောင်ရွက် အားထုတ်ရာ၌ လူသားသည် မည်သည့်အရာကို အားကိုးရမည်နည်း။

လူသားသည် မိမိဆောင်ရွက်လိုသော အလုပ်ကောင်း-အလုပ်ဆိုး နှစ်မျိုးလုံး၌ပင် မိမိပိုင်ဖြစ်သော မျက်စိ-နား-နှာ-လျှာ-ကိုယ်-ဦးနှောက်တို့ကို အခိုင်အမြဲ သဲသဲမဲမဲ ယုံကြည်ရမည် အားကိုးရမည်။

မှန်လှ၏ လူသား၏မျက်စိသည် အပြင်အပ ဗဟိဒ္ဓရှိသော ရုပ်ရုံအမျိုးမျိုးကိုကြည့်ရှုရန် တာဝန်ကိုထမ်းရွက် ခဲ့သည်။

ထိုရုပ်ရုံကား မယုံနိုင်လောက်အောင်ပေါများလှချေသည်၊ လူတယောက်၏ မျက်လုံးအစုံသည် ဤကမ္ဘာလောက အတွင်း၌ရှိသော ရုပ်ရုံပေါင်း အဘယ်၌ အဘယ်မျှ မြင်ဘူးပြီနည်း။

မပြောပ လောက်သော ရုပ်ရုံ အနည်း အကျဉ်းကိုသာ မြင်ဘူးပါသည်၊ ကြည့်ရှုဘူးပါသည်-ဟူ၍ ရိုးသားတဲ့ လူတိုင်းက ဝန်ခံပြောဆို ပေလိမ့်မည်၊ လူသား မြင်ဘူးတဲ့ ရုပ်ရုံ အရေအတွက်သည် လက်သည်းခွံ ပေါ်မှာ တင်ထားတဲ့ သဲလုံး မျှလောက်သာရှိ၍ မမြင်ဘူးတဲ့ ရုပ်ရုံကား-ဤကမ္ဘာမြေကြီး၏မြေမှုန်များမက များပြား၍ နေပေလိမ့်မည်။မျက်စိဖြင့် မြင်ရသော ရုပ်ရုံသည် တကယ်ရှိ၊အဟုတ်ရှိ၊မလွဲနိုင်အောင် ရှိသောအရာဖြစ်၏၊ ထို့ကြောင့် လူသားသည် မိမိ၏ မျက် စိ ကို ဦးစားပေးရမည်၊

ဆိုလိုရင်းကား-မိမိ၏မျက်စိဖြင့်တိတိကျကျမြင်ရသောအရာကိုသာ တကယ်ရှိ၊အဟုတ်ရှိ အနေဖြင့် စိတ်ချ၊ လက်ချယုံကြည်ရမည်ဟုဆိုလိုသည်။

ထို့ပြင် ကမ္ဘာလောကအတွင်း၌ မျက် စိ ရှိသူ သတ္တဝါတို့၏ အရေအတွက်ကလဲ အနန္တပင်ရှိနေပြန်ရာ ထိုရှိသမျှသော မျက်



လုံးအနန္တတို့တွင် မျက်စိလုံးလုံးဖြင့် မြင်တွေ့ရဘူးတဲ့ ရုပ်ရုံသာလျှင် တကယ်ရှိ အဟုတ်ရှိဖြစ်နိုင်ချေမည်။

ဤကမ္ဘာလောကရှိ မည်သည့်မျက်လုံးနှင့်မျှ မမြင်ဘူးတဲ့ ရုပ်ရုံတွေ လဲ ရှိသေးသည်ဟု ဆိုကာ ယုံကြည် နေသူတွေ အနန္တ အနန္တရုပ်ရုံတွေတကယ် အဟုတ်ရှိနေပါသျက်၊ အဘယ်ကြောင့် မမြင်ရပါသနည်း-ဟူ၍ စောဒကတတ်သူတွေလဲ အများ အပြားပင် ပကတိမျက်စိ အတိုင်းဆိုလျှင် အနုမြူက သေးငယ် လွန်းနေသောကြောင့် မမြင်ရခြင်းပါ၊ ထိုမျက်လုံးကို မှန်ဘီလူးတပ်ပေးလိုက်လျှင် ထိုမျှသေးငယ်တဲ့ ရုပ်ရုံကိုပင် မြင်နိုင်ပါသည်၊ ပ၊အာ၊ဝါ၊တေ ဆိုတဲ့ ဓာတ်ကား မျက်စိဖြင့် မမြင်နိုင်၍ အမြင်ကိုကျော်လွန်နေတဲ့ သဘောတရားများဖြစ်ကုန်၏။

ထိုသည့်ဓာတ်ကြီးလေးပါးတို့သည် ဝဏ္ဏ အဆင်း၊ဂန္ဓ အနံ့၊ ရသ- အရသာ၊ သြဇာ- အဆီအနှစ်ဆိုတဲ့ အခြားရုပ် လေး မျိုးတို့နှင့်အကြင်အခါ တွဲမိကြကုန်၏။

ထိုအခါ ရုပ်ရုံစသည် ပေါ်ထွက်၍လာကြကုန်သည်၊ မူလဖြစ်တဲ့ သဘာဝဓာတ်ကြီး လေးမျိုးတို့၏ တွဲစပ်ရာ၌ အချိုးအစား တွဲပြား သလောက် ရုပ်ရုံတွေလဲ အမျိုးမျိုး အစားစား များပြားလာမြဲဖြစ်သည်၊

မျက်စိသည် အတွင်းရုပ်ဖြစ်၏၊ ရုပ်ရုံသည် အပရုပ်ဖြစ်၏၊ အပရုပ်ရုပ်ရုံကို မြင်မှုသည် မျက်စိဆိုတဲ့ အတွင်းရုပ်ဖြစ်သည်၊

မျက်စိအကြည် ရုပ်ဟုဆိုအပ်သော စက္ခု ပသာဒ ရုပ် တွင် အပရုပ်ဖြစ်တဲ့ ရုပ်ရုံ ထင်ဟပ်ခြင်းကို မြင်သည်ဟု ခေါ်ဆိုသမုတ်ကြသည်။

ထိုကြောင့် အပဖြစ်သော ရုပ်ရှင်လဲ တကယ်ရှိ၊ အဟုတ်ရှိ ရှိသောရုပ်ဖြစ်ရမည်၊ တကယ် အဟုတ်မရှိတဲ့ စိတ်ကူး၌သာရှိသော ရုပ်သည် တကယ် အဟုတ်ရှိ၊ ရှိတဲ့ရုပ်တွင် ဘယ်အခါမှ မထင်မဟပ်နိုင်သောကြောင့်တည်း။

ထိုရာတွင် ထူးဆန်းသည်ကား လက်ရှိကပွဲသား အများစုသည် ထင်လျှားမရှိတဲ့ ရုပ်ရုံကို ကြည့်ခြင်း၊ မြင်ခြင်းပင် ဖြစ်သည်၊

တကယ်အဟုတ်မရှိသဖြင့် မည်သည့် မျက်စိနှင့်မျှ မမြင်ဘူးဆိုတဲ့ ရုပ်ရုံကား-ကျွန်ုပ်တို့အထက်၌ ဖေါ်ပြခဲ့သော အစ္စဥပါဒါန်ဆိုတဲ့ ပန်းချီဆရာ၏ လက်ရာတို့သာ ဖြစ်သည်ဟူ၍ မှတ်ယူကြကုန်ရာ၏၊ ဘိုးဘိုး ကြွလာတာကိုမြင်လိုလျှင်မျက်စိကိုမှိတ်ပြီး အာရုံပြု၍ကြည့်လိုက်စမ်းပါ၊ တစ်အပ်သေချာ ဘိုးဘိုးကို တွေ့ရမြင်ရပါလိမ့်မည်ဟူ၍ အလွန် ထူးဆန်းတဲ့ ညွှန်ကြားချက်ကို ဘိုးဘိုးသမား၊ ဝိဇ္ဇာသမားတို့ရဲ့ အနားတွင် မကြာခဏ ကြားရတတ်လေသည်၊

ဤသို့သော ညွှန်ကြားချက်မျိုးကား-သဘာဝမှုကို ကမူကကျော် သရော်တဲ့အလုပ်သာဖြစ်သည်။

အမှန်မှာ-မျက်စိသည် ဖွင့်ထားမှသာ အာလောက ဆိုတဲ့ အလင်းရောင်၏ အကူအညီဖြင့် ထိုအာလောက၏အတွင်း၌ထင်လင်းတည်ရှိနေတဲ့ တကယ်အဟုတ်ရှိရုပ်ရုံကိုသာမြင်နိုင်သည်။

ထို့ကြောင့် မျက်စိကိုမဖွင့်ဘဲနှင့် မြင်ရသော ရုပ်ရုံတား ရုပ်ရုံအစစ်မဟုတ်တော့ပြီ၊မျက်စိအကြည်ဆိုတဲ့စက္ခုပသာဒတွင် အပြင်ဗဟိဒ္ဓမှ ရုပ်ရုံက ထင်ဟပ်သော် သာလျှင် အမြင်ဓာတ်ပေါ်ထွက်လာနိုင်သောကြောင့်တည်း၊



သို့ဖြစ်ရာ ဆိုရှယ်လစ်လမ်းစဉ်သို့ ဝင်ဒိဓသောလူသားသည်၊ မိမိ၏ မျက်စိနှစ်လုံးသားသည် မိမိ၏ မျက်စိနှစ်လုံးကိုဒုံးဒုံးကြီးစိတ်ချ၍ ယုံကြည်ကိုးစားသူ (ဝါ)အားထားသူ ဖြစ်ရပေမည်၊

ယင်းသို့ဖြစ်ခြင်းကြောင့် လူသားသည် မိမိ၏ မျက်လုံးအစုံတို့ဖြင့် တော့တော့ဆိုင်ဆိုင် မြင်ရသော ရုပ်ရုံကိုသာ တကယ်ရှိအဟုတ်ရှိအနေဖြင့် ယုံကြည်နိုင်ပေလိမ့်မည်။

အခြားလူတယောက်က သူ့မျက်စိနှင့်တကယ်မြင်ခဲ့ပါသည်ဟူ၍ပြောဆိုလာချက်ကိုပင် တဆင့်ပြောစကားဖြစ်သောကြောင့် စိတ်ချယုံကြည် လိမ့်မည်မဟုတ်ချေ၊ မျက်စိနှစ်လုံးကို စုံမှိတ်ပြီး ကြည့်တဲ့အခါမှ မြင်ရတဲ့ ရုပ်ရုံမျိုးဖြစ်၍နေတတ်သော ကြောင့်တည်း၊

မျက်စိသည် ၎င်း၏မြင်ကွင်းအတွင်းသို့ သက်ဆင်းကျရောက်လာသောရုပ်ရုံ ဟူသမျှကို မြင်မြဲဖြစ်သည်၊ ၎င်းပြင်မြင်ကွင်း၏ မြင်ဖက်သို့ရောက်နေသောအရာတို့ကို မမြင်တော့ချေ။

ညဥ့်အခါ ကျွန်ုပ်တို့၏ အပေါ်က မိုး၍နေသော ကောင်းကင်ကို မော့၍ကြည့်လိုက်စမ်းပါ၊ ကြယ်၊ နက္ခတ်ဆိုတဲ့ ရုပ်ရုံအနန္တကို ကျွန်ုပ်တို့မြင်ရပေလိမ့်မည်၊

ထိုရာတွင် ကျွန်ုပ်တို့၏ မြင်ကွင်းကို ကျော်လွန်ပြီး နေကြတဲ့ နက္ခတ်၊ တာရာတွေ အသင်္ချေနှင့် အနန္တ ရှိနေ ကြပေ လိမ့်ဦးမည်၊

၎င်းတို့ကား မရှိလို့မမြင်ရပါတွေမဟုတ်ဘဲ အဝေးလို့ မမြင်ရသော အရာတွေသာဖြစ်သည်၊ အနီးအောင် ၎င်းတို့

ဖက်သို့ တိုးဘက်၍ တိုးဘက်၍ လိုက်သွားနိုင်လျှင် တချိန်တွင် ၎င်းတို့လဲ ကျွန်ုပ်တို့၏ မျက်စိမြင်ကွင်း အတွင်းသို့ သက်ဆင်း ၀င်ရောက်၍ လာကြပေလိမ့်မည်။

ထိုရာတွင် တချို့ သူရဲစသည်တို့ကား မည်သည့်အခါ၊ မည်သည့်ကပ္ပါက မည်သည့်လူသား၏ မျက်စိမြင်ကွင်း အတွင်းသို့ သက်ဆင်း ကူးရောက်ဘူး ပါသည်ဟု၍ အတိအကျ မပြောနိုင်တဲ့အရာများ ဖြစ်ချေသည်။

၎င်းတို့သည် မျက်စိဖွင့်၍ ကြည့်တဲ့အခါမှသာ ပေါ်ထင်လာကြကုန်၍ မျက်စိပွင့်လိုက်တဲ့အခါမှာ အားလုံးပျောက်ကွယ်၍ သွားမြဲဖြစ်ကြကုန်၏။

မျက်စိသည် လူသား၏ကိုယ်ခန္ဓာတွင် ဒသသနာခန္ဓာရှိယ စာရင်း၀င် အင်္ဂါအစိတ် အပိုင်းတခု ဖြစ်သည်၊ မျက်စိဖြင့် အတိအကျ မျက်၀ါးထင်ထင်မြင်ရသော အရာကိုယုံကြည်မှုကား မလွဲနိုင်၊ မမှားနိုင်ချေ။

မျက်စိသည် ကပ္ပါ၏ အနုပညာနှင့် အကြမ်းပညာ နှစ်ရပ်လုံးကို ဦးဆောင်သည်။

ဥပမာ—စာပေပညာကို စတင်သင်ကြားသော လူငယ်ကလေးကို ကြည့်ရှုရာ၌ ဆရာသည် ကျောက်သင်ပုန်းကြီး ပေါ်တွင် ဝ-လုံးကြီးကြီး တလုံး ရေးပေးလိုက်သည်၊ ကလေးသည် ရှေးဦးစွာ ထို(ဝ)လုံးကို သေချာစွာ ကြည့်ရှုသည်၊ ဆရာ၏ ဖြေမှုကိုင်ပုံ၊ ရေးဆွဲပုံကိုလဲ မှတ်သားသည်။

ထို့နောက် ထို(ဝ)လုံးကို သူ၏လက်ကလေးများဖြင့် မညီမညာဆွဲ၍ စမ်းသပ်တော့သည်။



ကလေး၏ လက်သည် (ဝ) တလုံးကို ဖြောင့်ဖြောင့် တန်းတန်း ညီညီညာညာ ပြီပြီသသ အကြင်အခါ၌ ရေးဆွဲနိုင်၏၊

ထိုအခါ အခြား အက္ခရာများ ကို တိုးတက်၍ ရေးဆွဲရသည်။

ဤသို့ မျက်စိကဦးဆောင်ရာ လက်ပါပြင်းဖြင့် စာပေပန်းချီ ပန်းပု-စသော အနုပညာ သည်များ ထွန်းကား ပေါ်ပေါက်၍ လာခဲ့ကြသေသည်။

ထို့မှတပါး အားလုံးသော ကိစ္စများကို ဆောင်ရွက်ရာတွင် လဲ မျက်စိနှင့် မြင်ဘူးသော အရာကိုသာ အခြား ကိုယ်အင်္ဂါတို့က ပြောင်ပြောင် မြောက်မြောက် တည်ဆောက် နိုင်ကြသည်၊ မျက်စိဖြင့် မြင်ဘူးသော (ဝါ) သေသေချာချာ ကြည့်ဘူးသော (ဝ) အက္ခရာတလုံးကိုပင် လက်ကပါအောင် အတော်ခက်ခဲစွာ လေ့ကျင့်ယူရသည်၊

မမြင်ရသောအရာကို လက်က ပုံတူဆွဲလို့အလုပ်ကား မဖြစ်နိုင်တဲ့ကိစ္စပင်၊

ဒါပေမယ်လို့ လူသား၏ မျက်စိဖြင့် မမြင်ဘူးသော ထို့ကြောင့် တကယ်ထင်ရှားမရှိတဲ့ ရုပ်ပုံတခုကို ပုံတူဆွဲကာ ယုံကြည်စွာ အားကိုးအားထား ပြုလုပ်နေသူတွေ အများ အပြားပင် ရှိချေသည်။

ယင်းသို့ပုံတူဆွဲမှုကား မနောဒွါရ၏ ကိစ္စဖြစ်သည်၊ မျက်စိဖြင့်မြင်ရတဲ့ ရုပ်ပုံအမျိုးမျိုးကို မနောဒွါရသို့ ရောက်အောင် ပို့ထားပြီးဖြစ်သည်၊ ယင်းသို့ ပို့ထားပြီးဖြစ်သော ရုပ်ပုံအမျိုး

မျိုးတို့ကား ဗဟိဒ္ဓအပြင်လောကဌ် ထင်ရှားမရှိသော အာရုံတွေ မဟုတ်ကြချေ။

မနောဒွါရသည် အမျိုးမျိုး အဖုံဖုံစုံ၍နေသော တသီးတခြားစီ သွင်းပို့ထားသော ရုပ်ပုံတို့ကို တခါခါ ပေါင်းစပ်၍ ထုတ်လုပ်ပေးတတ်သည်။

ဥပမာ–မနုဿီဟ ဖင်နှစ်ခွဆိုတဲ့ ပုံကိုကြည့်ရှုရာ၌၊ ၎င်း၏ နောက်ပိုင်းနှစ်ခုကား ထင်ရှားရှိသော အရာဖြစ်၏၊ ရှေ့ပိုင်း လူလည်းမှချရှိသော အရာပင်ဖြစ်သည်။

အဝယာ သဘောအားဖြင့် အစိတ်အပိုင်းအားလုံးကား မရှိသောအရာများ မဟုတ်ချေ။

သို့ရာတွင် သမုဟ (ဝါ) အပေါင်းသဘောဖြင့် မူကား ဤ သတ္တဝါမျိုး ဤကမ္ဘာ၌ ယနေ့တိုင်မပေါ်သေး မရှိသေးချေ၊

ထို့ကြောင့် ဤသတ္တဝါကား မနောဒွါရမှာ စပ်၍ ထုတ်လိုက်သောပုံ ဖြစ်သတည်း။

သို့ဖြစ်ရာ မနောဒွါရထုတ် ပစ္စည်းကား သဘာဝအားဖြင့် လုံးဝဥဿုံ အကုန် ပြည့်စုံ အောင် မှန် သော အရာများ မဟုတ် ထင်လျှားသည်၊ ထို့ ကြောင့် လူ သား ၏ သွေး သား အ ပြည့်ရှိတဲ့ မျက်စိ၌ ခက်ထိ ထင်ဟတ် လာသဖြင့် မြင်အပ်သော ရုပ်ပုံသည်သာလျှင် တကယ်ရှိ အဟုတ်ရှိသဘော ဖြစ်ကြောင်း ယုံကြည်သင့်လေသည်။

## သောတ–နား

လူသား၏နားဆိုတဲ့ အင်္ဂါ အစိတ်အပိုင်းသည်လည်း မျက်စိ တို့ရှိပင် သဝနုဒ္ဒရိယကိုတ်း၀င်ဖြစ်၍ မြင့်မြတ်သော အစိတ်



အပိုင်းတခုဖြစ်သည်။ နားလိုက်ဂူကြီး၏ အတွင်း၌ အသံဖမ်း စက်နှင့်တူသော သောတပသာဒရုပ်ကြည်ကိုနားဟုခေါ်သည်၊

၎င်း၏ ပဓာနကိစ္စကား ဗဟိဒ္ဓအပြင်လောကမှ ဝင်ရောက် ရိုက်ခတ်လာသော သဒ္ဒါရုံ ဆိုတဲ့-အသံကို ကြားခြင်းဖြစ်သည်။

မျက်စိနှင့်နားတို့သည် လူသားကိုယ်ခန္ဓာတွင် အမြင့်အနိမ့် တူညီသော နေရာ၌ တည်ရှိကြကုန်၏၊ ၎င်းတို့နှစ်ခုသာ အနုတ္တ ရိယကိုတ်း ဝင်များ ဖြစ်ကြရာ ၎င်းတို့နှင့် ဆိုင်ရာ ကိစ္စမှတပါး အခြားကိစ္စတို့ကို မဆောင်ရွက်နိုင်ချေ။

ဆိုလိုရင်းကား မျက်စိနှင့်နား သက်သက်သည်ရည်သည့်ခုစ ရိုက်မှု (ဝါ) ရာဇဝင်မှု ကိုမျှ ကြေးလွန်တတ်ဟုဆိုလိုသည်။

မှန်လှ၏၊ ရုပ်ပုံတခု မျက်စိဖြင့်ကြည့်မှု (သို့မဟုတ်) သဒ္ဒါရုံ တခုကို နားဖြင့်နားထောင်မှု-တို့ဟာ ပုထိပ်အခရုပ်သော ကိစ္စ များမဟုတ်ချေ။

နားနှင့်တိုက်ရိုက်ကြားရသောအသံကား- ရုပ်တရားပင်ဖြစ် သောကြောင့် ဟို့နှယ်သည့်နှယ် ယုံမှားသံသယ ရှိဖွယ်မလိုချေ။

၎င်းကား- ပထဝီဆိုတဲ့ မာကြောသော ဓာတ်သားနှစ်ခုတို့ ရိုက်ခတ်မိကြရာမှ (သို့မဟုတ်) ထိခိုက်မိကြရာမှ ဖြစ်ပေါ်လာ သောရုပ်တမျိုးဖြစ်သည်၊ ၎င်းကို သဒ္ဒရုပ်-(ဝါ) သဒ္ဒါရုံ (ဝါ) အသံဟုခေါ်သည်။

အပြင်ကမ္ဘာလောကဌ် ဖြစ်ပေါ်လာသော သဒ္ဒါရုံ ခေါ်တဲ့ အသံဓာတ်သည် အာကာသတွင်ရှိသော လေလှိုင်းတို့စီး၍ နား- လိုက်ဂူတွင်းသို့ ဝင်လာပြီးလျှင် သောတပသာဒရုပ်ကို (ဝါ)

နားအကြည်ရှင် ရိုက်ခတ်လေသည်၊ ၎င်းကိုပင်ကြားခဲ့ဟု ခေါ်ဆိုကြသည်။

သို့ဖြစ်ရာ ဝေးကယ်ရှိအဟုတ်ရှိ မညည်းနိုင်အောင်ရှိတဲ့ သဒ္ဒရုပ်သည်သာလျှင် နား၏အာရုံအစစ်ဖြစ်နိုင်သည်၊ လူသား၏မျက်စိဖြင့် အထိအကျမြင်ရသော ရုပ်ပစ္စည်း(ဝါ)ရုပ်ဒြဗ် နှစ်ခုတို့ အချင်းချင်း ရိုက်ခတ်ရာမှ ထွက်ပေါ်လာတဲ့အသံကိုသာလျှင် လူသား၏ သောတပသာဒရုပ်နှင့် ဆိုလျော်၍ကြားနိုင်သည်၊ ၎င်းကိုသာလျှင် အမှန်ဟု၍ဆိုနိုင်သည်၊ အားကိုးပြုနိုင်သည်၊ စိတ်ချလက်ချယုံကြည်နိုင်သည်။

မျက်စိဖြင့်မြင်သော ရုပ်တုံးရုပ်ခဲမှ ထွက်သောအနံ့ ဂန္ဓာရုံ ထိုသည့်ရုပ်မျိုးမှ ခံစားရတဲ့ ရသာရုံ၊ ထိုသို့ မျက်စိဖြင့် မြင်ရသော ရုပ်ပစ္စည်းများနှင့် တွေ့ထိမှုဖြစ်ပေါ်လာတတ်တဲ့ အတွေ့ဖေါဋ္ဌဗ္ဗါရုံတို့နှင့် ပတ်သက်ရာ၌လည်း ထိုနည်းအတူပင် စဉ်းစားဆင်ခြင်၍ တွေးတောကြကုန်ရာ၏။

ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို တီထွင်လိုသော မြန်မာလူသားသည် မိမိ၏ကိုယ်ကာယဋ္ဌ ထင်ထင်ရှားရှား အမှားနိုင်အောင်တည်ရှိသော မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်ဆိုတဲ့ ကိုယ်ပိုင်ပစ္စည်း ငါးမျိုးကို ထိတိကျကျအားကိုးသူဖြစ်ရမည်။

ထိုငါးမျိုးတို့ဖြင့် မြင်ရ၊ကြားရ၊နံ့ရ၊လျက်ရ၊ထိရသော အရာများသည်သာ လူသားနှင့်တကွ လူ့လောက အဆောက်အဦးကို တည်ဆောက်ရာ၌ အသုံးဝင်သည်ဟု ယုံကြည်သူ ဖြစ်ရမည်။

ဆိုရှယ်လစ်လမ်းစဉ်သို့ ဝင်ရောက်လိုတဲ့မြန်မာ လူသားသည် အမိဝမ်းတွင်းမှ သက်ဆင်းလာကတဲက မိမိ၏ ကိုယ်ကာယတွင်



တပ်ဆင်လာသဖြင့် မိမိပိုင်ဖြစ်တဲ့ ပဉ္စပသာဒ ရုပ်ကို အားကိုးသူဖြစ်ရမည်။

မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်ဆိုတဲ့ အဇ္ဈတ္တသာဒရုပ် ငါးမျိုးမှတပါး အခြားအားကိုးစရာများကို မရှာသူ ဖြစ်ရမည်ဟုဆိုလိုသည်။

ဤငါးမျိုးတို့ကား လူသားကိုယ်ပိုင်ဝေးကယ်နိုင်သောပစ္စည်းများဖြစ်သည်၊ ယင်းသို့ဝေးကယ်ပိုင်မှသာ လူသားတိုင်း အစစ်အမှန်ဖြစ်သော လွတ်လပ်မှုကို လက်တွေ့ရနိုင်ပေလိမ့်မည်၊ ဤငါးမျိုးကို အခကြေးငွေနှင့် ရောင်းစား၍ ထားသူသည် သူတပါး၏ ကျေးစစ်-ကျွန်စစ်- သဘောက်အစစ် ဖြစ်လေတော့၏။

ယင်းသို့သူတပါး၏ ကျေးကျွန်အစစ် ဖြစ်နေသော လူသားသည် မိမိမျက်စိနှင့်မြင်ရတဲ့အရာကို မြင်တဲ့အတိုင်းမပြောကြားရဲတော့ချေ။

ဤအတူ နားနှင့်ကြားရတဲ့အသံ နှာခေါင်းနှင့် နံရတဲ့အနံ့၊ လျှာဖြင့်သိရတဲ့အရသာ ကိုယ်ကာယဖြင့်တွေ့ထိရတဲ့ခံစားမှုတို့ကို အတိအလင်း အရှင်းအတိုင်းဖေါ်[illegible]ယ်မချရဲတော့ချေ။

ထိုအခါ လူသား လောကတွင် အကြွားသော အမှားတော့မှုသားတွေဟာ ဒီရေအလား တိုးတက်များပြား၍ လာပေလိမ့်မည်။

ထိုမှုမှတ အကြွားနှင့်အမှား တည်းဟူသော တားမရ ဒီရေလုံးကြီးများသည် ဤကမ္ဘာတခုလုံးကို ဆိမ်းကြီးလွှမ်းမိုး၍ သွားပေလိမ့်မည်။

ယင်းသို့သော ကပ်ဆိုးကြီးများမှ လူသားအားလုံး လွတ်ကင်း၍ ရှင်းလင်းပြတ်သားစွာ လူသားအစည်းစနစ်ကို မြန်မြန်ယှက်ယှက်ခံနိုင်ရန် လူသားသည် မိမိကိုယ်ပိုင်ဖြစ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ကိုသာလျှင် ပြတ်ပြတ်သားသား အားကိုးအားထားပြုရန်လိုသည်၊ ထိုအင်္ဂါငါးမျိုးတို့ဖြင့် မြင်ရ၊ ကြားရ၊ နံရ၊ လျက်ရ၊ ထိရသော အရာတို့ကိုသာ မှတ်မှတ်သားသား ယုံကြည်ရန် လိုလေသည်။

လိုရင်းချုပ်ရသော် ဆိုရှယ်လစ် လမ်းစဉ်၌ ပန်းဝင်လိုသော လူသားသည်-

၁။ မိမိပိုင်ဖြစ်သော စ-သ-ယ-ဇ-က-ဟ (ဝါ) စက္ခုသောတ-ဃာန-ဇိဝှါ-ကာယ-ဟဒယ-ဆိုတဲ့ ကိုယ်အင်္ဂါခြောက်မျိုးကို တိတိကျကျ အားကိုးရမည်၊

၂။ မိမိ၏မျက်စိဖြင့် မြင်ရ၊ နားဖြင့် ကြားရ၊ နှာခေါင်းဖြင့် နံရ၊ ကိုယ်ဖြင့် ထိတွေ့ရ၊ ဟဒယဖြင့် တွေ့ရသော အရာတို့သာ တကယ်ရှိ အဟုတ်ရှိ-ရှိ၍ လူသားကို အကျိုးပြုနိုင်တဲ့ ပစ္စည်းဖြစ်သည်ဟု ယုံကြည်ရမည်။

အဓိပ္ပါယ်ကား—လူသားသည် မိမိနှင့်သာဆိုင်၍ မိမိသာပိုင်သော စ-သ-ယ-ဇ-က-ဟ-တို့ကို တိုးတက်လာအောင် ရှေးဦးစွာပြုပြင် ထွမ်းမန်ရမည်ဟု ဆိုလို၏။

ယင်းသို့ ပြုပြင်မွမ်းမံခြင်းဖြင့်သာလျှင် လူသား၏ မျက်စိ၊ နား၊ နှာ-စသည် ကြီးထွားတိုးတက်၍ လာနိုင်သောကြောင့်တည်း။

ယင်းသို့ သင်ပေးလေ့ကျင့်ခြင်းဖြင့် တိုးတက်ကြီးထွားလာ



သော စ-သ-ယ-ဇ-က-ဟ-တို့ကို တကယ်ဘန်း အားကိုးအားထားပြု၍ အမှုကိစ္စဟူသမျှကို ၎င်းတို့ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်လျှင် လူသားအတွက် မိတ်ပျက်အားငယ်ဖွယ်ရာ အဘယ်မှာလျှင် ရှိတော့မည်နည်း။

၎င်းခြောက်မျိုးကို တကယ်အားကိုးပြီး အဟုတ်ကျိုးစားသူ လူသားအတွက် ခက်ခဲသောအရာ ဘယ်အခါမျှ မရှိနိုင်တော့ပြီ ဖြစ်သောကြောင့်တည်း။

ထိုအခါ လူသား၏ ခွန်ဖြတ်မှန်ကန်သော ကိစ္စကား မြင်၊ ကြား၊ နံ၊ လျက်၊ ထိသော အရာတို့ကို စဉ်းစားဆင်ခြင်ရန် အမှားနှင့် အမှန် ဝေဖန်သုံးသပ်ရန် လောကတခွန်းလုံးရှိ လူသားအားလုံး ပျော်မြူး ရွှင်သော ကျန်းမာဝပြီး တိုးတက်ကြီးထွား အကျိုးများမှု အတွက် အထောက်အကူ ပြုလတံ့သော လူသုံးပစ္စည်းအမျိုးမျိုးကို တီထွင် ဖန်တီးရန်ဖြစ်၏။

လူသား၏ တာဝန်ကား ဒီမိုသ-ဝိဇ္ဇာရောက်ဥာဏ် တည်းဟူသော အသင်းတော်က ချွန်ပြတဲ့လမ်းအတိုင်း လိုက်နာကျင့်သုံးရန် ဖြစ်သည်။

အချုပ်မှာ အတ္တဟိတ (ဝါ) မိမိ၏ ကိုယ်ကျိုး စီးပွားနှင့် ပရဟိတ (ဝါ) မိမိမှတပါး အခြားသော လောက သားတို့၏ တိုးတက်ရေး၊ ကြီးပွားရေး၊ ပျော်မြူးရွှင်လန်းရေး၊ ကျန်းမာဝပြိုးရေး၊ စားဝတ်နေရေး၊ ဖူလုံရေး၊ အသက်ရှည်ရေး စသည်တို့အတွက် အသက်နှင့် စည်းစိမ်ကိုပေး၍ ဆောင်ရွက် အားထုတ်ရန် အသင့်ရှိသူဖြစ်ရမည်။

ဤနည်း အတိုင်းသာ လူတိုင်း လူတိုင်းမှာ စိတ်ထား၍ လူတိုင်းလူတိုင်းကသာ ဤနည်းကို ကျင့်သုံးကြလျှင် ဤလူ့လောကကြီးကား လူသား အားလုံးအတွက် သာလာယံ အစစ် ဖြစ်ပေလိမ့်သတည်း။

## (ခ) ကက်ပီတယ်လစ် လမ်းစဉ်

၁။ ကက်ပီတယ်လစ်ဇင်း ဆိုသည်ကား အရင်းရှင် စီးပွားရေးစနစ်ဖြစ်သည်။

ထိုစနစ်အရ ဆိုရင် ကုန်ထုတ်လုပ်သော ကိရိယာများနှင့် ထိုသည့်ကုန်ကို ဖြန့်ဖြူးသော ကိရိယာများ၊ (ဝါ) တိုတိုပြောရလျှင် စီးပွားရေး ယန္တရားကြီး တခုလုံးသာ အမြတ်ကို ကိုလားသော (ဝါ) တနေ့ထက် ကြီးထွားသော အမြတ်အစွန်းရလိမ့်မည်ဟု မြော်လင့်သော ပုဂ္ဂလိက အာဏာပိုင် ငွေရှင်၊ ကျေးရှင်တို့၏ လက်တွင် တည်ရှိသည်ဟု ယူဆသော ဝါဒဖြစ်သည်၊
(ဇေါလီတာသီးမား)

၂။ ငွေပင်ငွေရင်းကို ထုတ်ကုန်လုပ် ကိရိယာဖြင့် ပုဂ္ဂလိက တဦးတည်းပိုင်ဆိုင်မှုတွင် အခြေခံသော စီးပွားရေး ချုပ်ကိုင်မှုကို အရင်းရှင်ဝါဒဟူ၍ နားလည်ကြသည်၊ ၎င်းကား ငွေပင်ငွေရင်းကို စုဆောင်းသိုမှီးရန် အပြည့်အစုံလွတ်လပ်ခွင့် ရရှိခဲ့ရာ ကုန်ထုတ်လုပ်ရေးနှင့် သုံးစွဲရေး နှစ်ခုလုံးကို သဘောအတိုင်း ချယ်လှယ်နိုင်သော ငွေရင်းကို ပိုင်ဆိုင်ခြင်းကြောင့် ဖြစ်



ပေါ်လာသော နိုင်ငံရေးနှင့်စီးပွားရေး ဝါဒဖြစ်သည် (ဒေါက်တာအလီဂျီလိုရက်ပိုမေါ်က်)

၃။ မိလ်စ် အယူအားဖြင့် အရင်းရှင်ဝါဒဆိုသည်မှာပုဂ္ဂလိကငွေရှင် ကျေးရှင်၏ အကူအညီ မပါဘဲ မည်သို့သော ကုန်ကိုမျှထွက်အောင် မလုပ်နိုင်သော အလုပ်သမား လူများစု၏ လုပ်စာကို ပုဂ္ဂလိက လူနည်းစုက စားသုံးမှုဖြစ်သည်။

၎င်းဝါဒတွင် အလုပ်မလုပ်သူ လူအချို့ စည်းမဲ့ ကမ်းမဲ့ ကြွယ်ဝမှုနှင့် ကုန်ထုတ်လုပ်သူ လူအများစု အလုပ် သမားတို့၏ အရမ်းမဲ့မွဲမှု ဝေမှုများ ပါဝင်သည် (j.s. mills မိလ်၏ အခ တည်ဖြစ်ရေး ကျမ်းမှ စာမျက်နှာ ၁–၁၂)

ဤသို့ပေါ်ထွက်ခဲ့သော နိုင်ငံရေး အဘိဓမ္မာဆရာကြီးအသီးသီးတို့၏ အဆိုအမိန့်ကို လိုရင်းချုပ်၍ကြည့်လိုလျှင် အလုပ်မလုပ်တဲ့ လူမှုင်း အနည်းငယ် ချမ်းသာကြွယ်ဝ၍ ချွေးကျအောင်လုပ်ကိုင်ရတဲ့အလုပ်သမား လူအများစု၏ ငတ်ပြတ်ငွဲ့သော နေရမှုပင် အရင်းရှင် ဝါဒဖြစ်ကြောင်း ထင်လျှားသည်။

ဤဝါဒသည် လူသား၏ စိတ်တွင် မိမိကိုယ်ကို အားကိုးခြင်းဆိုတဲ့ အဇ္ဈတ္တအားကိုးမှုများ ပျောက်ပါးသွားစေ၍ ပဟိဒ္ဓ ဆိုတဲ့ အပအားကိုးမှုများကို တိုးတက်ထွန်းကား၍ လာစေနိုင်သည်၊ ထိုသည့်အပအားကိုးမှုများကား လူသားအားကိုး၏ အကြီးဆုံး အန္တရာယ်ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့သည် ဆိုရှယ်လစ်လမ်းစဉ်၌ အပြင်းအထန် အနှောင့်အယှက်ပေးနိုင်သော လေ့ပ်တဲသင်းတွင်း၊ ကြင်းရောက်တို့နှင့် တူလှချေသည်။

၎င်းကား ရွှေငွေ စိန်ကြောက်စသော အဖိုးတန် ရတနာများ နှင့်တကွ လယ်ယာ၊ တိုက်တာအိုးအိမ်၊ ဝင်းခြံ၊ မီးရထား၊ မီး သင်္ဘော၊ ဓာတ်ရထား၊ မော်တော်ကား၊ လေယာဉ်ပျံ စသော ပစ္စည်းတို့ဖြင့် လူသား၏ ပမာဏကို တိုင်းတာသော ဝါဒဖြစ် သည်။

ယင်းသို့လူသုံးပစ္စည်း အမြောက်အများကို လူတဦးတည်း က ပိုင်ဆိုင်နေမှုကား အလွန်ဆိုးဝါးသော ကိစ္စတရပ်ဖြစ်သည်။

၎င်းတို့သည် လူသား၏ ပမာဏကို တိုင်းတာရာ၌ မှန်ကန် တိကျသော အတိုင်းအတာများ (ဝါ) စကေးများ မဟုတ်ကြ သောကြောင့်တည်း။

ထို့ပြင် အဆိုးဝါးဆုံးမှာ အပပစ္စည်းကို အားကိုးသော ကယ်ပီတယ်လစ်အရင်းရှင်ဝါဒမှ ထာဝရဘုရားနှင့် နတ်ဗြဟ္မာ အပါအဝင် နတ်ကောင်းနတ်ဆိုးတို့က ကူညီစောင်မသည်၊ အ ငြိုဖတ်ခတ်သည်ဟူသော အယူအဆများ အလို အလျောက် ပေါက်ဖွား၍ လာတတ်ခြင်းဖြစ်လေသည်။

ယင်းနှင့်တဆက်တည်းပင် ပူဇော်မှု၊ ယဇ်မှု၊ မန်းမှုတ်မှု၊ ချွတ်ဖတ်မှု၊ ပြုဟ်စာကျွေးမှု၊ ယတြာချေမှုစတဲ့ မလိုလားအပ် သော အမှုပေါင်းသောင်းခြောက်ထောင် ခေတ်စား၍၊ ထွန်း ကားလာတတ်ပြန်လေသည်။

အပဖြစ်တဲ့ ပစ္စည်းဥစ္စာ ရတနာသာ အဓိက ဖြစ်သည်ဟု၍ ယုံကြည်လာသည်နှင့်တပြိုင်နက်၊ ထိုထို ရတနာများကို တပုံတ ခေါင်းကြီး စုဆောင်းရရှိရန်



လူသားသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နည်း မျိုးစုံကို အသုံးပြုကာ ရှာဖွေလေတော့သည်။

လူသားသည် ထိုထိုရတနာများကို ရရှိရန် ချွေးထွက်အောင် ကြိုးပန်းအားထုတ်၍ လုပ်ကိုင်၏၊ ထိုအခါသူ၏ စီးပွား ဥစ္စာ တိုးတက်၍ ကြီးပွားလာ၏၊ ချမ်းသာ ကြွယ်ဝ၍လာ၏၊

လူ့အစည်းအရုံး၏ အလယ်တွင် သူဌေးကြီး (ဝါ) သူကြွယ် ကြီးဆိုတဲ့ နာမည်ဖြင့် ထယ်ဝါ၍လာလေတော့၏။

ထိုအခါ သူသည် ကောင်းကင်ဖက်သို့မျက်နှာမူ၍၊ လက်အုပ် ချီမိုးပြီး ရှိခိုးကာ ဘုရားသခင်အား ကျေးဇူးတင်လေတော့၏။

ထိုသို့ပြုမူခြင်းကြောင့် ကမ္မသတ္တိ တံခိုးအာနုဘော် ညှိုးမှိန်၍ သွားလေပြီ၊ အစစ်အမှန်ဖြစ်သော အကြောင်းနှင့် အကျိုး ငွင်း ဆက်များ ပျက်ပြယ်ဖြစ်၍သွားလေပြီ၊ သဘာဝဓမ္မ၏ ဥပဒေသ များ လမ်းတိမ်း၍သွားခဲ့လေပြီ။

ထိုမှမက ငွေများတရားနိုင်ဆိုတဲ့ စကားပုံ ပေါ်ထွန်းလာ ခြင်းဖြင့် လူသားတို့ ပြုလုပ်ထားသော တရားဥပဒေများ ပျက် မှုလဲ ပေါ်လွင်လာခဲ့ပြန်လေပြီ။

ဤသည်တို့ကား ကယ်ပီတယ်လစ်–ခေါ် အရင်းရှင် ဝါဒ မှ မွေးထုတ်လိုက်တဲ့ မလိုလားအပ်သော အကျိုးတရား ဖြစ် ချေသည်။

ထို့ပြင်အရင်းရှင်ဝါဒသည် ဗဟိဒ္ဓလောကမှာတည်ရှိသော သက်မဲ့ဖြစ်တဲ့ ရွှေငွေစသောပစ္စည်းများကို သိဒ္ဓပမာဏ(ဝါ) မှုသောအတိုင်းအတာ အဖြစ်ဖြင့် အသုံးပြုသည်။

ယင်းသို့ ပြုခြင်းကြောင့် လူဆင်းရဲ၊ လူချမ်းသာ ကွဲပြား၍ လာသည်၊ အရှင်သခင်နှင့် ကျွန်သဘောက်ဟူ၍ ပေါ်ပေါက်လာသည်၊ လက်ရှိနှင့် လက်မဲ့ ခြားနားမှု ပေါ်ထွက်၍ လာသည်။

ထိုအခါကမ္ဘာမြေပြင်၌စည်းစိုင်းမှုများထွန်းကားလာသည်၊ ထို့ကြောင့် ပိုင်နက် ကျူး ကျော်မှု များ ခေတ် စား လာသည်၊ နောက်ဆုံးတွင် တုတ်ကိုင်ဓါးဆွဲပြီး ရန်ပွဲတွေ ဖြစ်ပေါ်၍ လာလေသည်၊ ထိုသို့သောရန်ပွဲကလေးများ ကြီးထွားလာတဲ့အခါ စစ်ပွဲဟူသောနာမ်ကို ခံယူလေတော့သည်။

ကမ္ဘာမြေပြင်အနှံ့အပြားဖြစ်လာသော ထိုစစ်ပွဲကို ကမ္ဘာစစ်ဟူ၍ ကင်ပွန်းတပ်ထားသည်၊ ထိုစစ်ကား လူသား တရပ်လုံး အတွက် မလိုလားအပ်ဆုံးသော အရာဖြစ်သည်။

စစ်ဆိုသည်မှာ (၃၀၂)ဥပဒေမှ ကင်းလွတ်ခွင့်ရပြီး လူနှင့် လူချင်း အပျင်းပြေ သတ်ဖြတ်နေမှုပင်ဖြစ်သည်၊ ဤကိစ္စအတွက် လက်သည် အစစ်မှာ အခြားမဟုတ်၊ အရင်းရှင်ဝါဒပင် ဖြစ်ကြောင်းကို ကမ္ဘာ့ရာဇဝင်က သက်သေခံလျက်နေသည်။

ထို့ကြောင့် မိမိမှ တပါး အခြားသူကို အားကိုးလိုတဲ့ စိတ်ထားမျိုးကို လူသားတိုင်းက ရိုက်ချိုးပစ်ရန် အားထုတ်ရမည်၊ ထိုအခါ အရင်းရှင်ဝါဒ ပြာကျ၍သွားပေလိမ့်သတည်း။

ပထမဖြစ်သော ဆိုရှယ်လစ်လမ်းစဉ်တွင် ဝင်ရောက်၍ ဆိုရှယ်လစ် အစစ်ဖြစ်လာသော လူသားသည် အတ္တဟိတ-ပရဟိတဆိုတဲ့ တောက်ပြောင်တဲ့ စကားလုံးကြီးများကို အသုံး



ပြုပြီးလျှင် လူသားကို ငါ-သူတပါး ဟူ၍ ခွဲခြားရန်မလိုတော့ပြီ၊ လူသားကို လူသားအနေဖြင့်မြင်ရန်လိုသည်။

ထိုသည့် အတ္တ — ပရဟိတ ဆိုတဲ့ ဝေါဟာရများကား အရင်းရှင် လောင်းရိပ်၌ ပေါက်ဖွားခဲ့ရသဖြင့် အရောင်ဝါ ကလေးနှင့် ပြည့်စုံစေကာ အနှစ်သာရကား ဗလာ နတ္ထိ ဖြစ်လေသည်။

ထို့ကြောင့် လူကို လူသား အဖြစ်ဖြင့် ကြည့်ရှု၍ လူအဖြစ်မြင်မှသာလျှင် လောကတ္ထစရိယဆိုတဲ့ လူသားကျိုးပြု လုပ်ငန်းကြီး ဖြစ်အောင်ဆောင်ရွက်ရန် စွမ်းနိုင်ပေလိမ့်မည်။ ငါ-သူ တပါး စသည်ဖြင့် မြင်နေလျှင် လောကတ္ထစရိယ စစ်စစ် ဖြစ်မြောက်လိမ့်မည်မဟုတ်ချေ။

ဆိုလိုရင်းမှာ- ငါ-ဆိုတဲ့စည်းစိုင်းနှင့် သူ-ဆိုတဲ့ စည်းစိုင်း နှစ်ခုကို အစအန မကျန်ရအောင် လက်စတုံး ချေမှုန်း နိုင်မှသာလျှင် ဆိုရှယ်လစ်လမ်းစဉ်အတိုင်း ဆိုရှယ်လစ် လူ့အစည်းအရုံးကို အောင်အောင်မြင်မြင် တည်ထောင်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ဆိုရှယ်လစ်လမ်းစဉ်သို့ဝင်ရောက်၍ ဆိုရှယ်လစ် လူ့အစည်းအရုံးတည်ထောင်လိုသော ဗမာလူသားသည် —

၁။ အထက်၌ ဖော်ပြခဲ့ပြီးသော မရှိဖွဲ့များကို လုံးဝ ကုန်စင် သုတ်သင်ပြီးသူ ဖြစ်ရမည်၊

၂။ စ-သ-ဃ-ဇ-က-ဟ-ဆိုတဲ့ ကိုယ့်အားကို ကိုယ်ကိုး စားသူ ဖြစ်ရမည်၊

၃။ ကမ္ဘာလောကရှိ လူသားတရပ်လုံးကို အဖြူ-အမဲ-နှာခေါင်းချွန်-နှာခေါင်းပြား မခွဲခြားဘဲ လူသားအဖြစ်ဖြင့် မြင်သူ ဖြစ်ရမည်။

၄။ လူနှင့်လူချင်း ပေါင်းသင်း ဆက်ဆံရာ၌ အယုတ်အမြတ် - အနိမ့် - အမြင့်ဆိုတဲ့ အဆင့်အတန်း ခွဲခြားမှုမရှိသူဖြစ်ရမည်။

၅။ မိမိပိုင်ဖြစ်သော စ-သ-ယ-ဇ-က-တို့မှ တပါး အပြင်ပ၌တည်ရှိသော အခြားရတနာများကို ပုဂ္ဂလိက တဦးတည်း ပိုင်ဆိုင်ခွင့်မရှိဟု ယုံကြည်သူဖြစ်ရမည်။

ဤသို့အားဖြင့် ဆိုရှယ်လစ် လမ်းစဉ်၌ လျှောက်သွားသူ လူသား၏ တာဝန်ကား စ-သ-ယ-ဇ-က-တို့၏ ကိစ္စ ဖြစ်သော မြင်-ကြား-နံ-လျက်-ထိ-ဟူသော အသိငါးမျိုးတို့ဖြင့် ထောက်ခံ အတည်ပြုအပ်သော ဦးနှောက်၏ အလင်းရောင်ကို ခေါင်းဆောင်ရှေ့သွားအဖြစ်ထားရန်ဖြစ်ကြောင်းတင်ပြခဲ့လေပြီ။

ဤသို့သာ တိုးတက်သွားခဲ့လျှင် မိမိတို့ဦးနှောက်၏ အလင်းရောင်ကို ငြိမ်းသတ်ပြီးလျှင် မိမိတို့၏မျက်စိကိုစုံမှိတ်၍ သူတပါး၏ ခြေသံကို နောက်ရောင်ခံ လိုက်တဲ့ ဝါဒမျိုးတို့သည် များ မကြာမီ ဤကမ္ဘာမှ ကွယ်ပျောက်၍သွားကြပေလိမ့်မည်။

ကမ္ဘာ၏ ရာဇဝင်ကို တိကျစွာ သုံးသပ်လိုက်လျှင် ကျွန်ုပ်တို့၏ ရှေးလူတို့သည် သူတို့တတ်နိုင်သလောက် တိုးတက်ကောင်းမွန်အောင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်အားထုတ်ခဲ့ကြောင်းကို တွေ့မြင်ရပေလိမ့်မည်။

သူတို့ ကြိုးပမ်းအားထုတ်ခဲ့သော အလုပ်များသည်လည်း သူတို့၏ဘဝတိုးတက်ရေးနှင့် ကြည်ရွှင်သာယာရေးအတွက်သာ ဖြစ်ကြကုန်၏။



သူတို့သည် ထာဝရဘုရားသခင်နှင့် တကွသော နတ်ဘုရားတို့၏တန်ခိုးပြဒါဟ်ကို နှစ်နှစ်ကာကာယုံကြည်ခဲ့ကြကုန်၏၊ ၎င်းတို့ကို ရိုသေကော်ရော်ပူဇော်ခြင်းကြောင့် သူတို့က ဆုချလိမ့်မည်ဟု ယုံကြည်ခဲ့ကြကုန်၏။

ထို့ကြောင့်သူတို့သည် ယဇ်ပူဇော်ခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းဖြင့်၎င်း၊ ဦးပုသ်သီတင်းစောင့်သုံးခြင်း၊ ပင့်တိမ်မဆွန်ရှုတ်အံခြင်းဖြင့်၎င်း မိုးရွာလိမ့်မည်။

သူတို့ရဲ့ကောက်ပဲသီးနှံများအတွက်သန်လိမ့်မည်ဟုယုံကြည်ပြီးလျှင် နတ်ဘုရားတို့ကိုကိုးစားခဲ့ကြကုန်ပြီ။ ထိုသို့သောကောင်းမှုများကို ပြုလုပ်သောသူသည် ကောင်းကင်ဘုံနန်း၌ရှိ နတ်ဘုရားတို့၏နှစ်သက်ခြင်းကို ခံယူရသောကြောင့် ဤယခုဘဝ ပစ္စုပ္ပန်၌ အသက်ရှည်စွာ အနာခဲကင်း စိုးရိမ်ခြင်းလဲအလျှင်းမရှိ၊ ပကတိ ကျန်းမာ ချမ်းသာ ရွှင်လန်း ဝမ်းမြောက်စွာ နေထိုင်၍ သွားပြီးလျှင် တမလွန်ဖြစ်သော ဟိုမှာဖက်ဘဝ၌ ကြီးကျယ် မြင့်မြတ်သော အနန္တ စည်းစိမ်ကို မြိန်မြိန်ရှက်ရှက်ခံစားပြီးလျှင် အချိန်ကာလ အနန္တ ကြာအောင် နေရလိမ့်မည် ဟူ၍ ယုံကြည်ခဲ့ကြကုန်ပြီ။

ရှေးလူတို့သည် ကမ္ဘာ၏ ဖန်ဆင်းသခင်အာဏာရှင်ဖြစ်သော ထာဝရဘုရားကိုသာမကဘဲ ၎င်းနှင့် ထီးပြိုင်၊ နန်းပြိုင်၊ တန်ခိုးပြိုင်ဖြစ်သော မာရ်နတ်မင်းကိုပါ အကယ်ရှိ၊အဟုတ်ရှိ-ရှိသည် ဟူ၍သာ ယုံကြည်ခဲ့ကြကုန်၏။

ထို့ကြောင့် ရှေးလူသားသည် ကြောင်လက် နှစ်ခုတို့၏ အကြားသို့ ရောက်နေသဲ့ ကြွက်ငယ်ကဲ့သို့ ထာဝရဘုရားနှင့် မာရ်နတ်တို့၏အကြားတွင် ဖျာများလျက်နေခဲ့ရလေပြီ။

ထိုသည့်ထာဝရဘုရားနှင့် မာရ်နတ်သည် လောကလူသား၏ ကြောက်စိတ်ကို နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် နှိုးဆွ၍ ပေးခဲ့ကြကုန်၏၊

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ ဘိုး-ဘေး-ဘီ-ဘင် လူ့မနုဝင်ကို တီထွင်ခဲ့ကြကုန်သော ရှေးလူတို့သည် အစစ်အမှန် ဆို ရ လျှင် ထာဝရဘုရားကို ဟာကယ်အစစ် ချစ် ခင် နှစ် သက် မ စွဲ မက် ခဲ့ကြချေ။

ထိုပြင် မာရ်နတ်ကိုလည်း အောင့်နှလုံး နာ လောက် အောင် ရှုံရှာမုန်းတီးခြင်း မရှိခဲ့ကြချေ။

သို့ရာတွင် ၎င်းတို့နှစ်ဦးကို အမြောက်အမြား ကြောက်ကား ကြောက်ရွံ့ခဲ့ကြကုန်၏၊ သူတို့သည် အနာဂတ်ဘဝ၌ ထာဝရဘုရားသခင်နှင့် အတူတကွ ကောင်းကင်ဘုံနန်းမှာ ပျော်မဆုံး၊ ရီမဆုံးဘဲ တပြုံးပြုံးနှင့်အဆုံးမရှိတဲ့အနန္တကာလတိုင်အောင် နေလိုကြကုန်၏၊ ယနေ့ပစ္စုပ္ပန် မျက်မှောက်ဖြစ်သော ဤဘဝ၌ မူကား မာရ်နတ်မင်းနှင့် လက်ချင်း ယှဉ်တွဲပြီးလျှင် ပျော်ပွဲခံ၍ နေလိုကြကုန်၏၊

ထို့ပြင်ရှေးလူတို့သည်သူတို့၏ကောင်းသော(ဝါ)မကောင်းသောစာရိတ္တသည် သဘာဝဓမ္မ၌ တိုက်ရိုက်အကျိုးသက်ရောက်နိုင်သည်ဟူ၍၎င်း၊ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ အနာရောဂါဘေး၊ လက်နက်ဘေး၊ ငတ်မွတ်ခြင်း ဘေးတို့သည် လူသား ကျူးလွန်တဲ့ ပြစ်မှုကြောင့် ဘုရားသခင်က ခတ်လိုက်တဲ့ ဒဏ်ချက်များဖြစ်သည်ဟူ၍၎င်း၊ ထို့ပြင်ဤလောကအတွင်း၌ အပြစ်ရှင်း၍ ဘေးကင်းသော (ဝါ) လူသား၏ စိတ်နှစ်လုံးကို



ပျော်ပြုံးနေနိုင်သော ဖြစ်ရပ်များကား ဘုရားသခင်ကလူသားအတွက် ချပေးလိုက်သော ဆုလာဘ်များ ဖြစ်သည် ဟူ၍၎င်း သူတို့ စွဲစွဲမြဲမြဲယုံကြည်ခဲ့ကြကုန်ပြီ။

သို့ရာတွင် ကာလ တော်တော အတန်ကြာလတ်သော် သတ္တိပြောင်မြောက်သော လူသားပညာရှင်အချို့တို့သည် အသက်ဆံဖျား ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကြီးမားသော အဆီးအတားတွေကို ကျော်လွှားပြီးလျှင် တွေးခေါ် စဉ်းစား၍လာကြကုန်၏၊ ဆန်းစစ်ဝေဖန်၍လာကြကုန်၏။

မည်သည့်ကိစ္စမဆို သေချာစေ့ငု ကြည့်ရှုစစ်ဆေး၍ လာကြကုန်၏၊ အကြောင်းနှင့် အကျိုးတို့ ဆက်စပ် (ဝါ) မစပ်ကို ဟပ်၍ ကြည့်လာကြလေပြီ၊ သဘာဝဓမ္မ၏ အတွင်းသဘောကို နက်နက်နဲနဲ တွေးတောကြံစည်၍ လာကြကုန်၏။

အဓိပ္ပါယ်မှာ လူသားသည် အမှောင်ကိုကျောပေး၍အလင်းဖက်သို့ ရှေးရှုလာပြီဟု ဆိုလိုပါသည်၊

ထိုအခါ အမှောင်အတွင်း၌ အထပ်ထပ် အလွှာလွှာ ကာရံ၍ ထားအပ်သော တန့်လန့်ကာ အမဲကြီးများသည် တလွှာပြီး တလွှာ ဆက်ကာဆက်ကာ ကွာကျ၍သွားကြလေကုန်ပြီ၊

ထို့ကြောင့် ယခုခေတ် လူသားသည် နေကြတ်- လကြတ်ခြင်းတို့ဟာ ထာဝရဘုရားနှင့် နတ်ကောင်း နတ်ဆိုးတို့၏ ရန်ငြိုးကြောင့် ဖြစ်ကြသည် မဟုတ်ဘဲ သဘာဝဓမ္မ ဆိုင်ရာ နိုင်မာသော အကြောင်းတို့ကြောင့်သာ ရံဖန်ရံခါ ပေါ်ထွန်းထင်ရှား လာတဲ့ ဖြစ်ရပ်များဟူ၍ သိမြင်လေပြီ၊

ထို့မှတပါး မြေငလျင်လှုပ်ခြင်း၊ ဥက္ကာပျံခြင်း၊ တော်လဲ

ခြင်းစသော ဖြစ်ရပ်များသည်လည်း ဤကမ္ဘာ့မြေပြင်မှ ပေါက်ဖွားသော လူသား၏ အဖြစ်အပျက်အဆုတ်အတက်နှင့် မည်သို့မျှ ပတ်သက် ဆက်စပ်ခြင်း မရှိသော အချက်ကိုပါ ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင် လူသား ကိုယ်တိုင် သိမြင်ခဲ့သေပြီ။

ထိုမျှ ကပါရီးလား လူသားသည် ထိုသို့သော တိတ်ကြီး၊ နိမိတ်ကြီးဆိုတဲ့ ကိစ္စတွေ ဖြစ်ပေါ်မည့်အချိန်နာရီထိပင် တိကျမှန်ကန်အောင် တွက်ချက်၍ကြိုတင် ပြောဆိုနိုင်ခဲ့သေပြီ၊ အေး-အဆုံးတွင်လူသားသည် ထိုသို့သော တိတ်ကြီး၊ နိမိတ်ကြီးတွေကို ဖန်ဆင်း ထုတ်လုပ်သူပင် ဖြစ်လာပေလိမ့်မည်၊ လူသားပညာရှင်များ၏ ဒုံးပျံနှင့် အာကာသယာဉ်များကို အထောက်အထားပြုရာ၏။

ယခုသော် နတ်ဆိုးနှင့် နတ်ကောင်းများ ရှိကြကုန်၍ ၎င်းတို့သည် ဤကမ္ဘာလောကရှိ လူသား၏ ကိစ္စများ၌ ဝင်ရောက်စွက်ဖက် နိုင်ကြကုန်သည် ဟူသော အချက်များကို အချို့သော လူသားပညာရှင်တို့က သံသယဖြစ်၍ လာကြလေပြီ။

ထို့ကြောင့် သူတို့သည် သဘာဝဓမ္မကို နှိုက်နှိုက်ချွတ်ချွတ် စွတ်တရွတ် အတင်းဝင်ရောက်၍ မွှေနှောက် ရှာဖွေကြလေကုန်ပြီ၊ တွေ့ရှိသမျှ အချက်အလက်များကို ဆက်လက်ခါ ဝေဖန်စဉ်းစားကြလေပြီ၊ ယင်းသို့ စဉ်းစားဝေဖန်၍ သူတို့သည် အင်တိုက်အားတိုက် ဉာဏ်မောင်းဆုံးနှိုက်ကြသောအခါ သဘာဝဓမ္မ အတွင်း၌ ငုပ်၍ နေသော အမှန်တရားများကို လက်ဆုပ်လက်ကိုင် ဖိုင်ဖိုင်ကြီးရရှိ၍ လာကြလေပြီ။



သူတို့သည် ထိုသဘာဝဓမ္မအတွင်းမှ ကမ္ဘာ့ လူသားအတွက် အကျိုးသက်ရောက်နိုင်မည့် အချက်အလက်များကို အတင်းဆွဲထုတ်ပြီး သရုပ်ဖေါ်ခဲ့ကြလေပြီ၊ အသစ်အသစ်ဖြစ်သော ကျိုးပြု-ကျိုးဖျက် နှစ်ဖက်ရပစ္စည်းများကို တိုး၍ တိုး၍ ကြံစည်တီထွင်ခဲ့ကြလေပြီ။

ထိုအခါ ပညာတည်းဟူသောအလင်းရောင်သည် ကြီးကျယ်လှပိန်းလှသော အမှောင်ထုကို ထိုးစစ်ဆင်လေတော့သည်၊ အမှောင်ဓါတ်ပျောက်ကင်း၍ အလင်းရောင် ထွန်းလင်းတောက်ပရာအရပ်၌ရှိသော လူသား၏ ဥပါဒါန်ဆိုတဲ့ အစွဲသံကြိုးချင်းများသည် တကွင်းပြီး တကွင်း ဆက်ကာ ဆက်ကာ ပြတ်ပြတ် ကျသွားရလေကုန်ပြီ။

လူသားသည် အဲဒီဥပါဒါန် ဟူသော အမှောင်တွင်းမှ အတင်းတိုး၍ ထွက်ပြီးလျှင် အလင်းဘက်သို့ စတင်မျက်နှာမူလေတော့၏၊ လူသား၏စိတ်တွင်းရှိ အမြော်နှင့်အကြောက်တို့ တဖြည်းဖြည်း ခန်းခြောက်၍သွားကြလေပြီ၊

ထို့ကြောင့် စဉ်းစားခတွေးတော့သူ၊ စစ်ဆေးဝေဖန်သူတို့၏ ဦးရေလဲ တဖြည်းဖြည်းတိုးပွားများပြား၍ လာလေပြီ၊

ထို့ကြောင့် အမှန်ဘက်သားတို့လဲ တအားတက်၍ အမှန်ဓမ္မများကို ဖေါ်ထုတ်ရန် လုံးပမ်းကြလေပြီ၊ သို့ဖြစ်ရာ အမှန်ဖြစ်သော သဘာဝဓမ္မအချက်အလက်များလဲ တခုပြီးတခု ဆက်ခါ ဆက်ခါ ခေါင်းပြူ၍ ထွက်လာကြလေပြီ။ ထိုအခါ ခေတ်ဟောင်း အယူအဆများလည်း အမှောင်တွင်းသို့ အတင်းဆုတ်၍ ဘုတ်ထိုင်ထိုင်ကြပေလိမ့်မည်။

လူသား၏ ဘဝတည်တံ့ ခိုင်မြဲရေး၊ ကျန်းမာ ဝဖြိုးရေး၊ ချမ်းသာရွှင်ပြရေး စသည်တို့အတွက် အချက်အခြာ ဖြစ်သော အဘိဓမ္မာသဘောသည်လည်း —

၁။ တဖက်လွန်အဘိဓမ္မာ၊

၂။ အလယ်လမ်းအဘိဓမ္မာ-ဟူ၍ နှစ်မျိုးနှစ်စားပင်ကွဲပြား လျက်ရှိသည်၊

ထိုနှစ်ပါးတို့တွင် တဖက်လွန်အဘိဓမ္မာ ဆိုသည်ကား လူသား၏ မျက်စိ–နား–နှာ–လျှာ–ကိုယ်–ဆိုတဲ့ အတွင်းရုပ် ၅-မျိုးတို့ကို အပြင်လောက ဗဟိဒ္ဓမှာရှိတဲ့ အာရုံငါးတန် ပျော်ပါးစံစားရန်အတွက် နှာခေါင်းကြိုးကို ဖြုတ်၍ လွှတ်ထားမှုနှင့် အဆိုပါ အစွန်ညှိကဆိုတဲ့ အတွင်းရုပ် ဧ-သ-ဃ-ဇ-က-တို့ကို အာဖိငါးတန် လုံးဝ မခံစားနိုင်အောင် မရမက အတင်းအဓမ္မ ထွတ်တရှတ် ပိတ်ပင် တားဆီးမှု နှစ်ခုပါဝင်သော သဘောတရားဖြစ်သည်။

ဒုတိယဖြစ်သော အလယ်လမ်း အဘိဓမ္မာမှုကား လူသား ယခု ပစ္စုပ္ပန်ဘဝ တည်မြဲရေး၊ တိုးတက်ရေး ပျော်ရွှင်ရေး အတွက် အချက်အခြာ ပဓာနဖြစ်သော စား၊ သောက်မှု၊ ရှူရှိုက်မှုတို့ကို သင့်လျော်အဆင်ပြေအောင် ပြုလုပ်ရမည်၊ ပိုမှု၊ လိုမှု နှစ်ခုကိုပယ်ပစ်ရန် ရည်ညွှန်းသည်။

မည်သည့်အရာကိုမဆို နွားသိုးကြိုးပြတ် နွားငယ် ရေကျ အလွန်အကျွံ လိုက်စားခြင်း၊ ငန်းငြင်းတို့မှ ရှောင်ကြဉ်ရမည်၊ မိမိ၏ စား၊ ဝတ်၊ နေရေးများ ပြည့်ဖြိုး တိုးတက်ရေးတို့ အတွက် အပျင်းမရှိ ဇိဇိစီးစီးလုပ်ကိုင် ဆောင်ရွက်ခြင်း၊ အသစ်ကြံစည်



တီထွင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားရမည် ဟူသော ညွှန်ကြားချက်တို့ကို လူသားအားပေးခဲ့လေပြီ။

ယနေ့ခေတ်သို့ ရောက်သောအချိန်၌မူကား တစေ့ကတန်း (ဝါ) တဖက်လွန် အဘိဓမ္မာသည် လူကြိုက်နည်းလာပြီ ဖြစ်၍ ထွန်းမတိုးနိုင်တော့ချေ။

အကြောင်းမှုကား အချားဆုံးသော လူသတ္တဝါ တို့သည် ယခု ခေတ်စွာ ညီမျက်မှောက် ဘဝ၏ သာယာ ဝပြောမှု၊ တိုးတက် ကြီးထွားမှု၊ ကြည်လင် ရွှင်ပြမှု တို့သာ အလေးပေး ကြသော ကြောင့်ဖြစ်သည်၊ ယနေ့လူသား၏ အဓိက လိုလားချက်ကား၊ ယခုလက်ငင်း ဝတ်၊ စား၊ နေရေးအတွက် အဖက်ဖက်မှ စွက် ရောမတိုအောင် ပြည့်စုံလုံလောက်ရန် ဖြစ်သည်၊

ထို့ဖြစ်ရာ ယနေ့လူသားသည် အသိဉာဏ် ပညာ တိုးတက် ကြီးထွားရွှေ့ သဘာဝဓမ္မ၏ အင်အားစုတို့ကို မိမိ၏အလိုကျ အသုံးခံပစ္စည်းအဖြစ်သို့ ရောက်အောင် ပြုလုပ်ဖန်တီးမှုကိုသာ ယုံကြည်လေတော့၏။

ယခုခေတ် ပညာအမြှော်အမြင်နှင့် အဆင်ခြင်ဉာဏ်ရှိ လူသားသည် တဖက်လွန် အဘိဓမ္မာကို စွန့်ပယ်လိုက်ပြီး ဖြစ်တဲ့ အပြင် မိမိကိုယ်ကိုမိမိ ညှဉ်းပန်းမှုများပါသော မြင့်မြတ်သော ကုသိုလ်တရား မဟုတ်ကြောင်း သိမြင်ပြီးဖြစ်လေပြီ၊

ကိုယ်၏ချမ်းသာမှု၊ စိတ်၏ရွှင်လန်းမှုတို့ကား လူသားတိုင်း တောင့်တအပ်သော ပစ္စည်းများဖြစ်သည်ဟူ၍၎င်း၊ ထိုသို့သော ချမ်းသာသုခကို ခံစားရန်အချိန်ကား ယခုမျက်မှောက် ပစ္စုပ္ပန် ဘဝသာဖြစ်သည်ဟူ၍၎င်း လူသားကိုယ်တိုင် သိမြင်လေပြီ၊

သို့ဖြစ်ရာ နတ်ကောင်း နတ်ဆိုးတို့၏ အပြစ်ဒဏ် ခတ်မှုနှင့် ဆုလာဘ် ချမှုတို့သည်လည်း သကြိုန် အခြေခံ ပမာ ဖြစ်ကုန်၍ လူသား၏ ယုံကြည်ထောက်ခံမှုကို မရနိုင်တော့ချေ။ လူသားသည် မပျက်မကွက်နိုင်တဲ့ အကြောင်း အကျိုးကိုသာ အလေးပြုခဲ့လေပြီ၊

မကောင်းသော အကြောင်းတရား များတို့သည် ဆိုး ဝါးသော အပြစ်များကို ဖြစ်စေတတ်သည် ဟူ၍၎င်း ကောင်းမြတ်မှန်ကန်သော အကြောင်းတရားတို့ကား အပြစ်ကင်း၍ မွန်မြတ်သောအကျိုးတရားတို့၏ လက်သည်ဖြစ်သည်ဟူ၍၎င်း၊ လူသားကိုယ် တိုင် ရက် မြင် ကိုယ်တွေ့ အဖြစ်ဖြင့် သိမြင် ယုံကြည်ခဲ့လေပြီ။

လူသားသည် ရှေးကလို အရှင်းယုံ-အတမ်းယုံဘဝမှ လွတ်မြောက်ခဲ့လေပြီ၊ သူသည် စူးစမ်းရှာဖွေခြင်း၊ စစ်ဆေးဝေဖန်ခြင်းတို့ဖြင့် လူသား၏ ချမ်းသာသုခကို ဖြစ်စေတတ်သော အထောက်အကူ ပြုတတ်သောအရာများကို မရမနေရှာဖွေပြီးလျှင် သူ့ဘဝချမ်းမြ ကြည်ရွှင်ရေးကို တည်ဆောက်နိုင်သည်ဟု စိတ်ချလက်ချ ယုံကြည်ခဲ့လေပြီ။

ထို့ပြင်ဆင်ခြင်တုံတရားနှင့်စဉ်းစားဝေဖန်ဉာဏ်တိုးပွား၊ကြီးထွားလာခြင်းကြောင့် လူသားတွေကြုံ ခံစားနေသော အများသော အနာရောဂါများ၊ အပြစ်အာဒီနဝများကိုလဲ ရှောင်ကွင်းနိုင်သည်ဟူ၍လဲ လူသားသိမြင်ခဲ့လေပြီ၊ လူသား၏ကိုယ်ကာယ၌ ကျရောက်ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့လဲ အာဏာရှင်တဦး၏ ဒေါသလုံးအမိန့်တော်ကြောင့် ဖြစ်ပေါ်လာတာတွေမဟုတ်ဟု သိလေပြီ။



ရောဂါ အနာ အမျိုးမျိုး တို့ အတွက် အမျိုးမျိုးသော အကြောင်းတရားတို့ကို လူသားကိုယ်တိုင် ရှာဖွေတွေ့မြင်ခဲ့လေပြီ၊ ထိုသို့တွေ့ရှိတဲ့ ရောဂါ၏ အကြောင်းတရားကို ငြိမ်းအောင်လုပ်လိုက်လျှင် ထိုသည့် ရောဂါများ ထွက်ခွါသွား၍ လူ၏ ခန္ဓာ ကျန်းမာ လာကြောင်းကိုလဲ ဒိဋ္ဌသိမြင်ရလေပြီ။

ထို့ကြောင့် လူသားသည် ရောဂါ အမျိုးမျိုးတို့ကို မဖြစ်မီက ကြိုတင်ကာကွယ်တဲ့ နည်းတို့ကို ရှာဖွေ တီထွင်ခဲ့နိုင်လေပြီ၊

ဆိုလိုရင်းကား လူသား၏ ဝဋ္ဋဝေဒနာအမြောက်အမြားကို လူသား၏ စဉ်းစားဉာဏ် ဝေဖန်ဉာဏ်ဖြင့် တားဆီးနိုင်သည်၊ သက်သာအောင် ပြုပြင်နိုင်သည်၊ ပျောက်ကင်းအောင် ကုသနိုင်သည်ဟု ဆိုလိုပါသည်၊ ထို့ပြင် ၎င်းဉာဏ်၏ အကူအညီဖြင့်ပင် ပဝေသဏီခေတ်က ရှေးလူတို့၏ ဉာဏ်အမြင်၌ မဖြစ်နိုင် ယုံကြည်ခဲ့သော ကိစ္စအမြောက် အမြားကို လူသား၏ လုံ့လဝီရိယ-ဇွဲတို့ဖြင့် အောင် အောင် မြင် မြင် ပြီး မြောက် အောင် ဆောင်ရွက်နိုင်ခဲ့လေပြီ။

ထို့ကြောင့်လည်း ယနေ့လူသားသည် နတ်ကောင်း သမ္မာဒေဝနှင့် နတ်ဆိုး မိစ္ဆာတို့ကို မကိုးစားတော့ဘဲ ကိုယ့်အားကိုယ်ကိုးရန် (ဝါ) ကိုယ့်လှေကိုယ် ထိုးရန် ကြိုးပမ်းစ ပြုခဲ့လေပြီ။

နတ်ကွန်း နတ်နန်းတွေရဲ့ အစား လူသားသည် စာ သင်ကျောင်းတွေကို စတင်တည်ဆောက်ခဲ့လေပြီ။ ထိုစာသင်ကျောင်းသည်သာလျှင် လူသား၏ ဦးနှောက်အတွင်းသို့ အလင်းရောင်

ကို သွင်းပေးခဲ့တဲ့ လက်သယ်ဖြစ်ကြောင်း လူသားကိုယ်တိုင် သိမြင်၍ လာသောကြောင့်တည်း။

ဤစာသင်ကျောင်းသည်ပင် လူသားကို အရိုင်း အစိုင်းဘဝဟူသော သုံးဌက် အတွင်းမှ ကယ်တင်၍ ယဉ်ကျေးခြင်း ဆိုတဲ့ ကြည်းကုန်းထက်သို့ ရောက်အောင် ပို့ဆောင်ခဲ့တဲ့ လက်သယ် ဖြစ်သည်၊ ၎င်းသည် လူသား၏ ရုပ်ကာယဉ္စရင်း၊ စိတ်ပိညာဏ ဆိုတဲ့ နာမ်ကာယဉ္စရင်း၊ ဖွဲ့ချည်တုပ်နှောင်၍ထားသော လက်ထိပ် ခြေကျင်းနှင့် အနှောင်အဖွဲ့များကို တခုပြီးတခု ဆက်ခါဆက်ခါ ရိုက်ချိုးဖျက်ဆီး၍ ပစ်ခဲ့လေပြီ၊

စာသင်ကျောင်းသည် လူသား၏ဦးနှောက်ကို အသစ်သစ် ဖြစ်သော အသိဉာဏ်တို့ဖြင့် ဖြည့်တင်း၍ ပေးခဲ့သည်၊ ယင်းကြောင့် လူသား၏ အသိဉာဏ်သည် ရင့်ကျက် နိုးထွားလာခဲ့သည်၊ တိုးတက်ပွားများ လာခဲ့သည်၊

ယင်းသို့ အသိဉာဏ်ကြီးထွားလာသသောက် လူသားသည် တိုး၍ စူးစမ်းရှာဖွေခဲ့သည်၊ ရှေ့သို့တိုး၍ တက်ခဲ့သည်၊ တီထွင်ခဲ့သည်၊

ထို့ကြောင့် ယခုနေ့ အခြေအနေဘိုင် ရောက်အောင် ကပ္ပါသုံးနှင့် လူသုံးပစ္စည်းများ တိုးပွားလာခဲ့သည်၊ လူသား စားဖို့ရာ အစားအာဟာရ၊ လူသားသောက်ဖို့ရာ အရေ၊ လူသား နေဖို့ရာ အိုးအိမ်၊ လူသားသွားလာဖို့ရာယာဉ်-စသည်ဖြင့် လူ၏အလိုဆန္ဒ အမျိုးမျိုး ပြည့်ဝရေး အတွက် အမျိုးမျိုးသော လူ့အသုံး အဆောင်တို့ကို ဘုရားမတယ်၊ နတ်မမှဘဲနှင့် လူသား၏စွမ်းရည် ဖြင့် လုတ်လုပ်၍ ယူနိုင်ခဲ့လေပြီ။



အေး—အဆုံးသက်ပြောရလျှင် ယခုကပ္ပါသည် တောင်း ကင်ဘုံနန်းနှင့်ပင် မလဲနိုင်သော အခြေအနေသို့ ဆိုက် ရောက် လျက်နေချေပြီဘကား။

### အစိုးရ

တိုင်းပြည်နိုင်ငံတခုကို အုပ်ချုပ်သော အစိုးရသည်လည်း-

၁။ ဘာသာရေးအစိုးရ၊

၂။ လူသားအစိုးရ-ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားခဲ့လေသည်၊

ထိုတွင် အသက်ဦးဆံပိုင်ရှင် ဘုရင်များ၏ ရှေးခေတ်က အုပ်စိုးပုံကို ဘာသာရေး အစိုးရဟူ၍ ခေါ်နိုင်သည်၊ အဘယ် ကြောင့်နည်း၊ ရှင်ဘုရင်လုပ်စားမည့် သူတယောက်သည် ဘာ သာရေးဆိုင်ရာ ပုရောဟိတ်၊ ဗြဟ္မာဏများ၊ ထို့ပြင်သက်ဆိုင်ရာ ဘာသာ ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများ၏ ဘိသိက် သွန်းမှုကို မခံယူရဘဲနှင့် ရာဇလှံတန်ကို ကိုင်၍ ရာဇပလ္လင်မှာ မထိုင်နိုင် ခဲ့သောကြောင့်တည်း။

ရှင်ဘုရင်သည် ထာဝရဘုရားထံမှ တန်ခိုးပါဝါကို တိုက်ရိုက် ခံယူရရှိသူဖြစ်၍ လူထု၏ဘာဝန်မှာ ၎င်း၏အမိန့်ကို တသဝေ မတိမ်းလိုက်နာရန် ဖြစ်သည်၊ ဘာသာ ဝန်ဆောင် ပုဂ္ဂိုလ်များ သည် ဘုရားသခင်၏အထံမှ ဘာသာတရားကို ဒိုက်ရှိခဲ့ရာ လူသား၏ဝတ္တရားကား ၎င်းတရားကို အကြွင်းမဲ့ ယုံကြည်ရန် ဖြစ်၏။

သို့ရာတွင် ယခုခေတ်၌သော်ကား၊ ဘာသာရေးအစိုးရများ သည် တဖြည်းဖြည်း လူကြိုက်နည်းသော အခြေသို့ ဆိုက်ရောက် သွားကြရလေပြီ။

ကမ္ဘာ့ပွဲလယ်မှာ ရှေးခေတ်ကကဲ့သို့ မထယ်ဝါနိုင်ကြတော့ပြီ လူသားအစိုးရများ တဖြည်းဖြည်းခေတ်စား၍ လာခဲ့လေပြီ၊

လူသားအစိုးရ ဆိုသည်ကား အများဆုံးဖြစ်သော လူသားတို့အတွက် လူအများ သဘောတူ ရေးဆွဲထားသော တရားဥပဒေသဖြင့် လူအများကို အုပ်ချုပ်ရန် ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်သည်။

ကမ္ဘာ၌ လူသားအစိုးရများ နန်းတက်လာတဲ့အချိန်မှာ ဘာသာရေး အစိုးရများ နောက်သို့ဆုတ်ပြီး ပုန်းခိုကြလေပြီ။ လူသားအစိုးရသည် တဖြည်းဖြည်း တစ၊ တန်ခိုးပါဝါ ကြီးထွားမှုလာခဲ့လေ၊ ဘာသာရေးအစိုးရကို ဦးဆောင်မှုပေးနေတဲ့ နတ်-ဘုရားနှင့် သကြား-ဗြဟ္မာတို့လဲ အလိုအလျောက်မှေးမှိန်၍ သေးသိမ်ခြင်းသို့ ရောက်သွားကြလေလေဖြစ်ပေလိမ့်မည်။

တိုးတက်လာပြီးဖြစ်သော လူသားသည် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ မပါဘဲနှင့် သော်၎င်း၊ ထာဝရဘုရားနှင့်နတ်သိကြားတို့၏ ကူညီပံ့ပိုး၍ မှိုင်းမှုကို မရဘဲနှင့် သော်၎င်း၊ မိမိကိုယ်ကို မိမိမှန်ကန်ကောင်းမွန်စွာ အုပ်ချုပ်နိုင်ပြီဟူ၍ သိမြင်ခဲ့လေပြီ။

ယနေ့ကမ္ဘာ၏အခြေအနေကို ကြည့်ရှုပါလော့၊ ယနေ့ လူသားသည်၊ လေယာဉ်ပျံ၊ ဒုံးပျံ ဆိုတဲ့အာကာသ ယာဉ်တွေကို ထွင်လိုက်လေပြီ။

ယနေ့လူသားသည် အနန္တတန်ခိုးတော်ဖြင့် ထာဝရဘုရား သခင်ဖန်ဆင်းတော်မူတဲ့ ဤကမ္ဘာမြေကြီးကို အာကာသ ယာဉ်



ဖြင့် အကြိမ်ပေါင်းများစွာ ပတ်၍ ပြီးခဲ့လေပြီ၊ တနေ့သော် လူသားသည် ထိုထို နတ်ဘုရားတို့၏ အကူအညီ ကိုမယူဘဲ မိမိ၏ စွမ်းအားဖြင့်ပင် ကမ္ဘာသို့သွားရောက်ရန်ဖြစ်လျက်ရှိနေချေပြီ။

ထိုမျှကပါ ရှိုးလား- လ-ကမ္ဘာသို့အရောက်သွားပြီး၊ အိုးအိမ်ဆောက်၍ လူသားနေနိုင်ရန်၊ စီမံကိန်းကိုပင် လူသား ပညာရှင်တို့က ရေးဆွဲလျက်နေကြပြီဟု ဆိုသည်၊ တနေ့သော် ထိုထိုလူသား၏ အားထုတ်မှုများဟာ မျက်ဝါးထင်ထင် တကယ် အောင်မြင်၍လာလိမ့်မည်ဟု-လူသားတိုင်းစိတ်ချလျက်ရှိချေပြီ။

ဝီရိယ ဝတော- ကိံနာမ ကမ္မံ နသိဇ္ဈတိ၊ လုံ့လဝီရိယရှိသူ လူသားအတွက် မပြီးမြောက်နိုင်တဲ့ ကိစ္စ၊ အဘယ်မှာ ရှိအံ့နည်း-ဟူ၍ ဗုဒ္ဓ ရှင်တော်ကိုယ်တိုင်က ဟောခဲ့သည် မဟုတ်ကုန်လော။

အချို့သောနိုင်ငံများ၌ လကမ္ဘာပေါ်တွင်ခြေကွက်တွေရိုက်ပြီး၊ ဂရမ်ကိုပင်ပေးနေပြီဟုဆိုသည်။ ဤကိစ္စများကား မနေ့က လူသားအတွက် အိပ်မက်စိတ်ကူးမျှဖြစ်ခဲ့စေကာ နက်ဖြန်လူသားတို့လက်ထက်၌ လက်တွေ့၊ မျက်တွေ့တွေဖြစ်၍လာလိမ့်မည်ဟု ယနေ့လူသားက ယုံကြည်စိတ်ချသည်။

ယနေ့လူသားသည် ဝေဖန် စဉ်းစားဉာဏ် ထုံထိုင်းပြီးပြော တိုင်းယုံကြ တိုင်းလိုက်၊ နိုက်တိုင်းရသော လူအ၊ လူ ရိုး ကြီး များ မဟုတ်တော့ပြီဖြစ်ရာ ယုံကြည်မှု ဘာသာရေး ဆိုသည်ကား သိဒ္ဓမာတ (ဝါ) အလိုလို နဂိုရှိအတိုင်း မှန်နေတဲ့သဘာဝမဟုတ်ကြောင်း၎င်း၊ သာဓကယုတ္တိ၊ အာဂမယုတ္တိ၊ ထို့ပြင် သဘာဝယုတ္တိနှင့် လောကယုတ္တိရှိဘဲ ယုံကြည် မှုဟာလဲ ချိုးကျိုးထိုက်

သောအရာ မဟုတ်ကြောင်းကိုရင်း လူသားကိုယ်တိုင် ဗိုင်ဗိုင်နိုင် နိုင်သိမြင်ခဲ့လေပြီ။

## ကုစားနည်း

လူသား၏ ကိုယ်ကာယတွင် ပေါ်ထင်လာသော အနာရောဂါအမျိုးမျိုးတို့ကို ပပျောက်အောင် ကုစားရာ၌လည်း–

၁။ ဘုရားကု

၂။ သမားကု–ဟူ၍ကုစားနည်းနှစ်မျိုး နှစ်စားပင်ကွဲပြားခဲ့လေပြီ။

ဘုရားကုဆိုသည်ကား ဘာသာရေးဆိုင်ရာ နည်းများဖြင့် လူသား၏ရောဂါဝေဒနာကို ထင်းစင်လွှင့်ပျောက်အောင်ကုသမှု ဖြစ်သည်၊ လူသား၏ ဝေဒနာအမျိုးမျိုး၊ ရောဂါဆိုးအသွယ်သွယ်နှင့် အန္တရာယ်အဝဝတို့သည် မာရ်နတ်မင်းနှင့်ရှင်း၏အပေါင်းပါဖြစ်သော နတ်မိစ္ဆာ၊ နတ်ဆိုး၊ နတ်ဝါး လူကိုဖန်းစားတတ်သော အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ၊ အာကာသစိုး၊ ရက္ခစိုးနှင့် ဘုမ္မစိုးစသည်တို့၏ ဖမ်းစားမှုတို့ကြောင့် ဖြစ်ပေါ်လာကြ ကုန်သည်ဟု ရှေးပဝေဏီခေတ် လူသားတို့ကယုံကြည်ခဲ့ကြလေပြီ။

ထိုသို့သော နတ်ဆိုး၊ နတ်ဝါး၊ မာရ်နတ်မင်း၏ ဆိုးဝေါ်မှုက်ဖက်များကို ဘာသာဝန်ဆောင်တို့က မိမိတို့ ဘာသာ ဆိုင်ရာ တရားမန္တန်များကို မန်းမှုတ်၍ နှင်ထုတ်ရလေသည်။

ရှေးအတိတ်ဘေး လွန်လေပြီးသောခေတ်သမယတို့၌ အသရော်အန္တရာယ်ရောက်၍မရနိုင်အောင် ပေါ်များလှသော၊ မာရ်နတ်မင်း၏ လက်ပါးစေတို့ကို လူသား၌ စွဲကပ်နေသော ရောဂါ ဝေဒနာပပျောက်စေရန်၊ လူသား၏ကိုယ်ခန္ဓာမှ နည်းအမျိုးမျိုးဖြင့်



မောင်းနှင်၍ထုတ်ခဲ့ရလေပြီ၊ ဘာသာရေး လုပ်ငန်း အမျိုးမျိုး (ဝါ) ဘာသာရေးစာပေ၌ အကျုံးဝင်သော စာပိုဒ် အသီးသီးတို့မှာ လူသား၏ ရောဂါအနာတမျိုးတဖုံစီကို ကုစားနိုင်သောတန်ခိုး သတ္တိနှင့် ပြည့်စုံ သည်ဟူ၍ ရှေးလူတို့က ယုံကြည်ခဲ့ကြလေပြီ၊

ယင်းသို့ယုံကြည်သည့်အတိုင်းလည်း ရှေးလူတို့သည် ဝိယသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိစသော သိဒ္ဓိမျိုးစုံကို ပြောင်မြောက်စေနိုင်တဲ့ ဂါထာများ၊ မန္တရားများကို သက်ကိုင်ထား၍ ဘဝ၏ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြကုန်၏၊

ဝိယသိဒ္ဓိဆိုသည်ကား၊ မိမိအား ရှုံမုန်း၍နေသောသူတယောက်၏စိတ်၌ အမုန်းစိတ်တွေ ခန်းခြောက်၍ အချစ်မိုးတွေ ထိုးထွက်ဝေဆာ၍လာစေတတ်သော ဆေးဝါးလက်ဖွဲ့နှင့် ဂါထာ မန္တရားများဖြစ်သည်။ ကာယဒ္ဓိကား ထိုလုံဆေးဝါးနှင့် မန္တရားများ ဖြစ်သည်။

ထိုသို့သော ဆေးဝါးမျိုးကို ထိုးနှံခြင်း၊ ဂါထာမန္တန်များကို မန်းမှုတ်ခြင်းတို့ဖြင့် မိမိကိုယ်ကာယကို ဓါး-ဒုတ်-လှံ-လေးမြား-သေနတ် ကျည်ဆံများမှ ကာကွယ်နိုင်သည်၊ ဓါးနှင့် ထိုးဓါးကြိုးပါလို့ လှံစါခွေ၊ ပြောင်နှာဝိန် ဆင်မျှ မင်း တောင်နင်းလို့မသေ–ဆိုတဲ့ သိဒ္ဓိမျိုးကို ကာယသိဒ္ဓိဟု ဆိုသည်၊ ထို့ပြင် ရှိန်းဆာယာပိုခေါက်၍ ကိုယ်ပျောက်တဲ့ ဆေးဝါးမန္တန်များလဲ ရှိကြကုန်သေး၏ဟု ယုံကြည်သည်၊

ရှေးသရောအခါ ရွာဘရွာတွင် သူငယ်ချင်း နှစ်ယောက်ရှိ

ခဲ့လေပြီ၊ တနေ့သော် တအိမ်တယောက် ယောကျ်ားမှန်က စစ်တိုက်လိုက်ရမည်ဟု ရှင်ဘုရင်၏ အမိန့်တော် ရောက်၍လာလေပြီ။

ထိုအခါ သန်မာသောယောကျ်ားတိုင်း စစ်မှုထမ်းရန်ဘုရင့်တပ်မတော်သို့ ဝင်ကြရလေသည်။ ထိုသူငယ်ချင်း နှစ်ယောက်တွင် တယောက်မှာ ဒုက္ခိဖြစ်၍ ဆေးဝါးမန္တရားဖက် လိုက်စားသည်၊ ကျန်တယောက်မှာ အားကောင်းမောင်းသန်ဖြစ်၍ စစ်ထဲလိုက်ရန် စာရင်းသွင်းလိုက်ရသည်။

တနေ့သော် သူသည် ဆေးဖက်၊ ဝါးဖက်၊ ဝါသနာပါသော မိတ်ဆွေနှင့် တွေ့ရာ သူငယ်ချင်းရေ- ငါတော့ စစ်ထဲလိုက်ရတော့မယ်၊ ဒီတော့ ဓါး-လှံ-သေနတ်-ဒုတ်-အုန္တ တတောင်ဝီးတဲ့ဆေးဝါးကလေးများ ကိုယ်လုံလက်ဖွဲ့ကလေးများ ရှိရင် ပေးလိုက်စမ်းပါဟု တောင်းဆိုလေပြီ။

ထိုအခါ သူ့သူငယ်ချင်းက ကောင်းပါပြီ၊ ကိုယ်လုံလက်ဖွဲ့တခုပေးလိုက်ပါမည်ဟု ဝန်ခံကာ စစ်ထွက်သောနေ့တွင် လက်ဖွဲ့နှင့်လူသည် ဘေးမသီရန်မခဘဲ မိမိ၏သား-မယားနှင့် ဆွေမျိုးများ ထန်မှောက်သို့ပြန်၍ ရောက်လာလေပြီ။

သူသည် အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်၍ လက်ဖွဲ့နှင့်ကူညီလိုက်သူ မိတ်ဆွေအား အထူးတလည် ကျေးဇူးတင်ရှာသည်၊ တနေ့သော် ငါ့သူငယ်ချင်း ပေးလိုက်တဲ့ လက်ဖွဲ့ ဒါလောက်စွမ်းလှတာ ငါဖြိပြီးကြည့်ဦးမည်၊ သူဘာတွေများ ရေးထည့်လိုက်ပါသလဲဟုသော စိတ်သားဖြင့် သူသည် အဆိုပါလက်ဖွဲ့ကို ဖြိ၍ကြည့်ရာ ကြီးစွာသောအံ့အားသင့်ခြင်းဖြင့် စိတ်အပျက်ကြီးပျက်၍ သွားရှာလေပြီ။



များ ဖြစ်သည်၊ ကာယသိဒ္ဓိကား ကိုလုံဆေးဝါးနှင့် မန္တရားများဖြစ်သည်။

ထိုသို့သော ဆေးဝါးများကို ထိုးနှံခြင်း၊ ဂါထာမန္တန်များကို မန်းမှုတ်ခြင်းတို့ဖြင့် မိမိကိုယ်ကာယကို ဓါး-ဒုတ်-လှံ-လေး-မြား-သေနတ်ကျည်ဆံများမှ ကာကွယ်နိုင်သည်။ ဓါးနှင့် ထိုးဓါးကျိုးပါလို့ လှံပါခွေ၊ ပြောင်နှာကိန် ဆင်မျှာမင်းတောင် နင်းလို့မသေ-ဆိုတဲ့ သိဒ္ဓိမျိုးကို ကာယာသိဒ္ဓိဟု ဆိုသည်။ ထို့ပြင် မှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်တဲ့ ဆေးဝါးမန္တန်များလဲ ရှိကြကုန်သေး၏ဟုယုံကြည်သည်။

ရှေးသရောအခါ ရွာတရွာဘွင် သူငယ်ချင်း နှစ်ယောက်ရှိခဲ့လေပြီ၊ တနေ့သော် တအိမ်တယောက် ယောကျ်ားမှန်က စစ်တိုက်လိုက်ရမည်ဟု ရှင်ဘုရင်၏ အမိန့်တော် ရောက်၍လာလေပြီ၊

ထိုအခါ သန်မာသောယောကျ်ားတိုင် စစ်မှုထမ်းရန် ဘုရင့်တပ်မတော်သို့ ဝင်ကြရလေသည်၊ ထိုသူငယ်ချင်း နှစ်ယောက်တွင် တယောက်မှာဒုက္ခိတဖြစ်၍ ဆေးဝါးမန္တရားဘက် လိုက်စားသည်၊ ကျန်တယောက်မှာ အားကောင်းမောင်းသန် ဖြစ်၍ စစ်ထဲလိုက်ရန် စာရင်းသွင်းလိုက်ရသည်၊

တနေ့သော် သူသည် ဆေးဖက်၊ဝါးဘက် ဝါသနာပါသော မိတ်ဆွေနှင့် တွေ့ရာ သူငယ်ချင်းရေ — ငါတော့ စစ်ထဲ လိုက်ရတော့မယ်၊ ဒီတော့ ဓါး-လှံ-သေနတ်-ဒုတ်-အုန္တ- တတောင်ဝီးတဲ့ဆေးဝါးကလေးများ၊ ကိုယ်လုံလက်ဖွဲ့ကလေးများ ရှိရင် ပေးလိုက် စမ်းပါဟု တောင်းဆိုလေပြီ၊

ထိုအခါ သူငယ်ချင်းက ကောင်းပါပြီ၊ ကိုယ်လုံလက်ဖွဲ့တခု ပေးလိုက်ပါမည်ဟု ဝန်ခံကာ စစ်ထွက်သောနေ့တွင် လက်ဖွဲ့တခုကို စစ်သားလုပ်မည့် သူငယ်ချင်းအား ပေးလိုက်လေပြီ၊ စစ်ပွဲအောင်နိုင်၍ အပြီးအဆုံးသို့ ရောက်သောအခါ ထိုလက်ဖွဲ့နှင့်လူသည် ဘေးမသီရန်မခဘဲ မိမိ၏သားမယားနှင့် ဆွေမျိုးများ ထံမှောက်သို့ ပြန်၍ရောက်လာလေပြီ၊

သူသည် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ လက်ဖွဲ့နှင့် ကူညီလိုက်သူ မိတ်ဆွေအား အထူးတလည် ကျေးဇူးတင်ရှာသည်။ တနေ့သော် ငါ့သူငယ်ချင်း ပေးလိုက်တဲ့ လက်ဖွဲ့ ဒါ လောက်စွမ်းလှတာ ငါဖြည်ကြည့်အုံးမယ်၊ သူဘာတွေရေးထည့်လိုက်ပါသလဲ-ဟူသော စိတ်ထားဖြင့် သူသည် အဆိုပါ လက်ဖွဲ့ကိုဖြည်၍ကြည့်လိုက်ရာ ကြီးစွာသောအံ့အားသင့်ခြင်းဖြင့် စိတ်အပျက်ကြီးပျက်၍ သွားရှာလေပြီ၊

ဘာတွေများရေးထည့်လိုက်လို့ ပါလိမ့်မလဲ ? ကြည့်လော့" မင်းစစ်ထဲလိုက်သွားရင် သေမှာဘဲ၊ မင်းသေရင် အိမ်မှာ ကျန်ရစ်တဲ့ မင့်မယား ငါယူမည်-ဆိုတဲ့ ဂါထာတည်း။ သို့ရာတွင် သူသည် ၎င်းကိုပြန်၍ လိပ်ထားမြဲ ထားလိုက်သည်၊ နောက် တကြိမ် စစ်တိုက်ခေါ်တဲ့ အခါမှာ ဒီလက်ဖွဲ့နှင့်ပင် လိုက်သွားပြန်သည်။ သို့ရာတွင် ဤတကြိမ်တော့ပထမအကြိမ်ကလို လေးလေးနက်နက် မယုံကြည်တော့တဲ့ အတွက် စစ်ပွဲတွင် ဒါး-လှံ လက်နက်သင့်ပြီး သေဆုံးခဲ့ရလေသတတ်။

အမှန်ဆိုရလျှင် ဤကိစ္စများသည် ရိုးသားသော လူသား၏ရိုးသားမှု(ဝါ)အ-မှုကို ခေါင်ပိုင် စီး၍ အမြတ်ထုတ်ခြင်းပင်ဖြစ်



သည်၊ ဤသို့ဖော်ထုတ်ခဲ့သောသိဒ္ဓိမျိုးစုံတို့၏ တန်ခိုးပါဝါကိုယုံကြည်နေကြသူတွေ အများကြီး ရှိနေသေးသည်။ သို့သော်ယုံကြည်ချက်တခုတော့ထားနိုင်သေးသည်၊ ကိုယ်အား ကိုယ်ကိုးပြီး ကိုယ့်လှေ ကိုယ်ထိုး ဝါဒ ထွန်းကားလာတဲ့အခါမှာ ဖော်ပြခဲ့သော ဆေး အားကိုး၊ သိဒ္ဓိ အားကိုး၊ မန္တန် အားကိုးတွေ အကုန်အစင် လွင့်ပါး ပျောက်ပျက်၍များ သွားလိမ့်မလားလို့ မြှော်လင့်ချက်ကလေးထားနိုင်ပါသေးသည်။

အဲဒါလို-သိဒ္ဓိအားကိုးတွေ၊ ဓိတ်သာချအတည်၊ ဝိဇ္ဇာမည်၊ ဆိုတဲ့ ဝိဇ္ဇာအားကိုးတွေ မပျောက်ကွယ်သမျှ ကာလပတ်လုံး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အောင်မြင်ဖို့အရေး ဝေးလိုက်တိုင်း ရင်လေးစရာပင် ဖြစ်နေပေလိမ့်မည်။

ထို့ပြင်တပါး လူသား၏ ကိုယ်ကာယ၌ ပေါ်ပေါက် ဖြစ်ပွားလာသော အနာရောဂါ အမျိုးမျိုးကို ကင်းပျောက် ၍ သွားအောင် ဂါထာမန္တန်တို့ဖြင့် ကုစားနိုင်သည်ဟူ၍ ရှေးလူတို့ ယုံကြည်ခဲ့ကြလေသည်။

မျက်စိနာအတွက် ရေမန်း၊ နားနှင့် အခြားရောဂါ အတွက် ဆီမန်းမှုစ၍ သွေးတိတ်မန်း၊ ခေါင်းကိုက်မန်း၊ မြွေဆိပ်ချမန်း၊ သွေးစုနာနှင့် အသမာစသည်တို့၌ အသုံးပြုရန်ထုံးမန်းတို့ကား အချို့အရပ်ဒေသများ၌ အတော်ပင်ခေတ်စားလျက် ရှိကြကုန်သေးသည်။ ဂါထာမန္တန် ရွတ်ဖတ်ခြင်းသည်၎င်း၊ လူသားကိုယ်တိုင်ထုလုပ်၍ လူသားကိုယ်တိုင် သိဒ္ဓိတင်ပေးထားတဲ့ နတ်ရုပ် ဂဝံရုပ်ကလေးများသည် သိမ်ဝင်သပိတ်ကွဲနှင့် ကြေးကမ္ဘာတို့

၌ချထားသော အင်းများသည်၎င်း၊ ငွေ(သို့မဟုတ်) ရွှေပြား တွင် ချထားသော အင်-အိုင်-ခယ်-လက်ဖွဲ့များသည်၎င်း၊ ရှင်သိဒ္ဓိလိ ရုပ်ထုကလေးများသည်၎င်း၊ အမျိုးမျိုးသော အခြားဆင်းတုရုပ်ပွားများသည်၎င်း၊ ပရိတ်ချည်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲများသည်၎င်း၊ ပုတီးစိတ်ခြင်း၊ ဆုတောင်းပဌာန်းပြုခြင်း၊ ကိုးဆူပူဇော်ခြင်း၊ ဦးရှင်ကြီးတင်ခြင်း၊ နတ်ကန်တော့ခြင်းများသည်၎င်း၊ ဆီမီးပူဇော်ခြင်း၊ ယ္တြာချေခြင်း၊ တံတားခင်းခြင်း၊ ခေါင်းပန်းခြင်း၊ ကြာပုံဆွဲခြင်းများသည်၎င်း၊ လူသား၏ကိုယ်ကာယ၌ စွဲမှီကပ်ရောက်လာသော ရောဂါဝေဒနာ အမျိုးမျိုးကို ကင်းစင် ပျောက်စေနိုင်တဲ့ တန်ခိုးသတ္တိနှင့် ပြည့်စုံကြသည်ဟူ၍ ဟောသူပြောသူတို့က ဟောခဲ့ပြောခဲ့ကြကုန်၏။

ယင်းသို့ဟောတိုင်းပြောတိုင်းလဲ အများလူသုတ လိုက်လိုက်လဲလဲ အသဲနိုက်အောင် ယုံကြည်ခဲ့လေပြီ၊ သို့ဖြစ်ရာ ယထာဘူတသဘာဝ ကျသော ကြောင်းကျိုး နှစ်သွယ်တို့၏ မပျက်မပျယ် စကောင်းသော အဆက်အသွယ်ကိုတား ပေါ်လွင် ထင်ရှားခွင့်ကိုပင်မရတော့ချေ၊

ဤသို့သော နည်းတို့ဖြင့် ကုစားခံ၍ သွားကြသော လူသားအနန္တ၏ တံကြမ္မာကို တွေးတော၍ ကြည့်လိုက်စမ်းပါလော့၊ အဘယ်မျှ ကြေကွဲဖွယ် ကောင်းတဲ့ အချက်တွေကို ကျွန်ုပ်တို့ လူသားများ တွေ့မြင်ရရှိခဲ့ရည်နည်း၊ ယင်းသို့ ဘုရားကု ကုသရာ၌ အနာတခြား ဆေးတခြားဖြစ်ပြီး ကြီးစွာသော ဒုက္ခဝေ



ဒနာ ခံစား၍ မသေသင့်တဲ့ သေကြေ ပျက်စီး သွားရ သူတွေ အသင်္ချေအနန္တပင် ရှိခဲ့ချေပြီတကား။

## သမားကု

လူသားဝိညာဏခါတ်ဆိုတဲ့ အသိခြောက်မျိုး၏ပိုင်ရှင်ဖြစ်ခဲ့ပြီးသူသည် အသိဓာတ်ခြောက်မျိုးကို အလကားမထားဘဲ အမြဲတစေ အသုံးပြု၍နေရမှ ကျေနပ်မြဲဖြစ်သည်၊

သူ၏ ဘဝသည်လည်း သူ၏ အသိဉာဏ် အား လျော်စွာ နိမ့်တုံမြင့်မြင့်တုံ ဖြစ်ခဲ့ရလေပြီ၊

ယင်းသို့ ဖြစ်နေစဉ် တဖြည်းဖြည်းတစတစနှင့် အခြားသော တောက်ပြောင်တဲ့ အနုမာနတရပ်သည် လူသား၏ စိတ်ဓာတ်တွင်းသို့ ဝင်ရောက် ကပ်မှီခဲ့လေပြီ။ ၎င်းကား အခြားမဟုတ်။ ဝိစာရဉာဏ်ပင် ဖြစ်သည်။

ထိုအခါ သူသည် ဆင်ခြင်စဉ်းစားမှု ပိုင်းခြားဝေဖန်မှုကို ပြုလုပ်၍ လာလေတော့သည်၊ သူသည် လူသားမှာ စွဲကပ်နေတဲ့ ရောဂါတခု၏ အကြောင်းရင်းမြစ်ကို ပထမဦး စိစစ်ရှာဖွေခဲ့ပြီး၊ ထိုနောက်မှ ထိုသည့် ရောဂါကို ပျောက် ကင်း စေ နိုင် တဲ့ ဆေးဝါး ဓာတ်စာတို့ကို မူလ ထမ်းရိုး ထမ်းတောင်း အတိုင်း မဟုတ်ဘဲ တနည်းတဖုံ စူးစမ်းရှာဖွေခဲ့လေပြီ။

ထိုသို့ ရှာဖွေတဲ့အခါမှာ လူသား၏ ရောဂါဝေဒနာဖြစ်ကြောင်းများတွင် နတ်ဘုရားနှင့်နတ်ဗိန္ဒာအများတို့၏ ပယောဂ မပါကြောင်းကို အခိုင်အလုံတွေ့ရှိခဲ့လေပြီ၊ ယင်းသို့ မပါရှိခြင်းကြောင့် လူသား၏ ရောဂါအနာ ပျောက်ကင်းကြောင်း ဖြစ်တဲ့ ဆေးဝါးကို ထုးထောင်းရာ၌လဲ နတ်ဘုရားနှင့် မဘရိနတ်မင်း

ထိုဓါတ်ပါဝါကို ဆေးဖက်ဝါးဖက်အဖြစ်ဖြင့် အသုံးပြုရန် မလိုတော့ပြီဟူ၍ ဆုံးဖြတ်ချက် ချမှတ်လိုက်လေပြီ။

လူသားသည် ပထမဦးစွာမိမိကိုယ်ကာယကို မိမိကိုယ်တိုင် လေ့လာသုံးသပ်ခဲ့သည်၊ စဉ်းစားဝေဖန်ခဲ့သည်။

ယင်းသို့ သုံးသပ်လေတော့တဲ့အခါမှာ မိမိကိုယ်တိုင် ကျန်းမာဝပြိုးအင်အားတို့၍သက်ဆိုးရှည်စွာနေရခြင်းနှင့်တကွ ကျန်းမာရေးချို့တဲ့၍ အသက်တိုရခြင်းတို့၏အကြောင်းရင်းများကို တွေ့မြင်ခဲ့လေပြီ။

မိမိ၏ ရုပ်ကာယကို စိမ်းစို နုဖတ်၍ လန်းလန်း ဆန်းဆန်း ရှိရေးအတွက် မှန်သော အစားအစာ ရေ၊ လေတို့လိုကြောင်းကိုပါ သိမြင်ခဲ့လေပြီ။

ထိုမှတဆင့်တက်ခါ လူသားသည် ထိုထို မိမိစားသောက်ရှုရှိုက်သော ကိစ္စသုံးရပ်ကြောင့် ကျန်းမာ ဝပြိုး၍ သက်ဆိုးရှည်ခြင်းနှင့် ရောဂါအနာ စွဲကပ်ခါဖြင့် ချုချာလိုက်မို အသက်တိုရခြင်းဖြစ်သည်ဟု မြင်သိမြန်လေသည်။

ထိုသည့်အစာ၊ ရေ၊ လေတို့ကား အဘယ်မှာ တည်ရှိကြကုန်သနည်း။

ယင်းတို့သည် အပြင်ပဖြစ်သော ဗဟိဒ္ဓကပ္ပါလောကတွင် တည်ရှိကြကုန်သည်။ ထိုဗဟိဒ္ဓကပ္ပါလောကရှိ အစာ–ရေ–လေ–တို့သည် လူသား၏ရုပ်ကာယကို အကျိုးပြုတတ်တဲ့ သဘာဝနှင့် အကျိုးဖျက်သဘာဝ နှစ်မျိုးလုံးကို ဆောင်ကြကုန်သည်။

ဆိုလိုရင်းကား-လူသားနှင့်သင့်လျော်သော(ဝါ)မသင့်လျော်သော သဘာဝတရားရှိကြကုန်၏ဟုဆိုလိုသည်၊ လူသားအတွက်



ဆေးဖြစ်စေတတ်သော အစာ-ရေ-လေကိုသာ လူသားတအသုံးပြု၍ ဘေးဖြစ်စေတတ်သော အစာ-ရေ-လေတို့ကိုမူ လူသားကရှောင်ကြဉ်ရပေမည်၊ ယင်းသို့လူသားကိုယ်တိုင် ဉာဏ်ပညာဖြင့်ဆင်ခြင်သုံးစွဲမှု၊ ရှောင်ကြဉ်မှု နှင့်ချက်ပြုလုပ်ခြင်းကြောင့် လူသား၏ ကိုယ်ကာယ၌ တိုးတက်မှုနှင့် ကျိုးပျက်မှုများ ဖြစ်သည်ဟူ၍ လူသားကိုယ်တိုင် သိမြင်ရှိသာလေသည်။

ထိုအခါကျွန်ုပ်တို့၏ လူသား သမားတော်ကြီးများ ခေတ်စားလာလေသည်၊ လက်ဦး အစ ပထမဦးသော်ကား ကျွန်ုပ်တို့၏ သမားတော်ကြီးများဟာ အလွန် ရိုးနဲ့ကြကုန်၏၊ ယခုခေတ်ပေါ် သမားတော်အဆင့်သို့ မရောက်ကြသေးသောကြောင့် ရိုးရိုးအအတွေတဲ့ဟု ထင်မြင်ခြင်းကိုခံရလေသည်၊ သို့ရာတွင် ယင်းတို့သည် ဘုရားကုသရာကြီး များထက်တော့ အများကြီး ပိုမို၍ရောဂါ၏ အကျိုးအကြောင်းကို ဝေဖန်နိုင်ကြကုန်၏၊ ဆေးဝါးတို့၏ ကျိုးရှိနှင့်ပြစ်ရှိကို တိတိကျကျ ဝိစန်နိုင်ခဲ့ကြကုန်၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ သမား တော် သည် ရောဂါသည်ဖြစ်သော လူမမာ၏အိပ်ရာဘေးသို့ တဖြည်းဖြည်းမှန်မှန်အမြန်ရောက်ရန်အားထုတ်နိုင်ခဲ့လေပြီ။

နောက်ဆုံးတွင် လူသားသည်လည်း မိမိ၏နာမကျန်းသောရုပ်ကာယကို ဆရာဝန်ခေါ်တဲ့ သမားတော်၏ လက်သို့ စိတ်ချလက်ချ လွှဲအပ်နိုင်လောက်အောင် ထိုမျှ ပါးနပ်၍ လာခဲ့စေကာ မိမိ၏ စိတ်ဝိညာဏ်ကိုတော့ ဘာသာရေးဆရာတို့၏ လက်ထဲမှာတဲ့ ဆက်လက်၍ ထားနိုင်လောက်အောင် ရိုးကျက်ပင်ရှိနေချေသေးသည်။

ယနေ့ဗုံဗိုးခေတ်၌ပင် အချို့အရပ်ဒေသများ၌၊ ဘုရားကကို အားပြုနေသူတွေ အသင်္ချေအနန္တရှိလျက် နေကြကုန်သေးသည်၊ သို့သော်ထိုသို့သော နယ်ပယ်တို့၌ ဘုရားကုဆရာကြီးအများပင် သူတို့ကိုယ်မှာ ရောဂါဝေဒနာကပ်ရောက်လာတဲ့အခါမှာ မိမိတို့ရဲ့နည်းကိုအသုံးမပြုကြကုန်ဘဲ သမားတော်ဆရာဝန်ကို ခေါ်ယူကုလေပြီ၊ ကိုယ့်ဆေးကို ကိုယ်တိုင်ကတော့ အားကိုးသမှု မပြုကြလေတကား၊ အဘယ်ကြောင့်နည်း။

ယနေ့ကား ခေါက်လှည်းခေတ်ကုန်ပျောက်၍ ဒုံးပျံခေတ်သို့ ရောက်ခဲ့ပြီ။ လူသား၏ စဉ်းဆင်ဝေဖန်ဉာဏ်လည်း အဆမတန် တိုးတက်ခဲ့ပြီ။

ထိုသို့ တိုးတက်လာသော လူသား၏ ဝိစာရဏဝီမံသဉာဏ်သည် ရှေးခေတ်ကဘာသာရေးတယူသန်ဝါဒများက တဖြည်းဖြည်း လွှမ်းမိုး၍ ကြီးစိုးလာပြီ ဖြစ်ရာ ထိုသည့် စဉ်းစားဉာဏ်ရှင်ဖြစ်တဲ့ မည်သည့်လူသားမျှ မကောင်းသောနတ်ဆိုးနတ်ဝါး၊ နတ်မိစ္ဆာအများတို့၏ ဖမ်းစားမှုကြောင့် လူသား ကိုယ်ကာယတွင် အနာရောဂါ ဝင်ရောက်ပူးကပ်လာသည် ဟူ၍ မယုံကြည်ကြတော့ချေ။

နောက်ဆုံးတွင်လူသားပညာရှင်သည် ၎င်းတို့ တကယ် မရှိ ဟူသော အချက်ကိုပင် သံသယဖြစ်၍ လာလေပြီ၊ ထို့ကြောင့် ယင်းသို့သော ယုံကြည်ချက်များကို ပက်ပက် စက်စက် ပယ်ဖျက်စွန့်ပစ်ခဲ့လေပြီ။

လူသား၏ရုပ်ကိုယ်၌ အနာရောဂါ ဖြစ်ပေါ်လာလျှင် ၎င်း၏ ဖြစ်ကြောင်းကို စိစစ်ရှာဖွေရမည်၊ တွေ့သော် ၎င်းကိုပျောက်



ကင်းစေနိုင်တဲ့ ဆေးကောင်းဝါးကောင်းကို ရှာဖွေရမည်၊ ၎င်းကား အပြင်ကမ္ဘာလောက၌ သုံးလို့မကုန်၊ ယူလို့မခမ်း အနန္တ ကမ်းတည်ရှိနေသည်၊ သဘာဝ ပစ္စည်းများသည် သိသူအတွက် ဆေးဖက်ဝင်ချည်းပင် မဟုတ်တုံလော။

## စာပေပညာ

ကမ္ဘာ့စာပေပညာဆိုင်ရာ၌လည်း (၁)ဘုရားစာပေ၊(၂) လူသားစာပေဟူ၍ နှစ်မျိုးပင် ကွဲပြားခဲ့သည်၊ ၎င်းနှစ်မျိုးတို့တွင် ဘုရား စာပေကား ဘာသာအသီးအသီးဆိုင်ရာ ထာဝရဘုရားနှင့် ထိုဘုရား၏ အမိန့်တော်အရ လူ့လောကသို့ ကြွလာသော တမန်တော်(သို့မဟုတ်)ကိုယ်စားလှယ်တော်များက ဟောပြခဲ့သော တရားအစုဖြစ်သည်၊ ခရစ်ယာန် ဘာသာဝင်များအတွက် ဓမ္မဟောင်းဓမ္မသစ် နှစ်မျိုးလုံးကို အကျုံးဝင်သော သမ္မာကျမ်းစာသည် ဘုရားစာပေ ဖြစ်သည်၊ ကိုရအန်ကျမ်းစာသည် ပသီလူမျိုးများ အတွက် ၎င်းဝေဒနှင့် ဗေဒင်ကျမ်း အများတို့သည် ဟိန္ဒူတို့အတွက်၎င်း၊ ပိဋကတ်သုံးပုံနှင့် နိကာယ် ငါးရပ်သည် ဗုဒ္ဓဘာသာဝင်တို့အတွက်၎င်း၊ ထိုနည်းအတူပင် ဘုရားစာပေ များဖြစ်ကြကုန်ပြီ။

ထိုသည့် ဘုရားစာပေများသည် အမှားနယ်ကို အမြဲတစေ လွန်မြောက်၍နေသည်ဟု ကမ္ဘာ့သူ ကမ္ဘာ့သား လူအများတို့က လေးစားယုံကြည်၍ လာခဲ့ကြကုန်၏။

ထိုပြင် အက္ခရာစာလုံး မပေါ်မီအခါက ပေါ်ပေါက်ခဲ့သော စာပေများ ဖြစ်သည်ဟူ၍လည်း အခိုင်အမာ ယုံကြည်ကိုးစား၍ လာခဲ့ကြကုန်၏။

ထိုစာပေတို့ကား ကြွင်းမဲ့ ဥဿုံ အဖက်ဖက်မှ အကုန်သုံး ပြည့်စုံကြကုန်သည်၊ ထို့ကြောင့် လူသားတို့၏လက်ဖြင့် ထပ်မံ၍ ဖြည့်ရန်၊ စွက်ရန်မလို ပြင်ရန်၊ ဆင်ရန်မလိုဟူ၍ အဆိုပြုကြကုန်၏၊ သို့ရာတွင် ခက်နေပါတာခုက ဘာသာဝင် အသီးသီးတို့သည် မိမိတို့ ယုံကြည်တဲ့ ဘုရားစာပေမှတပါး အခြားဘာသာဝင်တို့ယုံကြည်တဲ့ ဘုရားစာပေတို့ကို မိစ္ဆာဒိဋ္ဌိစာပေ (ဝါ) အမှားစာပေဟု တပ်ပွန်းတပ်နေခြင်းပင် ဖြစ်သည်၊

ရှင်းဦးအံ့ ခရစ်ယာန်ဘာသာဝင်တို့သည် သမ္မာကျမ်းမှတပါး ဖြစ်သော ကိုရအန်ကျမ်းစာ ဝေဒနှင့်ဝေဒါကျမ်း နိကာယ်ကျမ်းစာတို့ကို အမှားစာပေစာရင်း၌သာ အမြဲသွတ်သွင်း၍ ထားလိုကြကုန်၏။

အခြား ဘာသာဝင်တို့ကလဲ ထို့အတိုင်းပင် ပြန်လည် ပြောဆို၍ ယုံကြည်နေကြကုန်၏၊ သို့ဖြစ်လျှင် လူသားသည်အမှန်စာပေကို အဘယ်မှာသွား၍ရှာရမည်နည်း။

ဤသို့ လေးနက်စွာ ယုံကြည်ကြခြင်းကြောင့် ကမ္ဘာလောကရှိ ဘုရားစာပေ အားလုံးတို့သည် တည်မြဲဆဲသော ဖြစ်ကြကုန်၏ဟူ၍ အတိအကျဆိုနိုင်ပေသည်၊ နောက်ထပ်ဖြည့်စွက်မှု၊ မွမ်းမံပြင်ဆင်မှုတို့ကို လက်မခံသောကြောင့်ပင်တည်း။

သို့ဖြစ်ရာ ဘုရားစာပေအားလုံးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀နှင့် ၂၅၀၀ကျော်ကအတိုင်းပင် တည်ရှိကြကုန်၏၊

မည်မျှ ထူးချွန်သော ပုဂ္ဂိုလ်မွန်မျှ ဘုရားစာပေကို ပြင်ဆင်မွမ်းမံရန်ဖြစ်စေ (သို့မဟုတ်) ထပ်မံ ဖြည့်စွက်ရန် ဖြစ်စေ မစွန့်



စားခဲ့ဘူးချေ၊ အကယ်၍ရဲရဲဝံ့ဝံ့နှင့် စွန့်စားသူရှိစေကာ အောင်မြင်ရန်လမ်းစကား အမြဲတင်းစပ်လျက်သာနေချေမည်။

အဘယ်ကြောင့်နည်း၊ ဘာသာ အသီးသီးဆိုင်ရာ ဘာသာဝန်ဆောင် ပုဂ္ဂိုလ်ကြီးတို့သည် မနည်းသော (ဝါ) ကြီးမားလှသော သဒ္ဓါစေတနာ လုံ့လဝီရိယတို့ဖြင့် သက်ဆိုင်ရာ ဘုရားစာပေများကို မူရင်းမပျက် အဆက်ဆက် တည်မြဲ ဖြစ်စေရန် အတန်တန် သံဂါယနာတင်ခြင်းတို့ဖြင့် စည်းသတ် စောင့်ထိန်းခဲ့ကြသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ ဘုရားစာပေတို့သည် မူရင်းအတိုင်းသာ တည်မြဲနေကုန်၏ဟူ၍ လူအများတို့ယုံကြည်၍နေခဲ့ကြလေပြီ။ သို့ရာတွင် တဘက်ကိုမြော်၍ကြည့်ပါဦး၊ အခြားတဘက်က လူသား၏စာပေကား ကမ္ဘာလောကကြီး တိုးတက်နေသည်နှင့် အမျှ စိုရိုနိုင် လိုက်၍ ဖွံ့ဖြိုးနေသည်၊ ခေတ်တခေတ်ပြောင်းတိုင်း လူသား၏ စာပေနယ်၌ အသစ်အသစ်ဖြစ်သော ကျမ်းစာတွေ တိုးပွားများပြား၍လာချေသည်။

အတွေးသစ်၊ အခေါ်သစ်၊ အကြံသစ်၊ ဉာဏ်သစ်နှင့် ပြည့်စုံသော စာသစ်၊ ပေသစ်များ မပြတ်မလပ် ထွက်ပေါ်လာခြင်းဖြင့် လူသား၏ စာပေ နယ်သည် အကျယ်ကြီး ကျယ်ခဲ့လေပြီ၊ အပိုင်းအခြား အတန့်အသတ်ကို ကျော်လွန်၍ သွားခဲ့ပြီ ဖြစ်ရာ သမုဒ္ဒရာ ရေပြင်ကဲ့သို့ အနန္တ အသွင်ကို ဆောင်လျက် နေချေပြီ။

လူသားသည် မိမိ၏ အကြံသစ် ဉာဏ်သစ်တို့ဖြင့် စာသစ်၊ ပေသစ်များကို ဖေါ်ထုတ်ခဲ့သည်၊ လူသား အသိ အသိက

စာသစ်၊ပေသစ်များကို လေ့လာခြင်းဖြင့် ထိုထို စာသစ်၊ ပေသစ်တို့၌ ပါဝင်သော အကြံသစ်၊ ဉာဏ်သစ်များကို အကောင်အထည်ဖော်နိုင်ခဲ့လေပြီ။

လူသား တီထွင်လိုသော ဒုံးပျံများ၊ ဂြိုဟ်တုများနှင့် အာကာသယာဉ်များတို့ ဥဒါဟရုံပြု၍ကြည့်ရှုနိုင်လေသည်။ ယနေ့ လူသားသည် ရှေးခေတ်ဟောင်း စာပေတို့၌ လူ့လောကသားများ မတတ်နိုင် (ဝါ) မရောက်နိုင်ဟု ဆိုထား လက်မှိုင်ချခဲ့ရသော အနန္တကောင်းကင်ရှိ ဂြိုဟ်များနှင့် ညအချိန်ပပဝင်းတဲ့ လမင်းကြီးထံအရောက်သွားနိုင်ရန်ကြိုးပန်းလျက်နေချေပြီ။

သို့ဖြစ်ရာလူသားစာပေသည် တိုးတက် ဂုဏ်းဝင်ဖြစ်၍ ၎င်းကားရေသေ (ဝါ) တည်မြဲသဘောမဟုတ်ဘဲ ရေရှင်(ဝါ) တိုးတက်သဘောဖြစ်ကြောင်း ထယ်ပြင် ဆင်သွားဖြစ်ခဲ့ပြီ၊ လူသားသည် စာပေ တိုးတက်သလောက် အတွေးအခေါ် တိုးတက်လာခဲ့သည်၊ အတွေးအခေါ် တိုးတက်သလောက် စူးစမ်းရှာဖွေခဲ့သည်။

ယင်းသို့မနေမနား အသက်ဆံဖျား စူးစမ်း ရှာဖွေခြင်းကြောင့် လူသား၏နေထိုင်သွားလာရာဖြစ်တဲ့ မြေပြင်၊ရေပြင်နှင့် ကောင်းကင်တို့သည်း ပိုမိုကျယ်ပြန့်၍ လာခဲ့လေသည်။

လူသုံး ပစ္စည်းများလည်း မတန်မဆ တိုးပွား လာခဲ့သည်၊ ထိုတို့ကျွင်းကျင်းနှင့် လိုရင်းကိုရေးရလျှင် ဣန္ဒြိယဗဒ္ဓ ရုပ်လောကနှင့် အနိန္ဒြိယဗဒ္ဓရုပ်လောကလို့ ဆိုအပ်တဲ့ သက်ရှိနှင့် သက်မဲ့လောကအတွင်းသို့ လူသားကိုယ်တိုင် ခြင်းနင်းဝင်ရောက်၍ မွှေနှောက် ရှာဖွေလျက် ရှိနေချေပြီ၊



ယင်းသို့ရှာဖွေ၍ တွေ့ရှိသမျှသော ဝတ္ထုပစ္စည်းများကို လူသားအတွက် အကျိုးဖျက်လုပ်ငန်းများတွင် အသုံးမပြုကြဘဲ လူသားကျိုးရ လုပ်ငန်းများ၌သာ သုံးစွဲဘို့အတွက် လူသားအများစုက ရေးလဲ၍ရေး၊ ဟောလဲဟော၍ နေကြလေပြီ၊ တွေးလဲတွေးပြီး ပြောလဲပြော၍ နေကြလေပြီ။

စာပေပညာကား တခေတ်ပြီးတခေတ် တိုးတက် ကြီးထွားလာခဲ့ရသောကြောင့် ၎င်းခေတ်တိုင်း ခေတ်တိုင်းမှာလဲ အဖြည့်ခံခဲ့ရသောကြောင့်၎င်း၊ ယနေ့ခေတ် ၎င်း၏ ဗုဒယ အကျယ် အမြင့်တို့သည် မချင့်နိုင်လောက်အောင် ကျယ်ပြန့်-ကြီးထွား မြင့်မားသောအနေသို့ ဆိုက်ရောက်လျက်နေလေပြီ။

စာပေသည် လက်ဦးမဆွ စတင်ပေါ်ထွန်းလာတဲ့ နေ့မှစ၍ အရပ်အနားကို မသိဘဲ တအိအိ ချီတက်လာခဲ့သည်၊ ယင်းသို့ ချီတက်လာခဲ့ရာတွင် ကမ္ဘာ၏ လူမျိုးအသီးသီးတို့ ကိုးကွယ်ရာ ဘုရားအဆူဆူကို၎င်း၊ ထိုထိုဘုရားဘွဲ့ခံ ခေါင်းဆောင် ပုဂ္ဂိုလ်ထူးကြီးများ၊ ဟောကြားခဲ့တဲ့ တရားဒေသနာအစဉ်တို့ကို၎င်း၊ ခေတ်အမျိုးမျိုးတို့၌ တန်ခိုးလက်၍ အာဏာစက်ပြင်းထန်ကြကုန်သော ပဒေသရာဇ်—ဧကရာဇ် စသော မင်းစိုးရာဇာတို့၏ အကြောင်းအရာများကို၎င်း၊ ထိုထိုပဒေသရာဇ် ဧကရာဇ်တို့ရဲ့ သူ့ကျွန်ငါနိုင် အင်အားပြိုင်ခဲ့ကြသော ကမ္ဘာ့ စစ်ပွဲများကို၎င်း၊ လိုရင်းချုပ်ရသော် ထူးခြားသော လူသား၏ဖြစ်ရပ်နှင့် ကမ္ဘာ၏ ဖြစ်ရပ်များကို၎င်း၊ ယင်းစာပေဆိုတဲ့ ပြတိုက်ကြီးတွင် တွေ့မြင်နိုင်လေသည်။

စာပေ အဆောက်အအုံကြီးသည် (ဝါ)စာပေပြတိုက်ကြီးသည် ဤမျှ အပြော ကျယ်၍ ဤရွေ့ဤမျှ ဒုဒယ်ကြီးထွားပြီး မြင့်မားလှသည်ဟု ယခုအခါ မည်သူမျှ တိကျစွာ မခန့်မှန်းနိုင်တော့ချေ။

သို့ရာတွင်၊ ကမ္ဘာ့ စာပေသမိုင်းစဉ်ကို ပြန်လည် သုံးသပ်လိုက်တဲ့အခါမှာ စာပေသည်လည်း ဖိနှိပ်မှု၊ ချုပ်ချယ်မှု၊ အမျိုးမျိုးတို့ကို၊ အနစ်နာခံကာ၊ တော်လှန်ခဲ့ကြသော စာပေရှင်ကြီးတို့ ဇွဲသတ္တိတို့ကြောင့် ဤမျှ သက်ဆိုးရှည်၍ တိုးတက်ကြီးထွားလာခဲ့ရသည်ကို တွေ့မြင်ရလေသည်။

ကမ္ဘာ့ သမိုင်းတွင် အမှောင်ဖက်သားများ အားကောင်း၍ ကြီးစိုးလွှမ်းမိုးသောအချိန်၌၊ အလင်းဝါဒ၏ မဟာမိတ်များနှင့်ကူဖေါ်လောင်ဖက်များကား အနည်းနှင့် အများ အဖိအနှိပ် အကြိတ် အတောင်းဒဏ်ကို ခံခဲ့ရစမြဲ ဖြစ်ချေသည်။

ယင်းသို့စဉ်လာ ဓမ္မတာဖြစ်၍ အမှောင် ခေတ်များ အတွင်း၌ စာပေ၏တိုးတက်မှုအရှိန်သည် အနည်းငယ်မျှဖင့်နွှေးလေးတန့် ခဲ့စေကာ တခါတည်း ရပ်တန့်၍ကား မသွားခဲ့ချေ။

ဖြေးဖြေးမှန်မှန် ရက်တန့်ရက်တန်နှင့် တိုးတက်လျက်သာနေခဲ့လေပြီ။ ယနေ့ ကမ္ဘာနှင့် လူသားကား အဆမတန် တိုးတက်လျက်နေသည်၊ ယင်းသို့ တိုးတက်သလောက် ကမ္ဘာ့ စာပေလဲ တိုးတက်၍နေသည်၊ ကမ္ဘာ့မြေပြင်ရှိ လူသားအများတို့လဲ လွတ်လပ်ပြီး တိုးတက် နေကြသည်ဟု ဆိုသည်၊ မလွတ်လပ်သေး အချို့လူမျိုးများလဲ တဖြေးဖြေးလွတ်လပ်ကြလိမ့်မည်။



ကမ္ဘာ၌ တိုးတက် ဖွံ့ဖြိုးနေသော နိုင်ငံကြီးများသည် မလွတ်လပ်သေးသော၊ ထို့ကြောင့်လည်း မတိုးတက်သေးသော၊ မဖွံ့ဖြိုးသေးသော နိုင်ငံများကို လွတ်လပ်အောင်၊ တိုးတက်၍ဖွံ့ဖြိုးလာအောင် ကူညီလျက် ရှိကြကုန်၏၊ ဝိုင်းပင်းလျက် ရှိကြကုန်၏။

ယနေ့ကမ္ဘာသည်ဤအဆင့်သို့ ရောက်အောင်အမြင်မှန် ပေါက်နေလေပြီ၊ တိုးတက်၍ နေလေပြီ၊ ဤမြင့်မားလှသော အဆင့်သို့ ရောက်အောင် ကမ္ဘာကို တွန်း၍တင်ပေးသူ လက်သယ်တို့တွင် စာပေသည် ခေါင်းဆောင်ပိုင်းကနေရာကိုယူခဲ့သည်၊ ကမ္ဘာ့စာပေသည် အကြင်တနေ့၌ အပြည့်အစုံ အကုန်သန့်ရှင်းချုပ်ချယ်မှုကင်းတဲ့ လွတ်လပ်ခြင်းကို ရရှိသည်ဖြစ်အံ့၊ ထိုနေ့ ထိုအချိန်၌ ကမ္ဘာ့ လူသား အပေါင်းလဲ အလားတူ လွတ်လပ်ခြင်း၏ အရသာကို မြိန်ယှက်စွာခံစားနိုင်ပေလိမ့်မည်။

ဤမျှသန့်ရှင်း၍ဤမျှအချုပ်အချယ်ကင်းသောလွတ်လပ်မှုကို စာပေ ပြုသူတို့ ရရှိကြပြီသော၊ အေး- ရရှိပါပြီဟု သွက်သွက်လက်လက် ပြန်လည်၍ အဖြေမပေးနိုင်သေးခြင်းမှာ ကမ္ဘာ၏ ရင်နင့်ဖွယ် တရပ်ပင်၊ စာပေရှင်၏ ပဓာန တာဝန်ကား မိမိ ရေးသားတဲ့ စာပေ၏ အမှန်နှင့် အမှား၊ အကျိုးနှင့် အပြစ်ကို စိစစ်ဝေဖန်၍ အမှန်နှင့်ကျိုးရကိုဖေါ်ထုတ်ရန် ဖြစ်သည်၊ လူသားလူတရပ်လုံး၏ အကျိုးပြုစာပေကို ရေးသား ဖြန့်ဖြူးရန် ဖြစ်သည်၊ ယနေ့ စာပေ ပြုစုသူများသည် ဤတာဝန်များထက်ပို၍ တာဝန်သစ်များကို ထမ်းဆောင်၍ နေကြရပြန်သည်။

၎င်းတာဝန်တို့ကား အဘယ်နည်း၊ ဘာသာရေး ဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအာဏာပိုင်များ၏ မျက်နှာကြည်သာမှု၊မကြည်သာမှုကိုပါ ကြည့်ရှုနေရတဲ့ တာဝန်ဖြစ်သတည်း။

ဤတာဝန်ကား ပုလုကွေးလေး မသေးငယ်လှပါ။ စာပေ၏ တိုးတက်မှု အရှိန်ကို ဖမ်းချုပ်ပြီး ဘရိတ် အုပ်ထားသည်နှင့်အတူတူပင် ယနေ့ကပ္ပါစာပေ၏တိုးတက်မှုတွင် ဤဘရိတ်ကလေးတခုသာ ကျန်ရှိနေပါတော့သည်။

အဲဒီ အချုပ်အနှောင်ကများ လွတ်ထွက်သွားနိုင်ခဲ့လျှင် စာပေသည် ပြောင်လက် ထွန်းပသော ကပ္ပါ မီးရှူးမီးတိုင်ကြီးတခု ဖြစ်ချေတော့မည်ကား မြေလက်တော်မလွဲပင်။

ယနေ့ကပ္ပါရှိ လူမျိုးအသီးသီးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ စာပေများကို တိုးတက်သည်ထက် တိုးတက်အောင်၊ ခေတ်မီသည်ထက်ပို၍ ခေတ်မီလာအောင် လုံးပမ်းနကြစဉ် တဖက်မှလည်း အချုပ်အချယ်အနှောင်အဖွဲ့များကို အားသွန်ခွန်စိုက် တွန်းလှန် တိုက်ဖျက်နေကြချေပြီ။

ယင်းသို့ မဆုတ်မနစ်သော ကပ္ပါလူသား၏ အားထုတ်မှုပယောဂကြောင့် ယနေ့ ကပ္ပါတိုင်းပြည်နိုင်ငံတိုင်းရှိ ကပ္ပါလူသားတို့၏ စာပေများသည် တားမရ ဒီရေပမာ ကြီးစွာသော အရှိန်ဖြင့် တိုးတက်လျက်နေချေပြီ။

တမန်-တာရိုး အစရှိသော အဆီးအတား အကာအကွယ်များကို တခုပြီးတခု ဖြိုချက်ဖယ်ရှားပြီး အစစ်အမှန်ဖြစ်သော စာပေ၏ လွတ်လပ်ရေးပန်းတိုင်သို့ အရောက် ချီတက်လျက်နေချေပြီ။



လူသားသည် သဘာဝအားဖြင့် လွတ်လွတ်လပ်လပ် သူ၏ မနောကံ လုပ်ငန်းကိုဆောင်ရွက်နိုင်ခွင့်ရရှိခဲ့သည်၊ မနောကံလုပ်ငန်း ဆိုသည်ကား တွေးတောမှု၊ စဉ်းစားမှု၊ ကြံစည်မှုပင် ဖြစ်သတည်း၊ သူသည်အပြင်ပမှ အချုပ်အချယ်တစုံတရာကိုမျှ မခံရဘဲ တွေးတောစဉ်းစားနိုင်သည်၊ တိတိကျကျဆိုရလျှင် လူသား၏ တွေးတောမှုကို မည်သည့်အာဏာပိုင်မျှ မချုပ်ချယ်နိုင်ချေ။

ထို့ကြောင့်လည်း လူသားသည် ၎င်း၏အတွေးနယ်ကို ကျယ်သမျှ ကျယ်အောင် ချဲ့နိုင်ခဲ့လေပြီ၊ လူသား၏ ကာယကံ-ဝစီကံတို့ကား မနောကံကဲ့သို့ လွတ်လပ်ခွင့်ကို မရရှိကြချေ။

လူသားသည် လွတ်လပ်စွာ တွေးတော ကြံစည် နိုင်ခွင့်ကို ရရှိသည်ကား မှန်၏၊ သို့ရာတွင် သူ၏ အတွေးအခေါ်များကို ရုပ်လုံး ဖော်ရာ၌မူကား သူသည် ဟန့်တားမှု၊ ချုပ်ချယ်မှု အမျိုးမျိုးတို့နှင့် ဒိတိုးရင်ဆိုင်၍နေရလေပြီ၊ လူသား၏တွေးတောကြံစည်ချက် အားလုံးကို ကာယကံ မြောက်၊ ဝစီကံ မြောက် ရုပ်လုံးဖော်ရန် (သို့မဟုတ်)စကားနှင့် စာပေတို့ဖြင့် ထင်ပြရန် အခွင့်အရေးကို အပြည့်အစုံ လူသား မရသေးဟု ဆိုလိုသည်။ အတွေးသည် စကားနှင့် စာပေတို့၏ မိခင်ဖြစ်သည်၊ မိခင်ကား အကြွင်းမဲ့ လွတ်လပ်ရေးကို ရရှိနေသူဖြစ်သည်၊ သို့ကို မည်သည့် ကပ္ပါ၌ မည်ကဲ့သို့သော တန်ခိုးရှင်၊ အာဏာရှင်မျှ ချုပ်ချယ်ခြင်းငှာ မစွမ်းနိုင်ခဲ့ချေ။

ထို့ကြောင့် လူသားသည် ထင်သလို တွေးတောကြံစည်နိုင်ခွင့်ကို ခေတ်တိုင်း၌ အပြည့်အဝ ရရှိခဲ့လေပြီ၊ လူသားသည် မိမိ၏အတွေးကို အကောင်အထည်ဖော်ရာ၌ ရှေးဦးစွာ စကား

ကို အသုံးပြုခဲ့သည်၊ အဓိပ္ပါယ်ကား ဒိဋ္ဌိတွေးတော ကြံစည်သမျှ ကို နှုတ်ဖြင့် ဖွင့်ထုတ်၍ ဟောပြောခဲ့၏ဟု ဆိုလိုသည်။

အတွေးသက်သက်မှာ အတွေးရှင်မှတပါး အခြား ကမ္ဘာသူ ကမ္ဘာသားတို့အား အကျိုးမပြုနိုင်ချေ။

သို့ရာတွင် အတွေးကို စကားဖြင့် ဖော်ထုတ်လိုက်တဲ့အခါ နားရှိသော အခြား လူသားများ အတွက် အကျိုးတရားများ ပေါ်ထွက်လာရသည်၊ ထို့ကြောင့်ပင် ရှေးပဝေသဏီခေတ်၌ အဘိဓမ္မာဆရာကြီးအသီးအသီးတို့ဟာ ကိုယ့်အတွေးကိုယ့်ဝါဒ၏ နယ်ပယ် ကျယ်ပြန့်စေရန် ကမ္ဘာချွင် ပြိုပြိုခင်အောင် ခြေလျင်လှည့်လည်၍ ဟောပြောခဲ့ကြသည် မဟုတ်လော။

ဒါပေမယ်လို့ ယင်းသို့ ဟောပြောသော စကားသည်လည်း ပြောသူ၏ နှုတ်များဖြင့်ပင် ချုပ်ငြိမ်ပျောက်၍ သွားမြဲ ဖြစ်သည်၊ ထို စကားကို ကြားနာသူများအနက်မှ မှတ်ဉာဏ်ကောင်းသူ၊ သတိ ကောင်းသူ အချို့ကသာ တဆင့်ပြီး တဆင့် ပြောဟော၍ သွား ခြင်းကြောင့် ကျယ်ပြန့်၍ သွားခဲ့သည်၊ အဆင့်ဆင့်များလာတဲ့ အခါမှာ နားမလည်းမှု၊ နားမရှင်းမှု၊ အမှတ်ချော်မှု၊ သတိချို့ ယွင်းမှုများကြောင့် မူလစကားဟု ဆိုအပ်တဲ့ ဟောပြောချက် တွင် အမှားအယွင်းတွေဝင်လာနိုင်သည်၊

ထို့ကြောင့် ၎င်းဟောကွက်ကို ဖြည့်စွက်နိုင်ရန်အလို့ငှါ ရှေးလူ တို့သည်၊ အက္ခရာ စာလုံးများကို တင်၍ တီထွင်ခဲ့ကြလေပြီး ယင်းသည့်နောက်၌ လူသားသည် မိမိ၏အတွေးအခေါ်များကို ကာလကြာင်တာ၊ အရှည်ကြီးကြာအောင် တည်နိုင်စေရန် ပေ ထက်အက္ခရာသို့ တင်ခဲ့သည် (ဝါ)စာဖြင့် ရေးသားခဲ့သည်။



ထို့ကြောင့်ပင် ယနေ့လူသားသည်၊ ရှေးခေတ် လူသား၏ အတွေးအခေါ်များကို သိနိုင်ခဲ့သည်မဟုတ်လော ?

ဤနေရာ၌ စကားနှင့် စာပေတို့၏ လွတ်လပ်မှု ပြည့်ဝသော် သာလျှင်၊ ရှေးအဘိဓမ္မာဆရာကြီးတို့ရဲ့ အတွေး တိုင်းတိုင်းပင် ဟု ကျွန်ုပ်တို့စိတ်ချလက်ချ ယုံကြည်နိုင်ပေလိမ့်မည်။

ကမ္ဘာသူကမ္ဘာသားအတွက် ရင် နင့် စ ရာ အချက်ကတော့ ဘာသာရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အာဏာပိုင်များက ထိုသည့်စကားနှင့် စာပေလွတ်လပ်မှုကို အပြည့်အဝ တိတိကျကျ ရက်ရက်ရောရော၊ ဒလဟော အခွင့်ဖါခွင့်မှောက်မပေးနိုင်သေး ခြင်းပင်ဖြစ်သည်။

အတွေးကား ပကတိအားဖြင့်ပင် လွတ်လပ်၏၊ အားလုံး သောအချုပ်အချယ်အဟန့်အတားတို့မှကင်း၏၊ လူသားသည် မိမိ၏စိတ်တွင်း တွေးချင်သလို တွေး နိုင် သော ကြောင့်တည်း။

သို့ရာတွင် လွတ်လပ်သော အတွေးဓါတ်မှ မီးရှူးသန့်စင်လာ ကြသော စကားနှင့် စာပေတို့ကား ယနေ့ ကမ္ဘာ၌ ပြည့်ဝ သော လွတ်လပ်မှုကို မရရှိကြသေးချေ။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းရှိ လူသား အပေါင်းတို့သည် စကားနှင့်စာပေ- လွတ်လပ်ရေးကို ကမ္ဘာသားတိုင်း ရရှိခံစား နိုင်ရန်အလို့ငှါ အရေးဆိုလျှက်ရှိကြလေပြီ။

ဤနေရာ၌

၁။ လူသားကျိုးပြုအတွေး၊

၂။ လူသားကျိုးဖျက်အတွေးဟူ၍ နှစ်မျိုး နှင့်စား အတွေး ကို ခွဲခြားနိုင်သည်၊ ရှင်းနှစ်မျိုးတို့တွင် နံပါတ် (၂) ပြခဲ့တဲ့လူ

သားကျိုးဖျက်အတွေးကား ယနေ့ကပ္ပါ၌ တခုမစားတော့ချေ။ အဘယ်ကြောင့်နည်း၊

ယခုခေတ်ဖွားတဲ့ ယနေ့လူသားသည် မွန်မြတ်မှန်ကန်သော အတွင်းအထိပ်ဖြစ်သော ယဉ်ကျေးမှု အဆင့်အတန်းသို့ တက်လှမ်း ရောက်ရှိနေပြီဖြစ်ရာ ကျိုးရနှင့်ပြစ်ရှိကို တိကျ ပြတ်သားစွာ ပိုင်းခြားဝေဖန်နိုင်ခဲ့ပြီ။

ထို့ပြင်ကျိုးဖျက်တွေးတောမှုမှ ပေါက်ပွားဖြစ်ပေါ်လာမည့် ကျိုးဖျက်စကားနှင့် စာပေတို့ကို၊ လုံးဝ အားပေးတော့မည် မဟုတ်သောကြောင့်တည်း၊

ထိုသို့သော စာပေတို့ကို အမြတ်စေ၊ လျစ်လျူရှု၍ ထားပေတော့မည်၊ ယင်းသို့ထားလိုက်လျှင်၊ ထိုကဲ့သို့သော စာပေမျိုးများ တဖြည်းဖြည်းတစတစထိမ်ကော မပျောက်၍သွားပေလိမ့်မည်။

ထိုအခါ လူသားကျိုးပြုစာပေများတားမရ- ဒီရေပမာကြီးစွာသော အဟုန်ဖြင့် တိုးတက်ကြီးထွား၍ လာကြပေလိမ့်မည်၊

ကပ္ပါအနှံ့အပြား ပြန့်ပွား၍ သွားကြပေလိမ့်မည်၊ ထို့ကြောင့် အတွေးလွတ်လပ်သလို၊စကားနှင့် စာပေ ကိုလည်းတူ မျှတူ လွတ်လပ်ခွင့်ရှိရန် အလွန် မတန် အရေးကြီး လှပေသတည်း။

အတွေးသည် ပကတိအားဖြင့် လွတ်လပ်၏ဟု ကျွန်ုပ်တို့ ဆိုခဲ့ပြီ သို့ရာတွင်လွတ်လပ်သော အတွေးမျှကော သုဒ္ဓမှန်ကန်သော အတွေး ဖြစ်ဖို့ အရေးကြီး ကြောင်းကိုလဲ သတိပြု ရာသည်၊



လွတ်လပ်၍ မှန်သော အတွေးမှ သာလျှင် လူသား ကျိုးပြု စကားနှင့် စာပေပေါက်ဖွား၍လာနိုင်သောကြောင့် ဖြစ်သည်။

မှားယွင်းသောအတွေးသည်၊လူသားကျိုးဖျက်လုပ်ငန်းတို့ကို ခေါကြမ်းတွန်းပြီး ဟွန်းမပေးဘဲ လုပ်ဆောင်၍ သွားပေ လိမ့်မည်။

ထို့ကြောင့် ၎င်းသည် မြန်မာတို့၏ တိုး တက် ရေး လမ်း၌ အကြီးဆုံးသော အနှောက်အယှက် ဖြစ်ပေလိမ့်မည်၊ လွတ်လပ် ကျိုးရှိ နှစ်ဖက်မိသော အတွေးမှထွက်ပေါ်လိုက် သော စကားနှင့် စာပေတို့ကား လက်တွေ့ အားဖြင့် လူသား နှင့် လူ့ အစည်း အရုံးကြီး တခုလုံးကို မြန်မာ့ဘို့ရှယ်လစ်ပန်းတိုင်သို့ အရောက် ပို့ဆောင်ရာ၌ အများဆုံး အကြီးဆုံးသော အကူ အညီ ကို ပေးပေလိမ့်မည်။

လွတ်လပ်၍ မှန်သောအတွေးကို မူလတန်း ကျောင်းမှစ၍ မျိုးစေ့ချရန်လိုသည်၊ ထို့ကြောင့် ထိုကျောင်း များ သည် ကာယ လွတ်လပ်၍ မှန်ကန်သောပညာကို ပေးဝေရာ ဌာနများ ဖြစ်ရပေမည်၊ အတွင်းအထိပ်နှင့် မရှိစွဲတွေကို ဖြန့်ဖြူးရာ ဌာန များ မဖြစ်သင့်ချေ။ ကျောင်းဆရာများသည် လည်း ကာကယ လွတ်လပ်သူနှင့် အမှန်တရား ဖြန့်ဝေသူများသာ ဖြစ်သင့်သည်။

သို့ရာတွင် အစွဲအမျိုးမျိုးကို ရင်ဝယ်ပိုက်ပြီးဖြစ်တဲ့ ဆရာများ သည်ရှိကြသေးရာ ၎င်းတို့၏ အစွဲများကို ဆရာဘို့၏ အပန်းဖြေ အခန်း၌ ထားခဲ့ကြပါ၊ စာသင်ခန်း အတွင်းသို့ ယူဆောင်၍ မသွားကြပါနှင့်ဟူ၍သာ ၎င်းတို့ကို တောင်းပန်ရပေမည်။

စင်စစ်မှာ ကလေးသူငယ်များကို သွန်သင်ပေးဌာန ပညာပေး

ရာဇ္ဇာနအားတို့ကို၊ နိုင်ငံတော် အစိုးရက ချုပ်ကိုင်ခြင်းသာလျှင် တခုတည်းသောနည်းမှန် စံနစ်မှန် ဖြစ်ချေသည်။

ဆရာများသည် လွတ်လပ်စွာတွေးတောကြံစည်၍ရရှိသော အမှန်တရားကို၊ ထုပ်ဖေါ်ခြင်းကြောင့် မိမိတို့၏လခလဲမလျှော့ မိမိတို့၏ရာထူး မှလဲမကျဟူ၍ ယုံကြည် စိတ် ချနေနိုင် လောက် အောင်အာမခံချက် တခုသာ လိုသည်၊ ၎င်းကိုရရှိလျှင်၊ အသစ် အဆန်းဖြစ်သော၊ တီထွင်မှုများ၊ လူသားအတွက် အဖက်ဖက် မှအကျိုးသက်သော ပစ္စည်းများ တားမနိုင် ဆီးမရ ပေါ်ထွက် လာကြပေလိမ့်မည်။

ထိုအခါ ဆရာများသည် အတွင်း သမားတော့ဖြစ်၍လာကြ လိမ့်မည်။ ယင်းသို့ ဖြစ်လာသည်နှင့် တပြိုင်နက်၊ တပည့်ဖြစ်သော ကျောင်းသားတို့သည်း ဆရာ၏ ခြေရာကိုနင်း၍ လိုက်လာကြပြီး လျှင် အတွင်းသမားချည့်ဖြစ်၍လာကြရန် သေချာသည်။

ယနေ့ကမ္ဘာ၌ ကြီးပွါး တိုးတက်၍ မိုးကိုတက်ပြီး ဒုနှင့် ဒိုက် နေကြသော လူမျိုးများကို ကြည့်သော်၊ သူတို့နိုင်ငံတွင် အတွင်း သမားများကို အားပေးသည်၊ ချီး ကျူး သည်၊ မြှောက် စား သည်။

ထို့ကြောင့် သူတို့နိုင်ငံက အတွင်းသမား အားသုံးတွင် အားတက်သည်၊ တွင်အားတက်ခြင်းကြောင့် အတွင်း ပစ္စည်း တွေများလာသည်၊ ယင်းကြောင့် ကမ္ဘာ့ထိပ်တန်းသို့ ရောက် ကြ သည်၊ သို့ဖြစ်ရာ လွတ်လပ်၍ တွင်မြင့်သော ကမ္ဘာ့ ထိပ်တန်းရှိ သော လွတ်လပ်နေရာသို့ ယူလိုသော နိုင်ငံသည်၊ အတွင်အ



ယောင်နှင့် ဟန်ဆောင်သမားတို့ကို ကျပင်ခုတ် ကျူခုတ်ကြ ဖယ် ရှင်းသုတ်သင်ပစ်ရန် အားထုပ်ရမည်၊

ထို့နောက်အတွင်းသမားသတ္တက် ပေါ်လာအောင် ကြိုး ပမ်းရမည်၊ ထွက်ပေါ်ပြီးဖြစ်သောအတွင်းသမားတို့ကိုချီးကျူး ရမည်၊ ရှေ့သို့တိုးတက်၍ တမျိုးပြီးတမျိုးဆက်ခါဆက်ခါ တွင် နိုင်အောင်အားပေးရမည်။

ယင်းသို့ တနိုင်ငံလုံးအား စုရုံးညီညာစွာ အတွင်း သမား တို့ကို ဝိုင်းအုံ၍ အားပေးလိုက်ကြလျှင် အချောင် သမားတွေ ဟန်ဆောင်သမားတွေ အလိုအလျောက် ကွယ် ပျောက်၍ သွား ကြမည်အရေးတား မေးခင်မေးစရာ မလိုတော့ချေ။

ဤသို့အားဖြင့် စာသင်ကျောင်းများကို စတင်ပြုပြင်၍ ဆို ရှယ်လစ်အသိနှင့် ပညာကို ကျောင်းသားတို့အား အမြည်အဝ ပေးလိုက်လျှင် မြန်မာဆိုရှယ်လစ်လမ်းစဉ်သည်း အထစ်အငေါ့ မရှိဘဲ ပြောင်မြောက်၍ သွားပေလိမ့်မည်။

ထိုသို့သော ဆိုရှယ်လစ် အသိပညာကို ပေးတဲ့ စာသင် ကျောင်း တို့မှ မွေး ထုတ် လိုက် သော ကျောင်းသားတို့သည် ဖြောင့်မှန်သော ဟန်ဆောင်ခြင်းမှ ကင်းသော အသစ်အဆန်း ဖြစ်သော လူသုံးပစ္စည်းများကိုတွင်ရန် စိတ်အားထက်သန်ကြ သော၊ လွတ်လပ်သော ပြည်သူပြည်သားများ ဖြစ်၍ လာကြ ပေလိမ့်မည်။

အမြင့်ဆုံးနိုင်ငံဝန်ထမ်းမှစ၍ မင်းစေအထိ ဖြစ်သော လူ နည်းစုသည်၎င်း၊ အကြွယ်ဝဆုံးသော သူဌေးသူကြွယ်မှ စ၍ အလုပ်သမားတိုင်အောင်သော လူအများစုကြီးသည်၎င်း၊ ဆို

ရှယ်လစ်အသိနှင့် ဆိုရှယ်လစ်အမြင်ပေါက်နေသူတွေ ဖြစ်လာခဲ့လျှင် မဝေးလှသောအနာဂတ်၌ ကျွန်ုပ်တို့ရဲ့နိုင်ငံ၌လည်း ဆိုရှယ်လစ်စံနစ်ကို အောင်မြင်စွာ တည်ဆောက်၍ မြန်မာလူမျိုးများအတွက် သောကနိဗ္ဗာန်ကို အကောင်အထည်ပေါ် ဖော်ထုတ်နိုင်ပေလိမ့်မည်။

သို့ဖြစ်ရာ နိဂုံးအနေဖြင့် တိုက်တွန်းစကား အနည်းငယ်ပြောကြားရေးသားလိုပါသည်၊ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသည် လွတ်လပ်ပြီးသော နေ့မှစ၍ တိကျမှန်ကန်သော ကြားနေဝါဒကို ကျင့်သုံးခဲ့သည်။

ဆိုလိုရင်းကား-နှစ်ဖက်စွန်းမငြိဘဲ တိကျသော မဇ္ဈိမပဋိပဒါခေါ် မုဒ္ဓ၏အလယ်လမ်းကို ဖြောင့်တန်းစွာလိုက်ခဲ့သည်ဟု ဆိုလိုကြောင်း။ ယင်းသို့ မြန်မာနိုင်ငံ၏ ရပ်တည်မှုမှန်သောကြောင့် အပြင်အပက မဟိဿ ရန်သူဟူ၍ မြူမျှ မရှိနိုင်တော့ပြီဟု သံသယကင်းကင်းနှင့် ရှင်းရှင်းကြီးပြောနိုင်သည်။

အပြင်ပရန်သူ မပူနိုင်လျှင် စေလူလူ မြန်မာတို့၏ စိတ်တိုင်းကျ မြန်မာဆိုရှယ်သစ် စံနစ်ကိုတူထောင်နိုင်လေပြီ။

သို့ရာတွင် ဤစာအုပ်၌ ကျွန်ုပ် ဖေါ်ထုတ်ခဲ့သော မြန်မာလူမျိုးတို့၏ မရှိစွများ၊သည်လည်း ဆိုရှယ်လစ် နိုင်ငံတည်ထောင်ရာ၌ မဝေးသော အန္တရာယ်များ ဖြစ်ကြောင်းကို ကျွန်ုပ်သတိထားဘို့လိုသည်။

ဝရှိစွဆိုသည်ကား- ကျွန်ုပ်တို့၏ မျက်စိ-နား-နှာ-လျှာ-ကိုယ်တို့ဖြင့် မြင်လဲမမြင်ရ၊ ကြားလဲမကြားရ၊ နမ်းလို့မရ၊ လျက်လို့



မရ၊ ထိလို့မရတဲ့အရာတွေကို တကယ်ရှိ၊အဟုတ်ရှိဟု စွဲယူနေခြင်းပင် ဖြစ်သည်၊

ဥပမာ—အောက်မြန်မာနိုင်ငံ၌ ဦးရှင်ကြီး၊ အထက်မြန်မာနိုင်ငံ၌ မြင်းဖြူရှင် - မင်းကြီးမင်းကလေးစသည် ကျွန်ုပ်တို့ရဲ့မြန်မာလူများစုကြီးသည် ၎င်းတို့ကို တကယ်ရှိ၊အဟုတ်ရှိဟု ယုံကြည်နေကြသည်။

ထိုမှတပါး = အခြား ယုံကြည်စွဲလမ်းမှု အနုပ္ပကမ်းကို အကြမ်းအားဖြင့် ဤစာအုပ်တွင်ဖေါ်ထုတ်ခဲ့လေပြီ။

၎င်းမရှိစွဲတွေကို တဖြည်းဖြည်း တစတစ တိုက်ဖျက်ခုတ်ထွင်၍ သုတ်သင်ရှင်းလင်းရန် အားသွန်ခွန်စိုက် ကြိုးစားခြင်းဖြင့်မြန်မာ့ဆိုရှယ်လစ်စနစ် ထူထောင်ရေးကို အားပေး ကူညီကြပါစို့………။

---

မကြာမီ ထွက်ပေါ်လာဦးမည့်

စာအုပ်ထူး ၂၂-အုပ်

သခင်မြတ်ဆိုင်-ရေး

# ဗုဒ္ဓဝိပဿနာ ၂-ကျပ်

# စိဋ္ဌမာဏာ အရှုပ်တော်ပုံ ၂-ကျပ်

သခင်မြတ်ဆိုင်ရေး၊– ရှင်ဥက္ကဋ္ဌနှင့် ကျောက်ကွင်း အရေးတော်ပုံကို ဖတ်ဖူးကြမှာပေါ့၊ ထိုစာအုပ်ထက် ရေးဟန်နှင့် အယူအဆ မည့်၊ ဘယ်မျက်နှာ လှန်ကြည့်ကြည့် ကြည့်တဲ့စာမျက်နှာက ထအုပ်လုံးကို ဆွဲဆောင်သွားပေလိမ့်မည်။

ကိုကိုလေး-ရေး

# ဗုဒ္ဓဝင်စစ်တမ်း

ခေတ်မှီသိပ္ပံနည်းကျ စိစစ်ဝေဖန်အချိန်ယူကာ
ပြုစုထားသဖြင့် အသိရှင်း-အမြင်ရှင်းစေမည့် စာအုပ်ထူး
ပုံနှိပ်နေပြီ။